မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၂ခုနှစ်၊ ကဆုန်လဆန်း ၁၀ ရက်၊ ၂၀၁၀ခုနှစ်၊ ဧပြီ ၂၂ ရက်၊ ကြာသပတေးနေ့၊ အတွဲ (၄၉)၊ အမှတ် (၁၉၉)

နိုင်ငံရေး ဦးတည်ချက်(၄)ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက်(၄)ရပ်

* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက်(၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ အထက်ရဲရွာ ရေအားလျှပ်စစ်စီမံကိန်းတည်ဆောက်ရေးလုပ်ငန်းများနှင့် ရတနာပုံမြို့သစ် တည်ဆောက်ရေးစီမံကိန်းရှိ စက်ရုံများကို လှည့်လည်ကြည့်ရှုစစ်ဆေး

အထက်ရဲရွာစီမံကိန်းကို မြန်မြန်ဆန်ဆန်ပြီးစီးအောင် ကြိုးစားဆောင်ရွက်ရန် မှာကြားလမ်းညွှန်

နေပြည်တော် ဧပြီ ၂၁

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် ဧပြီ ၁၅ရက်တွင် အထက်ရဲရွာ ရေအားလျှပ်စစ်စီမံကိန်း တည်ဆောက်ရေးလုပ်ငန်းများနှင့် ရတနာပုံမြို့သစ် တည်ဆောက်ရေးစီမံကိန်းရှိ စက်ရုံများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို မှာကြားသည်။

ကြိုဆို

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီးသူရရွှေမန်း၊ ကာကွယ်ရေးဦးစီးချုပ်(ရေ)၊

စာမျက်နှာ ၃ ကော်လံ ၁ ❍

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ အထက်ရဲရွာ ရေအားလျှပ်စစ်စီမံကိန်း ရှင်းလင်းဆောင်ရွရပ်မှနေ၍ စီမံကိန်းလုပ်ငန်းဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၁၀ခုနှစ် ဧပြီ ၂၂ ရက်)

အနာဂတ်နိုင်ငံတော်ကို ခိုင်ခိုင်ခံ့ခံ့ လက်တွဲတည်ဆောက် တိုင်းချစ်ပြည်ချစ်စိတ်ရှိသည့် လူကောင်းလူတော်များရွေးချယ်

၁၃၇၂ခုနှစ် မြန်မာ့နှစ်သစ်အခါသမယ၌ ပြည်သူများသည် စိတ်သစ်၊ လူသစ်၊ အားမာန်သစ်တို့ဖြင့် အနာဂတ်ခရီးကို လျှောက်လှမ်းကြရမည်ဖြစ်သည်။

နိုင်ငံတော်အစိုးရသည် တိုင်းရင်းသားပြည်သူတစ်ရပ်လုံး လိုလားတောင့်တနေသည့် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်သစ်ကြီး ဖြစ်ပေါ်လာရေး ရည်မှန်းချက်ကို ဖော်ဆောင်နိုင်ရန်အတွက် အခြေခံလိုအပ်ချက်(၅)ချက်ဖြစ်သည့် လူ့စွမ်းအားအရင်းအမြစ်၊ သဘာဝအရင်းအမြစ်၊ အရင်းအနှီး၊ နည်းပညာနှင့် တည်ငြိမ်အေးချမ်းသောပတ်ဝန်းကျင်တို့ကို အရှိန်အဟုန်မြှင့် တိုးတက်ဖွံ့ဖြိုးလာစေရန် စနစ်တကျ အကောင်အထည်ဖော်ဆောင်ရွက်လာခဲ့ရာ ယနေ့အချိန်အခါတွင် ခေတ်သစ်၊ စနစ်သစ်တစ်ခုသို့ ချောမွေ့ညင်သာစွာ အသွင်ကူးပြောင်းနိုင်ရေးအတွက် ဖန်တီးဖော်ဆောင်ပေးလျက်ရှိသည်။

ခေတ်မီဖွံ့ဖြိုးတိုးတက်ရေးနှင့် တိုင်းရင်းသားပြည်သူများ၏ လူမှုစီးပွားဘဝ စဉ်ဆက်မပြတ် မြင့်မားရေးကို ဦးတည်သည့် တိုင်းကျိုးပြည်ပြုလုပ်ငန်းများကို လုပ်ကိုင်ရာတွင် ကိုယ့်ခွန်ကိုယ့်အားအပေါ် အခြေခံပြီး ကြိုးပမ်းတည်ဆောက်ခဲ့ခြင်းဖြစ်သည်။ ကိုယ်ပိုင်သဘာဝသယံဇာတအရင်းအမြစ်များကို အကျိုးရှိရှိ အသုံးချပြီး ကိုယ်ပိုင်အတတ်ပညာ၊ ကိုယ်ပိုင်စွမ်းအားများဖြင့် တည်ဆောက်နိုင်မှသာလျှင် ရေရှည်အကျိုးခံစားရမည်ဖြစ်ပြီး နိုင်ငံတော်၏ အနာဂတ်အတွက် ခိုင်ခိုင်ခံ့ခံ့ ရပ်တည်နိုင်မည် ဖြစ်သည်။

အနာဂတ်နိုင်ငံတော်ကြီး အရှည်တည်တံ့ခိုင်မြဲရေးအတွက် နောင်လာနောက်သား မျိုးဆက်သစ်များ စိတ်အေးချမ်းသာစွာ နိုင်ငံ့တာဝန်များကို ဆက်လက်ထိန်းသိမ်းစောင့်ရှောက်နိုင်ရန် ဒေသအလိုက် စီးပွားရေးခိုင်မာဖူလုံရေး၊ နိုင်ငံတော်၏ အမျိုးသားရေး၊ စီးပွားရေးတောင့်တင်းခိုင်မာရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေး၊ ကိုယ်ပိုင်အမျိုးသားစွမ်းရည်များ တိုးတက်ရေးတို့ကို အထူးအလေးထား တည်ဆောက်သွားကြရမည်ဖြစ်သည်။

အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်သစ်ကြီးဖြစ်ပေါ်လာရေးအတွက် ချမှတ်ထားသော နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် ခုနစ်ရပ်သည် ဒီမိုကရေစီနိုင်ငံတော်သစ်ကြီး အခိုင်အမာတည်ဆောက်ရေးအတွက် မှန်ကန်လျော်ကန်သည့် နည်းလမ်းဖြစ်သည်နှင့်အညီ အနာဂတ်နိုင်ငံတော်တည်ဆောက်ရေးအတွက် တိုင်းချစ်ပြည်ချစ်စိတ်ရှိသည့် လူကောင်းလူတော်များအား ရွေးချယ်သွားကြရမည်ဖြစ်ပါကြောင်း နှစ်သစ်အခါသမယတွင် တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

- ✻ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✻ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✻ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ✻ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

နေပြည်တော်မြန်မာ့အသံ ရေဒီယိုအစီအစဉ်

(သောကြာနေ့-နံနက်+နေ့လယ်+ည)

၂၃-၄-၂၀၁၀

၇း၀၀ အဖွင့်တီးလုံး+နှုတ်ခွန်းဆက် နိုင်ငံတော်သီချင်း+ကြေညာချက်
၇း၀၅ တရားတော် **(အာဠွာနာဋိယသုတ်)**
ဓမ္မပူဇာတေးပဒေသာ
၇း၃၀ (၃၈)ဖြာမင်္ဂလာ
၇း၃၅ နံနက်ခင်းတေးပဒေသာ
၈း၀၀ စံတော်ချိန် + သတင်း
၈း၁၀ နံနက်ခင်းတေးပဒေသာ
၈း၃၀ ပြောပါရစေရှင်
(ကိုယ်ရောက်တဲ့နေရာ ကိုယ်သိပါ)
၈း၃၅ တေးပဒေသာ
၉း၀၀ အစီအစဉ်ပြီး၏။
၁၀း၀၀ သောတရှင်လိုရာတေး
၁၀း၃၀ သတင်းစာအာဘော်
၁၀း၄၀ တူယှဉ်သီကြွေးစုံတွဲတေး
၁၁း၀၀ နေ့လယ်ခင်းသတင်း
၁၁း၁၀ နေ့လယ်ခင်းတေးပဒေသာ
၁၁း၃၀ လေလှိုင်းကြားကမ္ဘာ့တင်သံ
၁၁း၄၅ နေ့လယ်ခင်းတေးပဒေသာ
၁၂း၀၀ စံတော်ချိန်
ဆိုကြပျော်ရွှင်တေးသံစဉ်
Intermediate Level (17)
၁၂း၃၀ အလုပ်အကိုင်အခွင့်အလမ်း
(သာသနာရေး)
၁၂း၂၀ နေ့လယ်ခင်းတေးပဒေသာ
၁၃း၀၀ မွန်းလွဲပိုင်းသတင်း
၁၃း၁၀ နေ့လယ်ခင်းတေးပဒေသာ
၁၃း၃၀ အစီအစဉ်ပြီး၏။
၁၆း၀၀ အဖွင့်တီးလုံး+ကြေညာချက်
ညနေခင်းတေးပဒေသာ
၁၆း၃၀ အမှတ်တရတေးလက်ဆောင်
၁၇း၁၀ ဘဝတစ်ကွေ့အတွေ့အကြုံ
(အဖေ)
တေးပဒေသာ
၁၇း၂၅ သတင်းစာဆောင်းပါး
၁၇း၃၀ ရေဒီယိုဇာတ်လမ်းတွဲများ
(အဖြူရောင်မြစ်တစ်စင်းရဲ့ လျှို့ဝှက်ချက်-၂)
၁၈း၀၀ ညနေခင်းသတင်း
၁၈း၁၀ ညနေခင်းတေးပဒေသာ
၁၈း၂၅ ကျေးလက်ဇာတ်လမ်း
ချင်းစိမ်းနှင့်မိဿလင်
၁၈း၄၅ ချိုချစ်ဖွယ် အင်္ဂလိပ်တေးသီချင်း
ကဏ္ဍ
၁၉း၀၀ နိုင်ငံတကာသတင်း
၁၉း၀၅ ညချမ်းချိန်ခါတေးပဒေသာ
နိုင်ငံရေးဦးတည်ချက်
၁၉း၃၀ သုတစုံကြွယ်သိစေဖွယ်
(ထိပ်တန်းသို့ သော့ချက်… ချစ်နိုင်-စိတ်ပညာ)
၁၉း၄၀ ရေဒီယိုအတိုတ်တေးအရိပ်
၂၀း၀၀ ပြည်တွင်းသတင်း
နိုင်ငံရေးဆောင်းပါး
၂၀း၂၀ ချမ်းမြေ့သာယာသီရိဂေဟာ
(ခိုင်မြဲတွယ်တာ နည်းပေါင်း-၁၀၀)
၂၀း၅၀ သူ့လက်သံ
(အကယ်ဒမီ ဂီတလုလင် ဦးကိုကိုရဲ့ အော်ဂင်တီးလုံးများ)
စီးပွားရေးဦးတည်ချက်
၂၁း၀၀ ဆောင်းပါး (အလိမ္မာ ကိုယ်မှာရှိသည်)
၂၁း၀၅ ခံစားနားဆင်
မြန်မာတေးသံစဉ်
လူမှုရေးဦးတည်ချက်
ညချမ်းချိန်ခါ
တေးပဒေသာ
၂၂း၀၀ အစီအစဉ်ပြီး၏။

ကွမ်းတောင်-ပုဏ္ဏားကျွန်းရထားလမ်းအပိုင်း မီးရထားစမ်းသပ်ပြေးဆွဲမှုနှင့် ရထားလမ်းကြံ့ခိုင်မှု

တိုင်းမှူး ပိုလ်ချုပ်သောင်းအေး ကြည့်ရှုစစ်ဆေး

နေပြည်တော် ဧပြီ ၂၁

ရခိုင်ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်သောင်းအေးသည် တာဝန်ရှိသူများလိုက်ပါ၍ ဧပြီ ၁၃ရက် နံနက်ပိုင်းက ပုဏ္ဏားကျွန်းမြို့နယ် ကွမ်းတောင်ဘူတာသို့ရောက်ရှိပြီး ကွမ်းတောင်-ပုဏ္ဏားကျွန်းရထားလမ်းအပိုင်း မီးရထားစမ်းသပ်ပြေးဆွဲခြင်းနှင့် ရထားလမ်းကြံ့ခိုင်မှုအခြေအနေများနှင့် ကင်းချောင်းမြေဖို့ရထားလမ်းဖောက်လုပ်ထားမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးကာ လုပ်ငန်းလိုအပ်ချက်များ မှာကြားသည်။

ပေးအပ်

ဆက်လက်၍ တိုင်းမှူးသည် ပုဏ္ဏားကျွန်းဘူတာသို့ရောက်ရှိပြီး တာဝန်ရှိသူများအားချီးမြှင့်ငွေနှင့် စားသောက်ဖွယ်ရာများ ပေးအပ်ကာ ဒေသခံပြည်သူများနှင့် ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

ထို့နောက် တိုင်းမှူးနှင့်တာဝန်ရှိသူများသည် မြန်မာ့ရိုးရာယဉ်ကျေးမှုသင်္ကြန်ပွဲတော် နံ့သာသွေးပြိုင်ပွဲအခမ်းအနားသို့ တက်ရောက်သည်။ အခမ်းအနားသို့ စစ်တွေတပ်နယ်မှ ဦးစီးအရာရှိကြီးများ၊ တပ်ရင်းတပ်ဖွဲ့မှူးများ၊ ပြည်နယ်၊ ခရိုင်နှင့် မြို့နယ်အဆင့်ဌာနဆိုင်ရာများနှင့် ပြည်သူများ တက်ရောက်ကြသည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

အစီအစဉ်အရ တာဝန်ရှိသူတစ်ဦးက ပြိုင်ပွဲကျင်းပရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြပြီး တိုင်းမှူးက နံ့သာသွေးပြိုင်ပွဲကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

ထို့နောက်တိုင်းမှူးသည် ပြိုင်ပွဲဝင်အသင်းသားများအား ရင်းရင်းနှီးနှီးနှုတ်ဆက်ကာ အခမ်းအနားကို ရှုပ်သိမ်းကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

လှူဒါန်းပူဇော်

ရန်ကုန်မြောက်ပိုင်း ခရိုင် ထန်းတပင်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ဧပြီ ၁၇ရက် (မြန်မာနှစ်ဆန်းတစ်ရက်နေ့)က အသက် (၈၀)နှင့်အထက် အဘိုး၊ အဘွား ၇၆ ဦးတို့အား မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးငွေဒိုးနှင့် ရုံးအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ ဝန်ထမ်းများနှင့် လူမှုရေးအသင်းအဖွဲ့များ စုပေါင်း၍ လှူဒါန်းပူဇော်ကန်တော့ကြစဉ်။ (၁၈၃)

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

၂၂-၄-၂၀၁၀ (ကြာသပတေးနေ့)

နံနက်ပိုင်း

၇း၀၀ ၁။ တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
၇း၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
၇း၃၀ ၃။ နံနက်ခင်းသတင်း
၇း၄၀ ၄။ အဂ္ဂဇယ မင်္ဂလံ
(ယဉ်ဝေယံထွန်း၊ တေးရေး-ဂီတစာဆို မျိုးနွယ်ဆွေ)
၇း၅၀ ၅။ သံသာချိုအေး မင်္ဂလာတေး
၈း၀၀ ၆။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာတေးသံသာ
၈း၁၀ ၇။ အကပဒေသာ
၈း၂၀ ၈။ အကပြိုင်ပွဲ
၈း၃၀ ၉။ တေးဂီတအစီအစဉ်
၈း၄၀ ၁၀။ International News
၈း၄၅ ၁၁။ **စက်မှုဇုန်မှာ ကျွန်မစက်ရုံ လာတည်တော့မယ်**
၉း၀၀ ၁၂။ အစီအစဉ်ပြီး၏။

ညပိုင်း

၄း၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
၄း၁၀ ၂။ ချစ်စရာ့အရွယ် ကကြိုးသွယ်
၄း၂၀ ၃။ တေးဂီတအစီအစဉ်
၄း၃၀ ၄။ အတီးပြိုင်ပွဲ
၄း၄၀ ၅။ နိုင်ငံ့စီးပွားအလေးထား ကျေးလက်ထုတ်ကုန်များ
၄း၅၀ ၆။ အဝေးသင်တက္ကသိုလ် ပညာရေး ရုပ်မြင်သံကြား သင်ခန်းစာ
တတိယနှစ်(မြန်မာမှုပညာ အထူးပြု)(မြန်မာမှုပညာ)
၅း၀၅ ၇။ မျိုးချစ်စိတ်ဓာတ် ရှင်သန် ထက်မြက်ရေးတေးများ
၅း၁၅ ၈။ မံဆောင်းတံတား
(ချင်းပြည်နယ်)
၅း၃၀ ၉။ မူဟန်သွယ်သွယ်ဆိုကြမယ်
၅း၄၅ ၁၀။ **ဝက်သက်ရောဂါ ကာကွယ်ပါ**
၆း၀၀ ၁၁။ ညနေခင်းသတင်း
၆း၁၅ ၁၂။ မိုးလေဝသအခြေအနေ
၆း၂၀ ၁၃။ ပျော်ရွှင်စေသောနေ့ရက်များ
ချစ်သူကော်ဖီ
(အပိုင်း-၃)
သူရလင်း၊မေတ္တာ၊ နန်းဆုရတီစိုး၊ ယုဇနဗိုလ်မြင့်၊ စုပုံချစ်
(ဒါရိုက်တာ-အောင်ကျော်သူရ)
၆း၄၀ ၁၄။ ထူးဆန်းထွေလာများကို သိပ္ပံဖြင့်ချဉ်းကပ်ခြင်း
၇း၀၀ ၁၅။ နိုင်ငံခြားဇာတ်လမ်းတွဲ
နှောင်ဖွဲ့မေတ္တာ(အပိုင်း-၂၇)
၈း၀၀ ၁၆။ ပြည်တွင်းသတင်း
၁၇။ နိုင်ငံတကာသတင်းများ
၁၈။ မိုးလေဝသအခြေအနေ
၁၉။ နိုင်ငံခြားဇာတ်လမ်းတွဲ
နှင်းဆီရောင်ဘဝ
(အပိုင်း-၈)
၂၀။ နိုင်ငံခြားဇာတ်လမ်းတွဲ
ချစ်တေးသံသာ
(အပိုင်း-၃၆)
၂၁။ အစီအစဉ်ပြီး၏။

ညအိပ်ရာဝင်ချိန် မီးသတိပေးနှိုးဆော်ချက်

(က) ခြင်ဆေးခွေ၊ ဖယောင်းတိုင်၊ ဘုရားမီး၊ အမွှေးတိုင်မီးများနှင့် မီးဖိုမီးကြွင်းမီးကျန်များ ငြိမ်းသတ်ပြီးမှ အိပ်ရာဝင်ရန်။
(ခ) မီးသုံးစွဲရင်း အိပ်စက်ခြင်းလုံးဝမပြုလုပ်ပါနှင့်။
(ဂ) မိမိအိမ်နှင့် အိပ်ခန်းများတွင် လေဝင်၊ လေထွက်ကောင်းမွန်စေရေး စီမံထားရှိရန်။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ **Elite Tech Manufacturing Co., Ltd.** စက်ရုံတွင် **HUAWEI Co., Ltd.**နှင့် ပူးပေါင်းထုတ်လုပ်သော မိုဘိုင်းလ်ဆက်သွယ်ရေး စက်ပစ္စည်းများ ခင်းကျင်းပြသထားမှုကို ကြည့်ရှုအားပေးစဉ်။ (သတင်းစဉ်)

ဝ ရှေ့ဖုံးမှ

ကာကွယ်ရေး ဦးစီးချုပ် (လေ)၊ ကာကွယ်ရေးဝန်ကြီးဌာနမှ တပ်မတော်အရာရှိကြီးများ၊ မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ ရှမ်းပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ (မြောက်ပိုင်း) ဥက္ကဋ္ဌ အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် အစိုးရအဖွဲ့အဖွဲ့ဝင်ဝန်ကြီးများ၊ တာဝန်ရှိပုဂ္ဂိုလ်များ လိုက်ပါလျက် မွန်းလွဲ ၁နာရီတွင် ရှမ်းပြည်နယ် (မြောက်ပိုင်း) ကျောက်မဲမြို့နယ် တောင်ခြေကျေးရွာအနီး၌ အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာနက အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် အထက်ရဲရွာ ရေအားလျှပ်စစ်စီမံကိန်းသို့ ရဟတ်ယာဉ်များဖြင့် ရောက်ရှိရာ အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးမြင့်၊ တပ်မတော်အရာရှိကြီးများနှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

ထို့နောက် ဗိုလ်ချုပ်မှူးကြီးသည် စီမံကိန်းရှင်းလင်းဆောင်သို့ ရောက်ရှိပြီး ရှုရပ်မှနေ၍ စီမံကိန်း၏ ပင်မရေတမံနေရာ၌စက်ယန္တရားများဖြင့် မြေကြီးကျောက်သားတူးဖော်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

ကြည့်ရှုစစ်ဆေး

ဆက်လက်၍ စိန်လွန်တွင်းများဖြင့် တူးဖော်ထားသော မြေအောက်ကျောက်သားများ၏ အခြေအနေကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် စီမံကိန်းရှင်းလင်းဆောင်၌ အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီး ဇော်မင်းက အထက်ရဲရွာရေအားလျှပ်စစ်စီမံကိန်း တည်ဆောက်ရခြင်း၏ ရည်ရွယ်ချက်၊ တိုင်းတာတွက်ချက်မှုများအရ စီမံကိန်းပြောင်းလဲဖြစ်ပေါ်လာပုံ၊ မြစ်ငယ်မြစ်ပေါ်၌ ရဲရွာရေအားလျှပ်စစ်စီမံကိန်းနှင့် အထက်ရဲရွာရေအားလျှပ်စစ်စီမံကိန်းတို့ ဆက်စပ်တည်ရှိမှု၊ စီမံကိန်းချဉ်းကပ်လမ်းများ ဖောက်လုပ်ပြီးစီးမှုအခြေအနေ၊ ပင်မတမံနှင့်အတူ ဆက်စပ်တည်ဆောက်ရမည့် ရေလွှဲဥမင်၊ ရေပို့လွှဲ၊ ရေယူအဆောက်အအုံ၊ ရေယူဥမင်၊ ဖိအားမြှင့်ဥမင် စသည့်အဆောက်အအုံများ၏ အနေအထား၊ စီမံကိန်း၌ တပ်ဆင်မည့် စက်အင်အား ရွေးချယ်သတ်မှတ်ထားမှုနှင့် နှစ်အလိုက်စီမံကိန်းလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်မည့် အစီအစဉ်တို့ကို ရှင်းလင်းတင်ပြသည်။

ကြိုးစားဆောင်ရွက်

တင်ပြချက်များနှင့် စပ်လျဉ်း၍ ဗိုလ်ချုပ်မှူးကြီးက ရဲရွာစီမံကိန်း တည်ဆောက်ရာ၌ လုပ်ငန်းအတွေ့အကြုံများရရှိပြီးဖြစ်၍ ယခု အထက်ရဲရွာစီမံကိန်းကို ချောချောမောမောနှင့် မြန်မြန်ဆန်ဆန် တည်ဆောက်ပြီးစီးအောင် ကြိုးစားဆောင်ရွက်သွားကြရန် မှာကြားလမ်းညွှန်သည်။

အထက်ရဲရွာ ရေအားလျှပ်စစ်စီမံကိန်းသည် ရှမ်းပြည်နယ်(မြောက်ပိုင်း) ကျောက်မဲမြို့၏တောင်ဘက် မိုင်၂၀အကွာ တောင်ခြေကျေးရွာအနီးရှိ မြစ်ငယ်မြစ်ပေါ်၌ တည်ရှိသည်။

အကောင်အထည်ဖော်

တည်ဆောက်ထားပြီးဖြစ်သော ရဲရွာရေလှောင်တမံ၏အထက်ဘက် မိုင် ၈၀ခန့်အကွာ မြစ်ငယ်မြစ်ပေါ်တွင် တမံတည်ဆောက်၍ မြစ်ငယ်မြစ်ရေနှင့် နမ့်လန်မြစ်ရေတို့ကို သိုလှောင်အသုံးပြုလျက် လျှပ်စစ်ဓာတ်အား တိုးတက်ထုတ်လုပ်ရရှိနိုင်ရန်၊ စီမံကိန်းပြီးစီးချိန်တွင် အထက်ရဲရွာစက်ရုံမှ လည်ပတ်မောင်းနှင်လိုက်သော ရေများကို အောက်ဘက်ရှိ ရဲရွာရေလှောင်ကန်သို့ ရေကူရေဖြည့်ပေးနိုင်ပြီး လျှပ်စစ်ဓာတ်အား ထုတ်လုပ်မှုကို ပိုမိုခိုင်မာစေရန်နှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေး ဖြစ်ပေါ်လာစေရန်တို့ကို ရည်ရွယ်၍ စီမံကိန်းကို အမှတ်(၁)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ရေအား လျှပ်စစ်အကောင်အထည်ဖော်ရေး ဦးစီးဌာန အမှတ်(၂) တည်ဆောက်ရေးက တာဝန်ယူအကောင်အထည်ဖော်လျက်ရှိသည်။

တမံအမျိုးအစားမှာ ကွန်ကရစ်တမံ အမျိုးအစားဖြစ်ပြီး တမံအမြင့် ပေ ၂၀၀ နှင့် တမံအလျား ပေ ၁၆၄၀ရှိမည် ဖြစ်သည်။ စက်တပ်ဆင်အင်အားမှာ လျှပ်စစ် မဂ္ဂါဝပ် ၇၀စီ ထုတ်လုပ်နိုင်သော စက်

လေးလုံးဖြင့်စုစုပေါင်း၂၈၀မဂ္ဂါဝပ်ထုတ်လုပ်နိုင်အားရှိပြီး တစ်နှစ်လျှင် ပျမ်းမျှ ထုတ်လုပ်နိုင်မည့်အင်အားမှာ ကီလိုဝပ်နာရီသန်းပေါင်း ၁၃၃၀ခန့် ရှိမည်ဖြစ်သည်။

ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် အဖွဲ့ဝင်များသည် အထက်ရဲရွာ ရေအားလျှပ်စစ်စီမံကိန်းမှတစ်ဆင့် ရဟတ်ယာဉ်များဖြင့် ဆက်လက်ထွက်ခွာခဲ့ပြီး မွန်းလွဲ ၂နာရီ ၂၅ မိနစ်တွင် မန္တလေးတိုင်း ပြင်ဦးလွင်မြို့နယ် မန္တလေး-ပြင်ဦးလွင် ကားလမ်းမိုင်တိုင် အမှတ်(၂၇/၀)အနီးရှိ ရတနာပုံမြို့သစ်တည်ဆောက်ရေး စီမံကိန်းလုပ်ငန်းခွင်နယ်မြေသို့ ရောက်ရှိကြသည်။

နိုင်ငံတော်အကြီးအကဲနှင့် အဖွဲ့ဝင်များအား ဆက်သွယ်ရေး၊ စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော်၊ဒုတိယဝန်ကြီး ဗိုလ်ချုပ်သိန်းထွန်း၊ ပြင်ဦးလွင်တပ်နယ်မှ တပ်မတော် အရာရှိကြီးများ၊ အိုင်တီလုပ်ငန်းရှင်များနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက ကြိုဆိုကြသည်။

ထုတ်လုပ်နိုင်

ထို့နောက် ဗိုလ်ချုပ်မှူးကြီးသည် Soft Based Factories Area Zone အတွင်းရှိ Asia World ကုမ္ပဏီက အသစ်တည်ဆောက်ပြီးစီးပြီဖြစ်သော Asia Mega Link စက်ရုံသို့ ရောက်ရှိပြီး ZTE ကုမ္ပဏီနှင့် ပူးပေါင်းထုတ်လုပ်လျက်ရှိသော Mobile Base Station Terminal (BTS) များ ထုတ်လုပ်နေမှုကို လှည့်လည်ကြည့်ရှုရာ စက်ရုံမှ တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသကြသည်။ အဆိုပါစက်ရုံမှ တစ်နှစ်လျှင် GSM Mobile Handset အလုံးရေ ၁၂၀၀၀၀နှင့် Mobile BTS အလုံးရေ ၁၂၀၀ ထုတ်လုပ်နိုင်မည်ဖြစ်ကြောင်း သိရှိရသည်။

ဆက်လက်၍ ဗိုလ်ချုပ်မှူးကြီးသည် ရတနာပုံတယ်လီပို့ထုတ်လုပ်ရေးကုမ္ပဏီ၏ Solar Cell စက်ရုံသို့ ရောက်ရှိပြီး Solar Cell ပြားများ ထုတ်လုပ်နေမှုနှင့် Mc Will (Multicarrier Wireless Information Local Loop) ဆက်သွယ်ရေးစနစ်အတွက် Handset များ ထုတ်လုပ်နေမှုတို့ကို လှည့်လည်ကြည့်ရှုရာ စက်ရုံမှ တာဝန်ရှိသူများက လိုက်လံ ရှင်းလင်းပြသကြပြီး ဝန်ကြီး ဗိုလ်မှူးချုပ် သိန်းဇော်က ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ကြည့်ရှုအားပေး

ထို့နောက် Elite Tech Manufacturing Co., Ltd. စက်ရုံသို့ ရောက်ရှိပြီး HUAWEI Co., Ltd.နှင့် ပူးပေါင်းထုတ်လုပ်လျက်ရှိသော မိုဘိုင်းလ်ဆက်သွယ်ရေး စက်ပစ္စည်းများဖြစ်သည့် CDMA 450 MHz နှင့် CDMA 800 MHz Mobile စနစ်အတွက် BTS Handset များတပ်ဆင်ထုတ်လုပ်နေမှု အဆင့်ဆင့်ကို လှည့်လည်ကြည့်ရှုအားပေးရာ ကုမ္ပဏီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသကြသည်။

ယင်းနောက် MCC Training Institute Yatanarpon က ခင်းကျင်းပြသထားသည့် ရတနာပုံ နည်းပညာမြို့တွင် ရတနာပုံတယ်လီပို့ကုမ္ပဏီနှင့် MCC Group တို့ ပူးပေါင်း၍ နိုင်ငံတကာအဆင့် ICT သင်တန်းကျောင်း ဖွင့်လှစ်နေမှု အခြေအနေကို ကြည့်ရှုအားပေးပြီး ရတနာပုံမြို့သစ်၏ ဖွံ့ဖြိုးတိုးတက်မှု အခြေအနေများကို လှည့်လည်ကြည့်ရှု၍ ပြန်လည်ထွက်ခွာသွားသည်။

(သတင်းစဉ်)

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ **Elite Tech Manufacturing Co., Ltd.** စက်ရုံတွင် **HUAWEI Co., Ltd.**နှင့် ပူးပေါင်းထုတ်လုပ်သော မိုဘိုင်းလ်ဆက်သွယ်ရေး စက်ပစ္စည်းများ တပ်ဆင်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

အထက်ရဲရွာ ရေအားလျှပ်စစ်စီမံကိန်းလုပ်ငန်းခွင်

အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာနက အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် အထက်ရဲရွာ ရေအားလျှပ်စစ်စီမံကိန်းလုပ်ငန်းခွင်ကို တွေ့ရစဉ်။ (သတင်းစဉ်)



စစ်သွေးကြွများအပေါ် ပါကစ္စတန်စစ်တပ် ထိုးစစ်ဆင်မှု ထိရောက်မှုမရှိဟု အာဖဂန်ထိပ်တန်းအရာရှိတို့ ရှုမြင်

ကဘူးလ် ဧပြီ ၂၁

ပါကစ္စတန်နှင့် အာဖဂန်နစ္စတန် နယ်စပ်ဒေသများမှ စစ်သွေးကြွများကို ပါကစ္စတန်စစ်တပ်က ထိုးစစ်ဆင်တိုက်ခိုက်မှုမှာ အကြမ်းဖက်မှု တိုက်ဖျက်ရေးတွင် များစွာအရာမထင်ကြောင်း အာဖဂန်ထိပ်တန်းအရာရှိအချို့က ယုံကြည်ယူဆကြသည်ဟု အင်တာနက် သတင်းတစ်ရပ်၌ ဧပြီ ၁၉ရက်က ဖော်ပြထားသည်။

ဆန့်ကျင်တိုက်ခိုက်

အာဖဂန်အစိုးရနှင့် နိုင်ငံစုံတပ်များအား ဆန့်ကျင်တိုက်ခိုက်ကြသည့် စစ်သွေးကြွများကို ပါကစ္စတန်စစ်တပ်က မတိုက်လိုကြကြောင်း ပါကစ္စတန်နိုင်ငံ တောင်နှင့်မြောက်ဝါဇီရစ္စတန်ပြည်နယ်နှင့် နယ်ချင်းဆက်နေသည့် အာဖဂန်နစ္စတန်နိုင်ငံ ပက်တီကာပြည်နယ် အုပ်ချုပ်ရေးမှူး အဗ္ဗဒူကာလာဝါဇီက ပြောကြားလိုက်သည်။

ထည့်သွင်းပြောကြား

ထိုသို့တိုက်ခိုက်ခြင်းမှာ အာဖဂန်နစ္စတန်နိုင်ငံအတွက် ထိရောက်မှုမရှိကြောင်း၊ ပါကစ္စတန်စစ်တပ်သည် ပါကစ္စတန်အစိုးရကို ဆန့်ကျင်သည့် တာလီဘန်များကိုသာ တိုက်ခိုက်နေခြင်းဖြစ်ကြောင်း အဗ္ဗဒူကာလာဝါဇီက ထည့်သွင်းပြောကြားသည်။

ထိုးစစ်ဆင်

ပါကစ္စတန်အစိုးရတပ်များ၏ ထိုးစစ်ဆင်ရေးများမှာ အကျိုးမရှိသလောက်ဖြစ်ကြောင်း ခို့စ်ပြည်နယ်ရှိ အာဖဂန်တပ်မှူး ဗိုလ်မှူးချုပ် မိုဟာမက်အဒတ်စ်ကလည်း ဝေဖန်ပြောကြားသည်။ ပါကစ္စတန်အစိုးရတပ်များကမူ နယ်စပ်ရှိလူမျိုးစုများဒေသမှ တာလီဘန်လိုလားသော စစ်သွေးကြွများအား ပြီးခဲ့သည့်နှစ်က စတင်ထိုးစစ်ဆင် ချေမှုန်းလျက်ရှိသည်။ **(အင်တာနက်)**

အာဖဂန်နစ္စတန်နိုင်ငံ ကန်ဒါဟာမြို့၌ ချိန်ကိုက်ဗုံးပေါက်ကွဲပြီးနောက် အပျက်အစီးများကို ဧပြီ ၂၀ရက်က တွေ့ရစဉ်။ (အင်တာနက်ဓာတ်ပုံ)

အီရတ် - အာဖဂန် သတင်းများ

အိုဘားမား၏ အာကာသစူးစမ်းရေးအစီအစဉ် ပြင်းပြင်းထန်ထန်ဝေဖန်

ဝါရှင်တန် ဧပြီ ၂၁

သမ္မတအိုဘားမား၏ အစီအစဉ်များမှာ အမေရိကန်နိုင်ငံကို အာကာသစူးစမ်း လေ့လာရေးတွင် တတိယတန်းနိုင်ငံအဆင့်သို့ ချလိုက်သကဲ့သို့ ဖြစ်မည်ဟုဆိုကာ အမေရိကန် အာကာသယာဉ်မှူးများက သမ္မတအိုဘားမား၏ အနာဂတ်အာကာသ စူးစမ်းရေးအမြင်ကို ပြင်းပြင်းထန်ထန် ဝေဖန်ကြသည်။

အစားထိုး

အာကာသလွန်းပြန် လွှတ်တင်ရေးကို အစားထိုးရန်အပြင် အာကာသယာဉ်များနှင့်ဒုံးပျံများ အသစ်အစားထိုးရေးနှင့်တကွ ဖြစ်နိုင်လျှင် လနှင့်အင်္ဂါဂြိုဟ်သို့ အာကာသယာဉ်မှူးများ စေလွှတ်ရေးပါဝင်သည့် အဆိုပါအစီအစဉ်ကို ဖျက်သိမ်းရန်ဆုံးဖြတ်ခြင်းမှာ အာကာသစူးစမ်းမှု ပျက်သုဉ်းရေးပင်ဖြစ်ကြောင်း အာကာသယာဉ်မှူးများက ထောက်ပြဝေဖန်လိုက်သည်။**(အင်တာနက်)**

တည်ငြိမ်မှုကင်းမဲ့နေသည့် အီရတ်နိုင်ငံ အခြေအနေ

ဘဂ္ဂဒက် ဧပြီ ၂၁

အီရတ်နိုင်ငံတစ်ဝန်း၌ မတ်လရွေးကောက်ပွဲအပြီး အာဏာရပါတီကို ထုတ်ပြန်ကြေညာပြီးနောက် အကြမ်းဖက်တိုက်ခိုက်မှုများ ဆက်လက်ဖြစ်ပေါ်လျက်ရှိရာ ဧပြီ ၂၀ ရက်က တိုက်ခိုက်မှုများအတွင်း သေဆုံးသူများ ပိုမိုများပြားလာလျက်ရှိကြောင်း အာဏာပိုင်အဖွဲ့က သတင်းထုတ်ပြန်သည်—

ဘဂ္ဂဒက် - ဘဂ္ဂဒက်မြို့၌ ဖြစ်ပွားသော အကြမ်းဖက်တိုက်ခိုက်မှုအတွင်း ၁၁ဦး သေဆုံးပြီး ၂၉ ဦးဒဏ်ရာရရှိသည်။ ယင်းနေ့၌ပင် ဘဂ္ဂဒက်မြို့ အရှေ့တောင်ပိုင်း၌ သီးခြားတိုက်ပွဲဖြစ်ပွားရာ လေးဦးဒဏ်ရာရရှိပြီး ဗုံးပေါက်ကွဲမှုကြောင့် နှစ်ဦးထပ်မံဒဏ်ရာရရှိသည်။

နိုင်ဝါ - နိုင်ဝါပြည်နယ်၌ ဖြစ်ပွားသည့် စစ်ဆင်ရေးအတွင်း အယ်လ်ခိုင်ဒါ ခေါင်းဆောင်တစ်ဦးသေဆုံးသည်။

ဟိတ်စ် - ဟိတ်စ်မြို့၌ လမ်းဘေးဗုံးပေါက်ကွဲမှုကြောင့် ရဲအရာရှိတစ်ဦး အပါအဝင် ကိုယ်ရံတော်နှစ်ဦး သေဆုံးသည်။

မူဆာယာ - မူဆာယာမြို့၌ အဝေးထိန်းစက်ခလုတ်ဖြင့် ဗုံးဖောက်ခွဲတိုက်ခိုက်မှုကြောင့် နှစ်ဦးသေဆုံးသည်။

မိုဆူးလ် - ယင်းမြို့ရှိ စစ်ဆေးရေးဂိတ်၌ ပစ်ခတ်မှုဖြစ်ပွားရာ လုံခြုံရေးတပ်ဖွဲ့ဝင်တစ်ဦး ဒဏ်ရာရရှိသည်။

ရာမာဒီ - ယင်းမြို့၌ လမ်းဘေးဗုံးပေါက်ကွဲမှုဖြစ်ပွားရာ ရဲတပ်ဖွဲ့ဝင်လေးဦး ပြင်းထန်စွာ ဒဏ်ရာရရှိသည်။ **(အင်တာနက်)**

အာဖဂန်၌ နေတိုးတပ်ဖွဲ့ပစ်ခတ်မှု ငါးဦးသေဆုံး

ကန်ဒါဟာ ဧပြီ ၂၁

အာဖဂန်နစ္စတန်နိုင်ငံ ခို့စ်ပြည်နယ်၌ ဧပြီ ၁၉ရက်ညပိုင်းက နေတိုးတပ်ဖွဲ့၏ ပစ်ခတ်မှုကြောင့် ကျောင်းသား ကျောင်းသူ လေးဦးအပါအဝင် ကလေးငယ်တစ်ဦး သေဆုံးကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။

သေဆုံး

ငှင်းပြည်နယ်ရှိ စစ်ဆေးရေးဂိတ်၌ အကြမ်းဖက်သမားများ မော်တော်ယာဉ်ပေါ်မှ ပစ်ခတ်မှုကြောင့် နေတိုးတပ်ဖွဲ့ ပြန်လည်တိုက်ခိုက်ရာ သေဆုံးခဲ့ခြင်းဖြစ်သည်ဟု ဆိုသည်။ **အမ်အင်န်အေ၊ ဆင်ဟွာ**

အီရတ်ပြည်သူများ ငြိမ်းချမ်းစွာနေထိုင်နိုင်ရေး အီရန်နိုင်ငံမြင်တွေ့လိုဟု လာရီဂျာနီထုတ်ဖော်ပြောကြား

တီဟီရန် ဧပြီ ၂၁

အီရတ်နိုင်ငံ တည်ငြိမ်ရေးနှင့်ငြိမ်းချမ်းရေးသည် နိုင်ငံအတွင်းရှိ ဒေသအားလုံး၏ အကျိုးစီးပွားပင်ဖြစ်ကြောင်း အီရန်ပါလီမန်ဥက္ကဋ္ဌ အလီလာရီဂျာနီက ဧည့်သည်တော် အီရတ်ဒုတိယဝန်ကြီးချုပ် ရာဖေးအယ်လ်အီဆာဝီနှင့်တွေ့ဆုံစဉ် ပြောကြားလိုက်သည်။

တည်ငြိမ်အေးချမ်းသည့် အီရတ်နိုင်ငံထူထောင်နိုင်ခြင်းက ဒေသတွင်းနိုင်ငံအားလုံးကို အကျိုးဖြစ်ထွန်းစေမည်ဖြစ်ကြောင်း၊ အီရတ်ပြည်သူများ အေးအေးချမ်းချမ်းနှင့် ဥစ္စာပစ္စည်းကြွယ်ဝချမ်းသာသည်ကို အီရန်အစ္စလမ္မစ်သမ္မတနိုင်ငံက မြင်တွေ့လိုပါကြောင်း လာရီဂျာနီက ပြောကြားသည်။

အာမခံ

မိမိတို့အီရန်နိုင်ငံအနေဖြင့် အီရတ်ပြည်သူများ၏ ပိုမိုကောင်းမွန်သော လူနေမှုအခြေအနေများဖန်တီးရေးကို အထောက်အကူဖြစ်ရန် ဆက်လက်၍ အစွမ်းကုန်ကြိုးပမ်းသွားမည်ဟုလည်း လာရီဂျာနီက အာမခံပြောကြားသည်။

တုံ့ပြန်

အီရတ် ဒုတိယဝန်ကြီးချုပ် အီဆာဝီက တုံ့ပြန်ပြောကြားရာ၌ အီရန်နိုင်ငံသည် အီရတ်နိုင်ငံ၏ ပြဿနာကိုဖြေရှင်းကျော်လွှားရေးတွင် အဓိကအခန်းကဏ္ဍမှ ပါဝင်သည့် အင်အားကြီးနိုင်ငံတစ်နိုင်ငံဖြစ်ကြောင်း ထည့်သွင်းပြောကြားသည်။

အမ်အင်န်အေ၊ ဆင်ဟွာ

အယ်လ်ခိုင်ဒါအဖွဲ့၏ ဖျက်ဆီးမည့်အစီအစဉ် အီရတ်လုံခြုံရေးတပ်ဖွဲ့ ဖယ်ရှားနိုင်

ဘဂ္ဂဒက် ဧပြီ ၂၁

အီရတ်နိုင်ငံတောင်ပိုင်းဒေသရှိ နာမည်ကျော် ရှီးယိုက်ဘာသာရေးအဆောက်အအုံကို လေယာဉ်များအသုံးပြု၍ တိုက်ခိုက်မည့် အယ်လ်ခိုင်ဒါအကြမ်းဖက်ကွန်ရက်၏အစီအစဉ်ကို အီရတ်လုံခြုံရေးတပ်ဖွဲ့က မကြာသေးမီအတွင်း၌ ဖယ်ရှားဖျက်ဆီးနိုင်ခဲ့ကြောင်း အီရတ်မီဒီယာက ဧပြီ ၂၀ရက်တွင် ဖော်ပြသည်။

စီမံဆောင်ရွက်

အီမန်အလီအဆောက်အအုံကို တိုက်ခိုက်ရန်အတွက် နာဂျက်ဖ်လေဆိပ်မှပျံသန်းလာသည့် အရပ်ဘက်လေယာဉ်တစ်စင်းအား အယ်လ်ခိုင်ဒါအဖွဲ့က အပိုင်စီးမည့်သတင်းကို လုံခြုံရေးတပ်ဖွဲ့ဝင်များရရှိကာ တန်ပြန်စီမံဆောင်ရွက်ခဲ့ကြောင်း သတင်းစာက ဖော်ပြသည်။

ပြောကြား

အီရတ်တာဝန်ရှိပုဂ္ဂိုလ်များက နာဂျက်ဖ်လေဆိပ်ကို ပိတ်ထားကြောင်း မကြာသေးမီက ပြောဆိုခဲ့သော်လည်း အသေးစိတ်ထုတ်ဖော်ကြေညာခြင်းမရှိပေ။ လိုအပ်နေသည့် လုံခြုံရေးအစီအမံများ ရေးဆွဲချမှတ်ပြီးပါက အဆိုပါလေဆိပ်ကို မကြာမီဖွင့်လှစ်မည်ဟု အီရတ်ကာကွယ်ရေးဝန်ကြီး အယ်လ်ဘိုဘေဒီက ပြောကြားသည်။

(အင်တာနက်)

အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့ဝင်များ ကျူးကျော်စွက်ဖက်ဝင်ရောက်မှုကြောင့် အီရတ်ပြည်သူများ သေဆုံး၊ ဒဏ်ရာရရှိမှုအခြေအနေ

ဘဂ္ဂဒက် ဧပြီ ၂၁

အီရတ်နိုင်ငံသို့ အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့ဝင်များ ကျူးကျော်စွက်ဖက်ဝင်ရောက်ခဲ့သည်မှာ အချိန်ကာလ ကြာမြင့်ခဲ့ပြီဖြစ်သည်။

အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့ဝင်များ၏ ကျူးကျော်စွက်ဖက်ဝင်ရောက်ခဲ့မှုကြောင့် အီရတ်ပြည်သူအများအပြား နေ့စဉ် သေဆုံး၊ ဒဏ်ရာရလျက်ရှိသည်။

အီရတ်ပြည်သူများ သေဆုံး၊ ဒဏ်ရာရရှိမှု

အီရတ်နိုင်ငံသို့ အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့ဝင်များ ကျူးကျော်စွက်ဖက်ဝင်ရောက်ခဲ့သည့်အချိန်မှစတင်ပြီး ဧပြီ ၂၁ ရက်အထိ သေဆုံးခဲ့သည့် အီရတ်ပြည်သူဦးရေမှာ ၇၀၁၀၄၀ ဦးရှိပြီး အပြင်းအထန် ထိခိုက်ဒဏ်ရာရရှိသူဦးရေမှာ ၁၂၆၃၃၂ ဦး ဖြစ်ကြောင်း အင်တာနက်သတင်း၌ ဖော်ပြထားသည်။

စဉ်	အကြောင်းအရာ	အရေအတွက်
၁။	သေဆုံးသူ အီရတ်ပြည်သူများ	၇၀၁၀၄၀ ဦး
၂။	အပြင်းအထန်ထိခိုက်ဒဏ်ရာရရှိသူ အီရတ်ပြည်သူများ	၁၂၆၃၃၂ ဦး

(အင်တာနက်)

အမေရိကန်ဦးဆောင်သော နေတိုးတပ်ဖွဲ့ဝင်များ ကျူးကျော်စွက်ဖက်ဝင်ရောက်မှုကြောင့် အာဖဂန်ပြည်သူများ သေဆုံး၊ ဒဏ်ရာရရှိမှုအခြေအနေ

ကဘူးလ် ဧပြီ ၂၁

အာဖဂန်နစ္စတန်နိုင်ငံသို့ အမေရိကန်ဦးဆောင်သော နေတိုးတပ်ဖွဲ့ဝင်များ ကျူးကျော်စွက်ဖက်ဝင်ရောက်ခဲ့သည်မှာ အချိန်ကာလ ကြာမြင့်ခဲ့ပြီဖြစ်သည်။

အမေရိကန်ဦးဆောင်သော နေတိုးတပ်ဖွဲ့ဝင်များ၏ ကျူးကျော်စွက်ဖက် ဝင်ရောက်ခဲ့မှုကြောင့် အာဖဂန်ပြည်သူအများအပြား နေ့စဉ် သေဆုံး၊ ဒဏ်ရာရလျက်ရှိသည်။

အာဖဂန်ပြည်သူများ သေဆုံး၊ ဒဏ်ရာရရှိမှု

အာဖဂန်နစ္စတန်နိုင်ငံသို့ အမေရိကန်ဦးဆောင်သော နေတိုးတပ်ဖွဲ့ဝင်များ ကျူးကျော်စွက်ဖက် ဝင်ရောက်ခဲ့သည့်အချိန်မှစတင်ပြီး ဧပြီ ၂၁ရက်အထိ သေဆုံးခဲ့သည့် အာဖဂန်ပြည်သူဦးရေမှာ ၃၂၇၆၄ ဦးရှိပြီး အပြင်းအထန်ထိခိုက်ဒဏ်ရာရရှိသူဦးရေမှာ ၃၉၂၂၅ ဦးဖြစ်ကြောင်း အင်တာနက်သတင်း၌ ဖော်ပြထားသည်။

စဉ်	အကြောင်းအရာ	အရေအတွက်
၁။	သေဆုံးသူ အာဖဂန်ပြည်သူများ	၃၂၇၆၄ ဦး
၂။	အပြင်းအထန်ထိခိုက်ဒဏ်ရာရရှိသူအာဖဂန်ပြည်သူများ	၃၉၂၂၅ ဦး

(အင်တာနက်)

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့၌ ဗုံးပေါက်ကွဲပြီးနောက် အပျက်အစီးများကို ဧပြီ ၂၀ရက်က တွေ့ရစဉ်။ (ဆင်ဟွာဓာတ်ပုံ)

ပြင်သစ်သမ္မတနှင့် စပိန်ဝန်ကြီးချုပ်တို့ တိုက်တွန်းမှု ဆိုမာလီဆိုင်ရာ နိုင်ငံတကာညီလာခံကျင်းပမည်

မက်ဒရစ် ဧပြီ ၂၁

တူရကီနိုင်ငံက ဆိုမာလီနိုင်ငံရေး အခြေအနေနှင့်ပတ်သက်သည့် နိုင်ငံတကာ ညီလာခံတစ်ရပ်ကို လက်ခံကျင်းပမည်ဖြစ်ကြောင်း စပိန်နိုင်ငံခြားရေးဝန်ကြီး လိုဆာဒါက ဧပြီ ၂၁ရက်၌ ပြောကြားလိုက်သည်။

စပိန်ဝန်ကြီးချုပ်
ဟိုဆေးလူဝီရိုဒရီဂွက်

ဆိုမာလီနိုင်ငံဆိုင်ရာ နိုင်ငံတကာညီလာခံကို မေလလယ်တွင် တူရကီနိုင်ငံ အစ္စတန်ဘူလ်မြို့၌ ကျင်းပရန်စီစဉ်ထားသည်။

အကူအညီ

ဆိုမာလီနိုင်ငံဆိုင်ရာ နိုင်ငံတကာညီလာခံက ဆိုမာလီ ယာယီအစိုးရအပေါ် နိုင်ငံတကာအကူအညီများ မည်မျှထိရောက်မှုရှိမရှိ ဆန်းစစ်မည်ဖြစ်ကြောင်း စပိန်နိုင်ငံခြားရေးဝန်ကြီး လိုဆာဒါက ပြောကြားသည်။

တိုက်တွန်း

ဆိုမာလီနိုင်ငံဆိုင်ရာ နိုင်ငံတကာညီလာခံ ကျင်းပရေးအစီအစဉ်ကို စပိန်ဝန်ကြီးချုပ် ဟိုဆေးလူဝီရိုဒရီဂွက်နှင့် ပြင်သစ်သမ္မတ နီကိုလပ်ဆာကိုဇီတို့ ပြီးခဲ့သည့်နှစ်တွင် အကြံပြု တိုက်တွန်းခဲ့ခြင်းဖြစ်ကြောင်း စပိန်နိုင်ငံခြားရေးဝန်ကြီး လိုဆာဒါက ပြောကြားလိုက်သည်။

ဆိုးရွားလာ

ဆိုမာလီနိုင်ငံတွင် ၁၉၉၁ခုနှစ်က မိုဟာမက်ဆီယက်ဘားအား ဖယ်ရှားပြီး ကတည်းက မတည်မငြိမ်ဖြစ်ခဲ့ပြီး ဆိုမာလီကမ်းလွန်ပင်လယ်ဓားပြသောင်းကျန်းမှုလည်း မကြာသေးမီ နှစ်များအတွင်း၌ ဆိုးရွားလာသည်။ **(အင်တာနက်)**

အစ္စရေးနိုင်ငံ တဲလ်အဗစ်မြို့အနီး မြေထဲပင်လယ်ကောင်းကင်ယံ၌ အစ္စရေး တိုက်လေယာဉ်များ လေကြောင်းစွမ်းရည်ပြသနေသည်ကို ဧပြီ ၂၀ရက်က တွေ့ရစဉ်။ (ဆင်ဟွာဓာတ်ပုံ)

အယ်လ်ဆာဗေဒိုး၌ ငှက်ဖျားရောဂါဖြစ်ပွားမှု မြင့်တက်လာ

ဆန်ဆာဗာဒို ဧပြီ ၂၁

အယ်လ်ဆာဗေဒိုနိုင်ငံ၌ ပြီးခဲ့သည့် သီတင်းပတ်အတွင်းမှာပင် ငှက်ဖျားရောဂါဖြစ်ပွားသူ ၃၆၃၃ဦးအထိ မြင့်တက်လာကြောင်း အယ်လ်ဆာဗေဒိုပြည်သူ့ကျန်းမာရေးနှင့် လူမှုရေးစောင့်ရှောက်မှုဝန်ကြီးဌာနက ထုတ်ဖော်ပြောကြားသည်။

၂၀၁၀ခုနှစ်အစပိုင်းမှာပင် ငှက်ဖျားရောဂါဝေဒနာရှင် ၂၅၀ရှိပြီး သီတင်းကိုးပတ်အတွင်း ၄၂၃ဦးအထိ မြင့်တက်လာခဲ့သည်။ အဆိုပါရောဂါဖြစ်ပွားမှုကို အကောင်းဆုံးတိုက်ဖျက်နိုင်သည့်နည်းလမ်းမှာ အင်တိုက်အားတိုက်ကာကွယ်စောင့်ရှောက်ရေး လှုပ်ရှားမှုပြုလုပ်ရန်နှင့် လိုအပ်သောပစ္စည်းများနှင့်စပ်လျဉ်းသည့် အသုံးစရိတ်တင်ပြတောင်းခံရန် ဖြစ်သည်ဟုဆိုသည်။

အမ်အင်န်အေ၊ဆင်ဟွာ

အမေရိကန်နိုင်ငံ နယူးယောက်မြို့၌ ကမ္ဘာ့ပတ်ဝန်းကျင်နေ့ အထိမ်းအမှတ်ပြပွဲအတွင်းပြသထားသော ခေတ်မီသဘာဝပတ်ဝန်းကျင်ဆိုင်ရာပစ္စည်းများကို ဧပြီ ၂၀ရက်က တွေ့ရစဉ်။ (အဆိုပါပြပွဲကို ဧပြီ ၁၉ရက်မှ ၂၂ရက်အထိကျင်းပလျက်ရှိသည်။) **(ဆင်ဟွာဓာတ်ပုံ)**

ကော့စတာရီကာသံရုံး အိန္ဒိယ၌ ဖွင့်လှစ်

ဆန်ဂျိုစ် ဧပြီ ၂၁

အိန္ဒိယနိုင်ငံ နယူးဒေလီမြို့၌ ကော့စတာရီကာသံရုံး ဖွင့်လှစ်လိုက်ကြောင်း ကော့စတာရီကာ နိုင်ငံခြားရေးဝန်ကြီးဌာနက ဧပြီ ၂၀ရက်၌ တရားဝင်ကြေညာသည်။

ဆက်သွယ်

ကော့စတာရီကာ အစိုးရအနေဖြင့် အာရှဒေသနှင့် ဆက်ဆံရေးတိုးမြှင့်မှု တစ်စိတ်တစ်ဒေသအဖြစ် အိန္ဒိယနိုင်ငံ၌ သံရုံးဖွင့်လှစ်မည်ဖြစ်ကြောင်း ကော့စတာရီကာ သမ္မတအိုစကာအဲရစ်က ၂၀၀၉ခုနှစ် ဒီဇင်ဘာလအတွင်းတွင် ထုတ်ဖော်ပြောကြားခဲ့သည်။ ကော့စတာရီကာအစိုးရသည် ၂၀၀၇ ခုနှစ်အတွင်း၌ တရုတ်အစိုးရနှင့် သံတမန်ဆက်သွယ်ရေးစတင်ခဲ့သည်။

ပြောကြား

ကော့စတာရီကာအစိုးရသည် အပြန်အလှန်ဖလှယ်ရေး၊ ပူးပေါင်းဆောင်ရွက်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုကဏ္ဍများတွင် အာရှဒေသနှင့် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကော့စတာရီကာ နိုင်ငံခြားရေးဝန်ကြီး ဘရူနိုစတက်နိုက ပြောကြားသည်။

အမ်အင်န်အေ၊ဆင်ဟွာ

ကျင်ဟိုင်းငလျင်၌သေဆုံးသူ ၂၀၀၀ ကျော်ရှိလာ ၁၉၅ဦးပျောက်ဆုံးနေဆဲဟုဆို

ပေကျင်း ဧပြီ ၂၁

တရုတ်နိုင်ငံ ကျင်ဟိုင်းပြည်နယ်၌လှုပ်ခဲ့သောငလျင်ကြောင့် သေဆုံးသူ ၂၀၃၉ ဦးအထိ ရှိလာကြောင်း ဧပြီ ၂၁ ရက်က အင်တာနက်သတင်းတစ်ရပ်တွင် ဖော်ပြသည်။

အိုးမဲ့အိမ်မဲ့

အဆိုပါ ငလျင်သည် ရစ်ချ်တာစကေး ၆ ဒသမ ၉ အဆင့်ရှိပြီး ဧပြီ ၁၄ရက် နံနက်ပိုင်းက လှုပ်ခဲ့ခြင်းဖြစ်သည်။ ယင်းငလျင်ကြောင့် ထောင်ပေါင်းများစွာသော တရုတ်ပြည်သူများ အိုးမဲ့အိမ်မဲ့ဖြစ်ခဲ့ရသည်။

ထိခိုက်ဒဏ်ရာရ

ငလျင်အတွင်း ၁၉၅ဦး ပျောက်ဆုံးလျက်ရှိပြီး ထိခိုက်ဒဏ်ရာရရှိသူ ၁၂၁၃၅ဦး ရှိကြောင်း သတင်းတွင် ဆက်လက်ဖော်ပြသည်။

(အင်တာနက်)

အိန္ဒိယတောင်ပိုင်း ကာဝါရေတပ်စခန်း တိုးချဲ့ရန်စီစဉ်

နယူးဒေလီ ဧပြီ ၂၁

အိန္ဒိယနိုင်ငံတောင်ပိုင်း ကာနာတကာပြည်နယ်ရှိ ကာဝါမဟာဗျူဟာမြောက် ရေတပ်စခန်းသစ်ကို အိန္ဒိယအစိုးရက တိုးချဲ့ရန်စီစဉ်ထားကြောင်း၊ ယင်းရေတပ်စခန်း၌ နျူကလီးယား ရေငုပ်သင်္ဘောများနှင့် စစ်သင်္ဘောအစင်း ၃၀အထိ ၂၀၁၇ခုနှစ်အတွင်း ရပ်နားဆိုက်ကပ်နိုင်မည်ဖြစ်ကြောင်း တိုင်းမ်အော့ဖ်အိန္ဒိယသတင်းစာက ဧပြီ၂၀ရက်၌ဖော်ပြထားသည်။

တိုးချဲ့ရေးအဆင့်-၁လုပ်ငန်းစဉ်သည် ယခုအခါ လုံးဝပြီးစီးပြီဖြစ်ကြောင်း၊ စစ်သင်္ဘော ၁၀စင်း အခြေစိုက် ဆိုက်ကပ်နိုင်ပြီဖြစ်ပြီး အဆင့်-၂ အသေးစိတ်စီမံကိန်းလုပ်ငန်းစဉ်များသည် နောက်ဆုံးအဆင့်သို့ ရောက်ရှိနေပြီဖြစ်ကြောင်း၊ အစိုးရအဖွဲ့ လုံခြုံရေးဆိုင်ရာကော်မတီက အတည်ပြုလျှင်လာမည့်နှစ်တွင် ဆောက်လုပ်ရေးလုပ်ငန်းစတင်မည်ဖြစ်ကြောင်း အိန္ဒိယရေတပ်ဗိုလ်ချုပ်ကြီးဗာမာက ယင်းသတင်းစာသို့ ပြောကြားသည်။

၂၀၁၇ခုနှစ်တွင် ဒုတိယအဆင့်စီမံကိန်းပြီးစီးပါက ရေတပ်မှစစ်သင်္ဘောကြီး ၂၅စင်းမှ အစင်း၃၀အထိ ကာဝါရေတပ်စခန်းတွင်ထားရှိနိုင်မည်ဟု ၎င်းက ဆက်လက်ပြောကြားသည်။ ***(အင်တာနက်)***

နောက်ဆုံးရ နိုင်ငံတကာသတင်းများ

မောင်ချစ်ကြည် - စုစည်းသည်

တောင်အာရှလွတ်လပ်စွာကုန်သွယ်ရေး ဆွေးနွေးမည်

တောင်အာရှဒေသအတွင်းရှိနိုင်ငံများ လွတ်လပ်စွာကုန်သွယ်ရေးထူထောင်နိုင်ရန်အတွက် ဘူတန်နိုင်ငံ တမ်ဖူမြို့တွင် ဧပြီ ၂၈ရက်မှ ၂၉ရက်အထိ (၁၆)ကြိမ်မြောက် တောင်အာရှဒေသဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ ထိပ်သီးအစည်းအဝေး ကျင်းပမည်ဖြစ်ကြောင်း ဘူတန်နိုင်ငံအရာရှိများက ဧပြီ ၂၁ရက်၌ သတင်းထုတ်ပြန်သည်။

နိုင်ဂျီးရီးယားနှင့် အီကွေဒေါတို့၌ မုန်တိုင်းတိုက်ခတ်

နီကါရာဂွာနိုင်ငံ တီပီတာပါမြို့တွင် ဧပြီ ၂၁ ရက်က လေဆင်နှာမောင်းနှင့် မုန်တိုင်းတိုက်ခတ်မှုကြောင့် နေအိမ် ၄၁၁လုံးပျက်စီးပြီး လူ ၂၀၀၀ ခန့် အိုးမဲ့အိမ်မဲ့ ဖြစ်ခဲ့ရကြောင်း၊ အီကွေဒေါနိုင်ငံ ကွီတိုမြို့အနောက်တောင်ဘက် ကမ်းခြေဒေသများသို့ ဧပြီ ၂၁ ရက် နံနက်ပိုင်းက မုန်တိုင်းဝင်ရောက်တိုက်ခတ်မှုကြောင့် နေအိမ်များပျက်စီးပြီး တစ်ဦးသေဆုံးခဲ့ကြောင်း နီကါရာဂွာအရာရှိများက သတင်းထုတ်ပြန်သည်။

ပါကစ္စတန် အနောက်မြောက်ပိုင်း၌ လမ်းဘေးဗုံးပေါက်ကွဲ

ပါကစ္စတန်နိုင်ငံ အနောက်မြောက်ပိုင်း ကိုဟက်ခရိုင်ဘီလီတန်အရပ်တွင် ဧပြီ ၂၁ ရက် နံနက်က လမ်းဘေးဗုံးပေါက်ကွဲမှုဖြစ်ပွားခဲ့ကြောင်း၊ သေဆုံးဒဏ်ရာရရှိမှု မရှိကြောင်း ကိုဟက်ခရိုင်ရဲတပ်ဖွဲ့က ပြောကြားသည်။

ဩစတြေးလျလေကြောင်းလိုင်း ဥရောပသို့ပြန်လည်ပျံသန်း

အိုင်စလန်နိုင်ငံတွင် မီးတောင်ပေါက်ကွဲမှုကြောင့် ရပ်ဆိုင်းထားခဲ့ရသော ဩစတြေးလျမှ ကင်းန်တက်စ်လေကြောင်းလိုင်းသည် လန်ဒန်မြို့နှင့် ဂျာမနီနိုင်ငံ ဖရန့်ဖွတ်မြို့တို့အပါအဝင် ဥရောပမြို့ကြီးများသို့ ဧပြီ ၂၁ ရက်မှစတင်ကာ ပျံသန်းနေပြီဖြစ်ကြောင်း သတင်းထုတ်ပြန်သည်။

ကမ္ဘောဒီးယား၌ မိုးကြိုးပစ်ခံရသဖြင့် ခြောက်ဦးသေဆုံး

ကမ္ဘောဒီးယားနိုင်ငံ ဟူရာဆက်ပြည်နယ်ရှိ ရွှန်းရွာနှင့်ကမ်ပင်းရွာတို့တွင် ဧပြီ၁၉ရက်က မိုးကြိုးပစ်ခံရသဖြင့် ရွာသားခြောက်ဦးသေဆုံးခဲ့ကြောင်း ကမ္ဘောဒီးယား ရဲတပ်ဖွဲ့က ပြောကြားသည်။

ကိုလံဘီယာ၌ စစ်ရဟတ်ယာဉ်နှစ်စင်း တိုက်မိ

ကိုလံဘီယာနိုင်ငံ အနောက်တောင်ပိုင်း ဝေဟင်၌ စစ်ဘက်ရဟတ်ယာဉ်နှစ်စင်း တိုက်မိ၍ ပျက်ကျခဲ့ရာ ခြောက်ဦးသေဆုံးပြီး ငါးဦးဒဏ်ရာရရှိခဲ့ကြောင်း ကိုလံဘီယာစစ်ဘက်က ဧပြီ ၂၁ရက်၌ သတင်းထုတ်ပြန်သည်။

ဒတ်ချ်ဝန်ကြီးချုပ် တောင်ကိုရီးယားသို့သွားရောက်မည်

ဒတ်ချ်နိုင်ငံဝန်ကြီးချုပ် ဂျန်ပီတာတယ်ကီးသည် နှစ်နိုင်ငံကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုတိုးမြှင့်စေရန်အတွက် တောင်ကိုရီးယားသမ္မတ အီမြောင်ဘတ်နှင့် တွေ့ဆုံဆွေးနွေးရန် ဧပြီ ၂၈ရက်မှ ၂၉ရက်အထိ အလည်အပတ်ခရီးသွားရောက်မည်ဖြစ်ကြောင်း တောင်ကိုရီးယားအရာရှိများက ဧပြီ ၂၁ရက်၌ သတင်းထုတ်ပြန်သည်။

တရုတ်နိုင်ငံအရှေ့ပိုင်း၌ မြေပြိုမှုဖြစ်ပွား

တရုတ်နိုင်ငံအရှေ့ပိုင်း ကျီကျင်းပြည်နယ် ကျန်ဒီအရပ်၌ ဧပြီ ၂၁ ရက်က မြေပြိုမှုဖြစ်ပွားရာ ရှစ်ဦးသေဆုံးခဲ့ကြောင်း၊ ကယ်ဆယ်ရေးလုပ်ငန်းများဆောင်ရွက်ပေးလျက်ရှိကြောင်း တရုတ်အရာရှိများက ပြောကြားသည်။ (အပေါ်ပုံ)

(အင်တာနက်)

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီးဒေါ်ကြိုင်ကြိုင်တို့ လောကမာရ်အောင် ရွှေဂူကြီးစေတီတော်အရှေ့ဘက်မုခ်ရှိ ဗုဒ္ဓရုပ်ပွားတော်မြတ်အား ဖူးမြော်ကြည်ညိုကြစဉ်။ (သတင်းစဉ်)

ကျောက်ဆည် အင်ရောင်းကျေးရွာ လောကမာရ်အောင်ရွှေဂူကြီးဓမ္မဗိမာန်တော် ရေစက်ချအလှူတော်မင်္ဂလာကျင်းပ နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီးဒေါ်ကြိုင်ကြိုင် တက်ရောက်ကြည်ညို၊ လှူဖွယ်ပစ္စည်းများဆက်ကပ်

နေပြည်တော် ဧပြီ ၂၁

မန္တလေးတိုင်း ကျောက်ဆည်မြို့နယ် အင်ရောင်းကျေးရွာရှိ လောကမာရ်အောင် ရွှေဂူကြီး ဓမ္မဗိမာန်တော် ရေစက်ချအလှူတော်မင်္ဂလာအခမ်းအနားကို ဧပြီ ၁၇ရက် (မြန်မာနှစ်ဆန်းတစ်ရက်) နံနက် ၉နာရီ ၄၅မိနစ်တွင် အဆိုပါဓမ္မဗိမာန်တော်၌ကျင်းပရာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီးဒေါ်ကြိုင်ကြိုင်တို့ တက်ရောက်ကြည်ညို၍ ဆရာတော်ကြီးများအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

တက်ရောက်ကြည်ညို

အလှူတော်မင်္ဂလာ အခမ်းအနားသို့ နိုင်ငံတော်သြဝါဒါစရိယ မန္တလေးမြို့ မြတောင်တိုက် ပဓာနနာယက ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တသာသနာဘိဝံသနှင့် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် မန္တလေးမြို့ ဗန်းမော်ကျောင်းတိုက် ပဓာနနာယကဆရာတော် အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက အဂ္ဂမဟာပဏ္ဍိတ ဒေါက်တာဘဒ္ဒန္တကုမာရာဘိဝံသတို့ အမှူးပြုတော်မူသော ဆရာတော် သံဃာတော်များ ကြွရောက်ချီးမြှင့်တော်မူကြပြီး နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီးသူရရွှေမန်း၊ ကာကွယ်ရေးဦးစီးချုပ်(လေ)၊ မန္တလေးတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အမှတ်(၁) စက်မှုဝန်ကြီးဌာနဝန်ကြီး၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ဝန်ကြီး၊ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ တပ်မတော်အရာရှိကြီးများ၊ ဌာနဆိုင်ရာ တာဝန်ရှိပုဂ္ဂိုလ်များ၊ တိုင်း၊ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ ဘာသာရေးနှင့်လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ဒေသခံပြည်သူများ တက်ရောက်ကြည်ညိုကြသည်။

ရှေးဦးစွာ ကြွရောက်တော်မူကြသည့် ဆရာတော် သံဃာတော်များနှင့် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၊ ဇနီး ဒေါ်ကြိုင်ကြိုင်တို့ အမှူးပြုသော ပရိသတ်များက နမောတဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ အခမ်းအနားကို ဖွင့်လှစ်ကြသည်။

ကိုးပါးသီလခံယူဆောက်တည်

ထို့နောက် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့အကျိုးတော်ဆောင် မန္တလေးမြို့ ဗန်းမော်ကျောင်းတိုက် ပဓာန နာယက ဆရာတော် အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက အဂ္ဂမဟာပဏ္ဍိတ ဒေါက်တာဘဒ္ဒန္တကုမာရာဘိဝံသထံမှ ပရိသတ်များက ကိုးပါးသီလခံယူဆောက်တည်ကြသည်။

ဆက်လက်၍ ဆရာတော် သံဃာတော်များ ရွတ်ပွားချီးမြှင့်တော်မူသော ပရိတ်တရားတော်များကို နာယူကြသည်။

ဆက်ကပ်လှူဒါန်း

ယင်းနောက် ဆရာတော်ကြီးများအား နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီး သန်းရွှေ၊ ဇနီး ဒေါ်ကြိုင်ကြိုင်နှင့် အဖွဲ့ဝင်များက လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် နိုင်ငံတော်သြဝါဒါစရိယ မန္တလေးမြို့ မြတောင်တိုက် ပဓာန နာယက ဆရာတော် အဘိဓဇ မဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တသာသနာဘိဝံသထံမှ ဗိုလ်ချုပ်မှူးကြီးနှင့်ဇနီးတို့ အမှူးပြုသော ပရိသတ်များက အနုမောဒနာတရားနာယူကြပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။

ယင်းနောက် ဆရာတော် သံဃာတော်များနှင့် ပရိသတ်များက ဗုဒ္ဓသာသနံစိရံ တိဋ္ဌတု သုံးကြိမ်ရွတ်ဆို ဆုတောင်း၍ အလှူတော်မင်္ဂလာအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

နေ့ဆွမ်းဆက်ကပ်

ထို့နောက် ကြွရောက်တော်မူကြသည့် ဆရာတော် သံဃာတော်များအား နိုင်ငံတော်အကြီးအကဲနှင့်ဇနီးတို့က နေ့ဆွမ်းဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် ဗိုလ်ချုပ်မှူးကြီး သန်းရွှေနှင့်ဇနီး ဒေါ်ကြိုင်ကြိုင်တို့သည် လောကမာရ်အောင်ရွှေဂူကြီး စေတီတော်သို့ရောက်ရှိကြပြီး စေတီတော်အရှေ့ဘက်မုခ် အာရုံခံတန်ဆောင်းရှိ ဗုဒ္ဓရုပ်ပွားတော်မြတ်အား ပန်း၊ ရေချမ်း၊ သစ်သီးဆွမ်းများကပ်လှူ၍ ဖူးမြော်ကြည်ညိုကြသည်။

ထို့နောက် စေတီတော်ကြီးအား လက်ယာရစ် လှည့်လည်ကြည်ညိုကြသည်။

ရွှေထီးတော်တင်လှူ

နံနက်ပိုင်းကလည်း ကျောက်ဆည်မြို့နယ် တောတွင်ကျေးရွာ၌ တည်ထားကိုးကွယ်သည့် ရန်အောင်၊ မာရ်အောင် ဆုတောင်းပြည့်စေတီတော်နှစ်ဆူတို့အား အထက်ဌာပနာတော်သွင်းခြင်း၊ ရွှေထီးတော်တင်လှူခြင်းနှင့် ဗုဒ္ဓါဘိသေက အနေကဇာတင် မင်္ဂလာအခမ်းအနားကို ကျင်းပခဲ့ရာ နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီး သန်းရွှေ၊ ဇနီး ဒေါ်ကြိုင်ကြိုင်နှင့် အဖွဲ့ဝင်များ တက်ရောက်ကြည်ညိုခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ကျောက်ဆည်မြို့နယ် အင်ရောင်းကျေးရွာ လောကမာရ်အောင် ရွှေဂူကြီး ဓမ္မဗိမာန်တော်ကို တွေ့ရစဉ်။ (သတင်းစဉ်)

STI Education မှ အင်္ဂလိပ်ဘာသာဆရာဖြစ်သင်တန်း အတန်းသစ်များစတင်တော့မည်

ရန်ကုန် ဧပြီ ၂၁

STI Education သည် London Teacher Training College (LTTC), UK နှင့် မြန်မာနိုင်ငံ၏ ပထမဦးဆုံး၊ အစောဆုံးမိတ်ဖက်ကျောင်းအဖြစ် ၂၀၀၆ခုနှစ်မှ စတင်၍ ဆရာဖြစ်သင်တန်းများ စတင်ပို့ချခဲ့သည်။ ထိုသို့ သင်ကြားပို့ချရာ၌ Certificate မှ Diploma အထိ အဆင့်ဆင့်တက်ရောက်နိုင်ကြသည်။

အခြေခံ

STI ၏ Diploma in TESOL, Certificate in TEFL နှင့် Certificate in TEYLT လက်မှတ်များသည် သင်တန်းသားများအား လိုအပ်သည့် ခေတ်သစ်သင်ကြားရေး စနစ်များကို အခြေခံထားသည်။

ဆရာဖြစ်သင်တန်း သင်ကြားရာတွင် ရေးသားပုံများ၊ သီချင်းများ၊ Rhyme များ၊ Chant များနှင့် နားထောင်မှုစွမ်းရည်များ၊ အင်္ဂလိပ်ဘာသာစကားဖြင့် ကစားပွဲများ ပြုလုပ်ခြင်း၊ သင်ခန်းစာများ ရေးဆွဲခြင်း၊ သင်ရိုးညွှန်းတမ်းများ ဖန်တီးခြင်းများကို ရည်ရွယ်၍ ထူးခြားပြောင်မြောက်သည့် ဆရာများဖြစ်စေရန် STI က သင်ကြားပို့ချမည်ဖြစ်သည်။

အကျွမ်းတဝင်

နိုင်ငံခြားသားများနှင့် ပညာရေး၊ စီးပွားရေးအရ ဆက်သွယ်ရသောအခါ ၎င်းတို့၏ လေယူလေသိမ်း၊ အသုံးအနှုန်း၊ idioms စသည်တို့ကို အကျွမ်းတဝင်ရှိစေရန် STI အင်္ဂလိပ်ဘာသာရပ်ကို အထင်ကရ၊ နိုင်ငံခြားတက္ကသိုလ်များမှ M.A (Linguistics) ဘွဲ့ရပြီး အာရှတစ်ခွင် နှစ်ပေါင်းမြောက်မြားစွာ သင်ကြားမှုအတွေ့အကြုံရှိသူ Native Trainer များက ပို့ချမည်ဖြစ်သည်။

ယခုအခါ ကမ္ဘာနှင့်အဝန်း အင်္ဂလိပ်ဘာသာသင်ယူသူ တစ်ရှိန်ထိုးတိုးတက်လာရာ သင်တန်းသားများ၏ အလုပ်အကိုင်အခွင့်အလမ်းကောင်းများ ပေါ်လာပြီဖြစ်သည်။ ဘာသာစကားမူဝါဒ၊ ဆရာအတတ်သင် ပညာရေး၊ သူငယ်တန်းမှ အထက်တန်းအဆင့်အထိ ကျောင်းသားသူငယ်များ၏ လိုအပ်ချက်များ ဖြည့်ဆည်းနိုင်ရန် STI သင်တန်းကျောင်းက ထူးခြားဆန်းသစ်သည့် ပုံစံမျိုးစုံဖြင့် သင်ကြားပေးလျက်ရှိရာ သင်တန်းအောင်မြင်ပြီးဆုံးသူများမှာ အရှေ့တောင်အာရှနိုင်ငံများတွင် အင်္ဂလိပ်စာဆရာအဖြစ် အောင်မြင်စွာ အသက်မွေးလျက်ရှိကြသည်။

ဆက်သွယ်စုံစမ်း

သင်တန်းကို စနေ၊ တနင်္ဂနွေအတန်းခွဲများ သင်ကြားပို့ချလျက်ရှိကြောင်း၊ တန်းခွဲသစ်များကို မေ ၂၇ရက်တွင် စတင်သင်ကြားမည်ဖြစ်ပါသဖြင့် အသေးစိတ်သိရှိလိုပါက အမှတ် ၃၅၇ ရွှေဘုံသာအထက်လမ်း၊ ပန်းဘဲတန်းမြို့နယ်သို့လည်းကောင်း၊ အဆောင် (၄) အခန်း(၇) မြန်မာအင်ဖိုတက်ခ် လှိုင်မြို့နယ်သို့လည်းကောင်း၊ ဖုန်း- ၂၅၀၀၅၆၊ ၇၀၀၂၇၃၊ ၅၀၇၀၄၈၊ ၅၀၇၁၅၁၊ ၅၀၇၁၅၂ တို့သို့လည်းကောင်း ဆက်သွယ်စုံစမ်း စာရင်းသွင်းအပ်နှံနိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ထူးခြားသည့် နေ့အပူချိန် ၂၁-၄-၂၀၁၀

မင်းဘူးမြို့	၄၂ ဒသမ ၅ ဒီဂရီစင်တီဂရိတ်
မန္တလေးမြို့	၄၂ ဒီဂရီစင်တီဂရိတ်

၂၀၁၀ ခုနှစ် နေပြည်တော် မဟာသင်္ကြန်

Tour Gold Cup ဂေါက်သီးရိုက်ပြိုင်ပွဲ ဆုချီးမြှင့်ပွဲအခမ်းအနားကျင်းပ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် တက်ရောက်အားပေး၍ ဆုချီးမြှင့်

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် ဂေါက်ကွင်း သုံးကွင်း သုံးရက်ပေါင်း အကောင်းဆုံး အသင်းဆုရ တယက (ရန်ကုန်) အသင်းအား နေပြည်တော် မဟာသင်္ကြန် Tour Gold Cup ရွှေစင်ရုပ်တု ဆုကြီးကို ပေးအပ်ချီးမြှင့်စဉ်။ (သတင်းစဉ်)

နေပြည်တော် ဧပြီ ၂၁

၂၀၁၀ ခုနှစ် နေပြည်တော် မဟာသင်္ကြန် Tour Gold Cup ဂေါက်သီးရိုက်ပြိုင်ပွဲ ဆုချီးမြှင့်ပွဲအခမ်းအနားကို ဧပြီ ၁၆ရက် ညနေပိုင်းက နေပြည်တော်ဂေါက်ကွင်း၌ကျင်းပရာ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် တက်ရောက်အားပေး၍ နေပြည်တော် မဟာသင်္ကြန် Tour Gold Cup ရွှေစင်ရုပ်တု ဆုကြီးကို ဆုရအသင်းအား ပေးအပ်ချီးမြှင့်သည်။

တက်ရောက်

ဆုချီးမြှင့်ပွဲအခမ်းအနားသို့ ကာကွယ်ရေးဝန်ကြီးဌာနမှ တပ်မတော်အရာရှိကြီးများ၊ အစိုးရအဖွဲ့ အဖွဲ့ဝင် ဝန်ကြီးများ၊ စာရင်းစစ်ချုပ်၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာ အကြီးအကဲများနှင့် ပြိုင်ပွဲဝင်အသင်း(၂၀)တို့မှ ဂေါက်သီးရိုက်အားကစားသမားများ တက်ရောက်ကြသည်။

နေပြည်တော်မဟာသင်္ကြန် Tour Gold Cup ဂေါက်သီးရိုက်ပြိုင်ပွဲကို ဧပြီ ၁၄ရက် (သင်္ကြန်အကျနေ့) မှ ဧပြီ ၁၆ရက် (သင်္ကြန်အတက်နေ့)အထိ နေပြည်တော်ရှိ နေပြည်တော်ဂေါက်ကွင်း၊ မြို့တော်ဂေါက်ကွင်းနှင့် Royal Myanmar Golf & Country Club ဂေါက်ကွင်းတို့၌ကျင်းပခဲ့ရာ ပြိုင်ပွဲဝင်အသင်းများဖြစ်သည့် အုပ်စု(က)မှ MGR (HK) အသင်း၊ တယက(ရန်ကုန်)အသင်း၊ တယက(စစ်ကိုင်း)အသင်း၊ သစ်တောရေးရာအသင်း၊ နယ်စပ်/စည်ပင်အသင်း၊ ရွှိုင်ရယ်(မင်္ဂလာဒုံ)အသင်းနှင့် သစ်လုပ်ငန်းရှင်များအသင်း၊ အုပ်စု(ခ)မှ ပြည်ထဲရေးအသင်း၊ ပယက(ကချင်)အသင်း၊ တယက(မကွေး)အသင်း၊ ကောင်းမြတ်အသင်း၊ လေတပ်ကလပ်အသင်း၊ ရေပြာအသင်းနှင့် Max Fli အသင်း၊ အုပ်စု(ဂ)မှ တယက(မန္တလေး)အသင်း၊ တပ်မတော်(ကြည်း)အသင်း၊ ရေတပ်ကလပ်အသင်း၊ စီးပွား/ကူးသန်းအသင်း၊ ဂေါက်ပါရာဒိုက်အသင်းနှင့် မြတ်ပန်းတော်ဝင်အသင်းတို့မှ ဂေါက်သီးရိုက်အားကစားသမား (၁၂၀)တို့သည် ဧပြီ ၁၄ရက်မှ ဧပြီ ၁၆ရက်အထိ တစ်နေ့လျှင် ဂေါက်ကွင်း တစ်ကွင်းကျစီ အုပ်စုအလိုက် အလှည့်ကျ လှည့်လည်ဂေါက်သီးရိုက်ယှဉ်ပြိုင်ခဲ့ကြသည်။

နေပြည်တော်မဟာသင်္ကြန် Tour Gold Cup ဂေါက်သီးရိုက်ပြိုင်ပွဲသည် ဂေါက်ကွင်းအလိုက် ရိုက်ချက် တစ်ဦးချင်းနှင့် အသင်းလိုက်ပြိုင်ပွဲဆုများ၊ ဂေါက်ကွင်းသုံးကွင်း၌ သုံးရက်ပေါင်း ရိုက်ချက်တစ်ဦးချင်းနှင့် အသင်းလိုက်ဆုများပါ ချီးမြှင့်သော ပြိုင်ပွဲဖြစ်သည်။

ပေးအပ်ချီးမြှင့်

ဆုချီးမြှင့်ပွဲအခမ်းအနားတွင် ရှေးဦးစွာ ကွင်းအလိုက်ကျင်းပခဲ့သော ဂေါက်သီးရိုက်ပြိုင်ပွဲများတွင် တစ်ဦးချင်းဆုရရှိသူများနှင့် ဆုရရှိကြသော အသင်းများအား ဆုများပေးအပ်ချီးမြှင့်ကြရာ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်က Royal Myanmar Golf & Country Club ဂေါက်ကွင်း၌ကျင်းပသည့် ပြိုင်ပွဲများတွင် အသားတင်ရိုက်ချက် (၇၁)ချက်ဖြင့် ပဉ္စမဆုရ ရွှိုင်ရယ်(မင်္ဂလာဒုံ)အသင်းမှ ဇော်ပိုင်ဦး၊ အသားတင် ရိုက်ချက်(၇၁)ချက်ဖြင့် တစ်ဦးချင်း စတုတ္ထဆုရ သစ်တောရေးရာအသင်းမှ သူရကျော်၊ အသားတင်ရိုက်ချက် (၇၁)ချက်ဖြင့် တစ်ဦးချင်း တတိယဆုရ တယက (မန္တလေး)အသင်းမှ ကျော်စွာလင်း၊ အသားတင်ရိုက်ချက် (၇၀)ဖြင့် တစ်ဦးချင်း ဒုတိယဆုရ တယက(မန္တလေး)အသင်းမှ မင်းနိုင်၊ အသားတင်ရိုက်ချက် (၆၈)ချက်ဖြင့် တစ်ဦးချင်း ပထမဆုရ ကောင်းမြတ်အသင်းမှ သိန်းဇော်မြင့်၊ အသင်းလိုက်ပြိုင်ပွဲတွင် စုစုပေါင်းရိုက်ချက် (၃၇၃)ချက်ဖြင့် ဒုတိယဆုရ တယက(မန္တလေး)အသင်းနှင့် စုစုပေါင်းရိုက်ချက် (၃၇၃)ချက် ဖြင့် ပထမဆုရ သစ်တောရေးရာအသင်း၊ ပါအများဆုံးဆုရ သစ်တောရေးရာအသင်းမှ မြင့်သောင်း၊ ဘာဒီအများဆုံးဆုရ ရွှိုင်ရယ်(မင်္ဂလာဒုံ) အသင်းမှ ဇော်ပိုင်ဦး၊ အဝေးဆုံး ရိုက်ချက်ဆုရ တယက(ရန်ကုန်)အသင်းမှ မင်းသူရအောင်၊ ကျင်းနှင့်အနီးဆုံး ရိုက်ချက်ဆုရ လေတပ်ကလပ်အသင်းမှ ကျော်မျိုးသူ၊ Eagle အများဆုံးဆုရ သစ်လုပ်ငန်းရှင်များအသင်းမှ မြင့်ရွှေနှင့် တယက(ရန်ကုန်)အသင်းမှ လှမျိုးတို့အား ဆုများကို ပေးအပ်ချီးမြှင့်သည်။

ယင်းနောက် နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွန့်က မြို့တော်ဂေါက်ကွင်း၌ ကျင်းပခဲ့သော ပြိုင်ပွဲများတွင် တစ်ဦးချင်းနှင့် အသင်းလိုက်ဆုရရှိကြသည့် အသားတင် ရိုက်ချက်(၇၁)ချက်ဖြင့် ပဉ္စမဆုရ ပယက(ကချင်)အသင်းမှ ဇော်ဇော်လတ်၊ အသားတင် ရိုက်ချက်(၇၀)ဖြင့် စတုတ္ထဆုရ MGR (HK) အသင်းမှ ဘိုဘို၊ အသားတင် ရိုက်ချက်(၇၀)ဖြင့် တတိယဆုရ ရွှိုင်ရယ်(မင်္ဂလာဒုံ)အသင်းမှ ရန်မျိုးအေး၊ အသားတင် ရိုက်ချက်(၇၀)ဖြင့် ဒုတိယဆုရ သစ်လုပ်ငန်းရှင်များအသင်းမှ မြင့်ရွှေ၊ အသားတင်ရိုက်ချက် (၆၉)ချက်ဖြင့် ပထမဆုရ တယက (ရန်ကုန်)အသင်းမှ တင်လင်းကို၊ အသင်းလိုက်ပြိုင်ပွဲတွင် စုစုပေါင်းရိုက်ချက်(၃၇၃)ချက်ဖြင့် ဒုတိယဆုရ MGR(HK) အသင်းနှင့် စုစုပေါင်းရိုက်ချက် (၃၆၈)ချက်ဖြင့် ပထမဆုရ တယက(ရန်ကုန်)အသင်း၊ ပါအများဆုံးဆုရ သစ်တောရေးရာ အသင်းမှ အောင်ဝင်း၊ ဘာဒီအများဆုံးဆုရ ကောင်းမြတ်အသင်းမှ သိန်းဇော်မြင့်၊ အဝေးဆုံး ရိုက်ချက်ဆုရ သစ်လုပ်ငန်းရှင်များအသင်းမှ ယဉ်ထွေးနှင့် ကျင်းနှင့်အနီးဆုံးရိုက်ချက် ဆုရ Max Fli အသင်းမှ ခင်ဇော်ဝင်းတို့အား ဆုများကိုပေးအပ် ချီးမြှင့်သည်။

နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝေလွင် သုံးရက်ပေါင်း အသင်းလိုက် ပထမဆုရ တယက (ရန်ကုန်)အသင်းအား ဆုပေးအပ်ချီးမြှင့်စဉ်။ (သတင်းစဉ်)

တွဲဖက်စစ်ရေးချုပ် ဗိုလ်ချုပ်လှရွှေ ဂေါက်ကွင်း သုံးကွင်း သုံးရက်ပေါင်းတွင် Eagle အများဆုံး ဆုရရှိသူ ကောင်းမြတ်အသင်းမှ သိန်းဇော်မြင့်အား ဆုပေးအပ်ချီးမြှင့်စဉ်။ (သတင်းစဉ်)

နေပြည်တော်ဂေါက်ကွင်း

ထို့နောက် တွဲဖက်စစ်ထောက်ချုပ် ဗိုလ်ချုပ်ခင်မောင်ထွန်းက နေပြည်တော်ဂေါက်ကွင်း၌ကျင်းပသည့် ပြိုင်ပွဲများတွင် အသားတင်ရိုက်ချက် (၇၁)ချက်ဖြင့် ပဉ္စမဆုရ တယက(ရန်ကုန်)အသင်းမှ သက်ဇော်ထွေး၊ အသားတင်ရိုက်ချက် (၇၀)ဖြင့် စတုတ္ထဆုရ တယက(ရန်ကုန်)အသင်းမှ ဇော်ဇင်ဝင်း၊ အသားတင်ရိုက်ချက် (၇၀)ဖြင့် တတိယဆုရ ပယက(ကချင်)အသင်းမှ ဇော်ဇော်လတ်၊ အသားတင်ရိုက်ချက်(၆၉)ချက်ဖြင့် ဒုတိယဆုရ ကောင်းမြတ်အသင်းမှ သိန်းဇော်မြင့်၊ အသားတင်ရိုက်ချက် (၆၇)ချက်ဖြင့် ပထမဆုရ တယက(ရန်ကုန်)အသင်းမှ လှမျိုး၊ အသင်းလိုက်ပြိုင်ပွဲတွင် စုစုပေါင်းရိုက်ချက် (၃၆၉) ချက်ဖြင့် ဒုတိယဆုရ ရေတပ်ကလပ်အသင်းနှင့် စုစုပေါင်း ရိုက်ချက်(၃၅၆)ချက်ဖြင့် ပထမဆုရ တယက(ရန်ကုန်)အသင်း၊ ပါအများဆုံးဆုရ ရွှိုင်ရယ်(မင်္ဂလာဒုံ)အသင်းမှ ရန်မျိုးအေး၊ ဘာဒီအများဆုံးဆုရ တယက(ရန်ကုန်)အသင်းမှ လှမျိုး၊ အဝေးဆုံးရိုက်ချက်ဆုရ တယက(ရန်ကုန်) အသင်းမှ တင်လင်းကို၊ အနီးဆုံးရိုက်ချက်ဆုရ သစ်တောရေးရာ အသင်းမှ အောင်ဝင်းနှင့် Eagle အများဆုံးဆုရ ကောင်းမြတ်အသင်းမှ သိန်းဇော်မြင့်တို့အား ဆုများကိုပေးအပ် ချီးမြှင့်သည်။

တွဲဖက်စစ်ထောက်ချုပ် ဗိုလ်ချုပ် ခင်မောင်ထွန်း နေပြည်တော် ဂေါက်ကွင်း၌ ကျင်းပသည့် အသင်းလိုက်ပြိုင်ပွဲတွင် ဒုတိယဆုရ ရေတပ်ကလပ်အသင်းအား ဆုပေးအပ်ချီးမြှင့်စဉ်။ (သတင်းစဉ်)

ဆုချီးမြှင့်

ထိုသို့ ကွင်းအလိုက်ဆုများပေးအပ်ချီးမြှင့်ပြီးနောက် ဂေါက်ကွင်းသုံးကွင်း သုံးရက်ပေါင်းတွင် ပါအများဆုံး ဆုရ သစ်တောရေးရာအသင်းမှ အောင်ဝင်း၊ ဘာဒီအများဆုံးဆုရ တယက(ရန်ကုန်)အသင်းမှ လှမျိုး၊ အဝေးဆုံး ရိုက်ချက်ဆုရ တယက(ရန်ကုန်)အသင်းမှ တင်လင်းကို၊ ကျင်းနှင့်အနီးဆုံးရိုက်ချက်ဆုရ Max Fli အသင်းမှ ခင်ဇော်ဝင်းနှင့် Eagle အများဆုံးဆုရ ကောင်းမြတ်အသင်းမှ သိန်းဇော်မြင့်တို့အား တွဲဖက်စစ်ရေးချုပ် ဗိုလ်ချုပ် လှရွှေက ဆုများကိုပေးအပ် ချီးမြှင့်သည်။

အားကစားဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်အသင်းလိုက် ပြိုင်ပွဲတွင် ပထမဆုရ သစ်တောရေးရာအသင်းအား ဆုပေးအပ်ချီးမြှင့်စဉ်။ (သတင်းစဉ်)

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွန့် မြို့တော်ဂေါက်ကွင်း၌ ကျင်းပခဲ့သည့် အသင်းလိုက် ပြိုင်ပွဲတွင် ဒုတိယဆုရ MGR(HK) အသင်းအား ဆုပေးအပ်ချီးမြှင့်စဉ်။ (သတင်းစဉ်)

ဒုတိယဆု

ယင်းနောက် ကွင်းသုံးကွင်း သုံးရက်ပေါင်းရိုက်ချက် တစ်ဦးချင်း ဒုတိယဆုနှင့် အသင်းလိုက် ဒုတိယဆုများကို ပေးအပ်ချီးမြှင့်ရာ နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့်စည်ပင်သာယာရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွန့်က သုံးရက်ပေါင်းရိုက်ချက် (၂၁၃)ချက်ဖြင့် တစ်ဦးချင်း ဒုတိယဆုရ ပယက(ကချင်)အသင်းမှ ဇော်ဇော်လတ်နှင့် အသင်းလိုက်စုစုပေါင်းရိုက်ချက် (၁၁၃၁)ချက်ဖြင့် ဒုတိယဆုရ ရေတပ်ကလပ်အသင်းတို့အား ဆုများကိုပေးအပ် ချီးမြှင့်သည်။ *စာမျက်နှာ ၁၁ ကော်လံ ၁သို့*

* *ကျော်ဖုံးမှ*

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီးသူရရွှေမန်း၊ ကာကွယ်ရေးဝန်ကြီးဌာနမှ တပ်မတော်အရာရှိကြီးများ၊ တိုင်းမှူးများ၊ အစိုးရအဖွဲ့ အဖွဲ့ဝင် ဝန်ကြီးများနှင့် တာဝန်ရှိပုဂ္ဂိုလ်များလိုက်ပါလျက် နံနက် ၉နာရီ ၁၅မိနစ်တွင် ရဟတ်ယာဉ်များဖြင့် စစ်ကိုင်းတိုင်း ရွှေဘိုမြို့နယ် ကျောက်မြောင်းဘက်ကမ်း နွယ်ငြိမ်းကျေးရွာရှိ ရတနာသိင်္ဃတံတား တည်ဆောက်ရေးစီမံကိန်းသို့ ရောက်ရှိသည်။

နိုင်ငံတော်အကြီးအကဲနှင့် အဖွဲ့ဝင်များအား စစ်ကိုင်းတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ အနောက်မြောက်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်စိုး၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ နွယ်ငြိမ်းကျေးရွာနှင့် ပတ်ဝန်းကျင်ရှိ ဒေသခံပြည်သူများ၊ ယိမ်းအကအဖွဲ့ဝင်များက လှိုက်လှဲစွာကြိုဆိုကြသည်။

တက်ရောက်ချီးမြှင့်

ထို့နောက် ဗိုလ်ချုပ်မှူးကြီးနှင့် အဖွဲ့ဝင်များသည် ရတနာသိင်္ဃတံတား တည်ဆောက်ရေးစီမံကိန်း ကျောက်မြောင်းဘက်ကမ်း စီမံကိန်းရှင်းလင်းဆောင်အနီးရှိ မင်္ဂလာမဏ္ဍပ်၌ကျင်းပသည့် ရတနာသိင်္ဃတံတား တည်ဆောက်ရေးစီမံကိန်း ပန္နက်တော်တင် မင်္ဂလာအခမ်းအနားသို့ တက်ရောက်ချီးမြှင့်ကြသည်။

မင်္ဂလာအခမ်းအနားသို့ တိုင်းမှူး ဗိုလ်ချုပ်မြင့်စိုး၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း ခေတ္တဦးဆောင်ညွှန်ကြားရေးမှူးနှင့် တာဝန်ရှိသူများ၊ တိုင်း၊ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ရွှေဘိုမြို့နယ်အတွင်းရှိ ကျေးရွာများမှ ဒေသခံပြည်သူများ၊ ရွှေဘိုမြို့ မင်္ဂလာစည်တော်အဖွဲ့၊ မခေါက်ကျေးရွာဗြောအဖွဲ့နှင့် အိုးစည်ဒိုးပတ်အကအဖွဲ့များ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီးသူရရွှေမန်းက ရတနာသိင်္ဃတံတားတည်ဆောက်ရေးစီမံကိန်း၏ မင်္ဂလာပန္နက်တော်ကို စက်ခလုတ်နှိပ်၍ ရိုက်သွင်းပေးသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် တံတားအူကြောင်းနှင့် ချဉ်းကပ်လမ်းအူကြောင်းတို့ကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် စီမံကိန်းရှင်းလင်းဆောင်၌ ဗိုလ်ချုပ်မှူးကြီးအား ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့်က ရတနာသိင်္ဃတံတားနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြရာ၌ စစ်ကိုင်းတိုင်း ရွှေဘိုခရိုင် ရွှေဘိုမြို့နယ် ကျောက်မြောင်းဒေသနှင့် မန္တလေးတိုင်း ပြင်ဦးလွင်ခရိုင် စဉ့်ကူးမြို့အနီးတွင် ဧရာဝတီမြစ်ကို ဖြတ်ကျော်သွားလာနိုင်မည့် နှစ်လမ်းသွား ကားလမ်းတံတားတစ်စင်း တည်ဆောက်ရန် လျာထားဆောင်ရွက်ခဲ့မှု၊ တံတားအူကြောင်းရှာဖွေခဲ့မှု၊ ပင်မတံတားအရှည်နှင့် ချဉ်းကပ်လမ်းများအရှည်၊ တံတားကြီးတည်ဆောက်ပြီးစီးပါက ဧရာဝတီမြစ်အရှေ့ဘက်ကမ်းရှိ စဉ့်ကူးမြို့မှတစ်ဆင့် မန္တလေး-မတ္တရာ-ဗန်းမော်-မြစ်ကြီးနားလမ်းသို့ ရောက်ရှိပြီး ယင်းလမ်းမကြီးမှတစ်ဆင့် မိုးကုတ်၊ မိုးမိတ်နှင့် မဘိမ်းမြို့များသို့ ဆက်သွယ်သွားလာနိုင်မည့်အခြေအနေ၊ ဧရာဝတီမြစ်အနောက်ဘက်ကမ်းရှိ နွယ်ငြိမ်း-ကျောက်မြောင်း-ရွှေဘိုမှတစ်ဆင့် မန္တလေး-ရွှေဘို-မြစ်ကြီးနားလမ်းသို့လည်းကောင်း၊ ရွှေဘို-ခင်ဦး-ရေဦး-ကလေးဝလမ်းသို့လည်းကောင်း၊ ရွှေဘို-အရာတော်-မုံရွာ-ယာကြီး-ကလေးဝ-ကလေးမြို့လမ်းမှတစ်ဆင့် ချင်းပြည်နယ်သို့လည်းကောင်း အလွယ်တကူ ဆက်သွယ်သွားလာနိုင်မည့် အခြေအနေတို့ကို ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြ

ဆက်လက်၍ ဝန်ကြီးက တံတားတည်ဆောက်ရန် မြေစမ်းသပ်ခြင်းလုပ်ငန်းများနှင့် အကြိုအင်ဂျင်နီယာလုပ်ငန်းများ ဆောင်ရွက်နေမှု၊ စက်၊ ယာဉ်၊ ယန္တရားနှင့် ပစ္စည်းများစုဆောင်းရရှိမှုနှင့် တည်ဆောက်ဆဲ အခြား ဧရာဝတီမြစ်ကူးတံတားကြီး လေးစင်းတို့၏ တည်ဆောက်ပြီးစီးမှု အခြေအနေများကိုလည်းကောင်း၊ ချင်းတွင်း၊ သံလွင်နှင့် စစ်တောင်းမြစ်များတစ်လျှောက်၌ မြစ်ကူးတံတားများ တည်ဆောက်ပြီးစီးခဲ့မှု အခြေအနေများကိုလည်းကောင်း၊ ပဲခူးရိုးမကို ဖြတ်ကျော်ဆက်သွယ်သည့် လမ်းခုနစ်လမ်းတို့အား တည်ဆောက်နေမှု အခြေအနေများကိုလည်းကောင်း ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြချက်များနှင့်စပ်လျဉ်း၍ ဗိုလ်ချုပ်မှူးကြီးက နိုင်ငံတော်ခေတ်မီဖွံ့ဖြိုးတိုးတက်ရေးအတွက် လမ်းပန်းဆက်သွယ်ရေးပိုင်း၌ အခြေခံကောင်းများရှိရန် အရေးကြီးကြောင်း၊ ဤတံတားကြီးကို ချဉ်းကပ်လမ်းများနှင့်အတူ တစ်ပြိုင်တည်း အမြန်တည်ဆောက်ပြီးစီးပါက ဒေသခံပြည်သူများအနေဖြင့် မြန်မြန်အကျိုးခံစားရရုံသာမက ပတ်ဝန်းကျင်ဒေသတစ်ခုလုံး အမြန်ဖွံ့ဖြိုးတိုးတက်လာမှာဖြစ်ကြောင်းဖြင့် မှာကြားသည်။

ထို့နောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် ကြိုဆိုနေသော ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ရတနာသိင်္ဃတံတားကြီး

ရတနာသိင်္ဃတံတားကြီးသည် ဧရာဝတီမြစ်အရှေ့ဘက်ကမ်းရှိ မန္တလေးတိုင်း ပြင်ဦးလွင်ခရိုင် စဉ့်ကူးမြို့နှင့် အနောက်ဘက်ကမ်းရှိ စစ်ကိုင်းတိုင်း ရွှေဘိုမြို့နယ် ကျောက်မြောင်း-နွယ်ငြိမ်းကျေးရွာတို့ကို ဆက်သွယ်ပေးမည့် တံတားကြီးဖြစ်သည်။

တံတားပေါ်တွင် ၂၈ပေအကျယ်ရှိ နှစ်လမ်းသွားကားလမ်းနှင့် တစ်ဖက်လျှင် သုံးပေစီရှိသည့် လူသွားလမ်းများပါရှိမည်ဖြစ်ပြီး တံတား၏အရှည်မှာ ပေ ၂၄၈၀ရှိသည်။

တံတားအောက်ကိုယ်ထည်မှာ သံကူကွန်ကရစ် လွန်တူးပိုင်တိုင်အုတ်မြစ်နှင့် သံကူကွန်ကရစ်တိုင်ကိုယ်ထည်ဖြစ်ပြီး အပေါ်ကိုယ်ထည်မှာ သံမဏိသံပေါင်နှင့် သံကူကွန်ကရစ်ကြမ်းခင်း အမျိုးအစားဖြစ်သည်။ ရေလမ်းကင်းလွတ်အကျယ်မှာ ၁၅၈ပေရှိမည်ဖြစ်ပြီး တံတား၏ ယာဉ်တစ်စီးချင်း ခံနိုင်ဝန်မှာ တန် ၆၀ ဖြစ်သည်။

ရွှေလီ(၃) ရေအားလျှပ်စစ်စီမံကိန်း

နိုင်ငံတော်အကြီးအကဲနှင့် အဖွဲ့ဝင်များသည် ရတနာသိင်္ဃတံတား တည်ဆောက်ရေးစီမံကိန်းမှ ရဟတ်ယာဉ်များဖြင့် ဆက်လက်ထွက်ခွာခဲ့ရာ နံနက် ၁၁နာရီ ၅မိနစ်တွင် ရှမ်းပြည်နယ်(မြောက်ပိုင်း) ကျောက်မဲခရိုင် မိုးမိတ်မြို့နယ်ရှိ ရွှေလီ(၃) ရေအားလျှပ်စစ်စီမံကိန်းသို့ ရောက်ရှိကြသည်။

ဗိုလ်ချုပ်မှူးကြီးနှင့်အဖွဲ့ဝင်များအား ကချင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးဝင်းနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက ကြိုဆိုကြသည်။

မန္တလေးတိုင်း မတ္တရာမြို့နယ်ရှိ အထက်ဆည်တော်ကြီး ရေအားလျှပ်စစ်စီမံကိန်း အကောင်အထည်ဖော် ဆောင်ရွက်နေမှုကို တွေ့ရစဉ်။ (သတင်းစဉ်)

ပန္နက်တော်တင်

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ရတနာသိင်္ဃတံတား တည်ဆောက်ရေးစီမံကိန်း ပန္နက်တော်တင် မင်္ဂလာအခမ်းအနားသို့ တက်ရောက်ချီးမြှင့်စဉ်။ (သတင်းစဉ်)

တင်ပြ

ထို့နောက် စီမံကိန်းရှင်းလင်းဆောင်၌ အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးဇော်မင်းက ရွှေလီ(၃) ရေအားလျှပ်စစ်စီမံကိန်း တည်ဆောက်ရခြင်း၏ ရည်ရွယ်ချက်၊ ပင်မတမံတည်ဆောက်ရန် မြေနေရာများ စူးစမ်းရှာဖွေတိုင်းတာခဲ့မှု၊ ရွှေလီမြစ်ပေါ်၌ တည်ဆောက်ပြီးသော ရွှေလီ(၁) ရေအားလျှပ်စစ်စီမံကိန်း၊ တည်ဆောက်ဆဲ ရွှေလီ(၂)နှင့် ရွှေလီ(၃) ရေအားလျှပ်စစ်စီမံကိန်းတို့၏ ဆက်စပ်တည်ရှိနေမှု၊ စီမံကိန်းချဉ်းကပ်လမ်းများဖောက်လုပ်ပြီးစီးမှုအခြေအနေ၊ ပင်မတမံနှင့်အတူ ဆက်စပ်တည်ဆောက်ရမည့် ရေပိုလွှဲ၊ ရေယူအဆောက်အအုံ၊ ယာယီရေတားတမံ၊ ကုန်းကြောတမံ၊ ရေလွှဲရေထုတ်ပြွန် စသည့် အဆောက်အအုံများ၏ အနေအထားနှင့် နှစ်အလိုက်စီမံကိန်းလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်မည့် အစီအစဉ်တို့ကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးသာအေး၊ ဒုတိယဗိုလ်ချုပ်ကြီးမင်းအောင်လှိုင်နှင့် တိုင်းမှူးများက စီမံကိန်းဆိုင်ရာနှင့် ဒေသဆိုင်ရာ အခြေအနေများကို ဖြည့်စွက်ရှင်းလင်းတင်ပြကြပြီး အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့်က ထုတ်လုပ်ပေးမည့် လျှပ်စစ်ဓာတ်အားများကို မဟာဓာတ်အားလိုင်းကွန်ရက်အတွင်း ပို့လွှတ်ဖြန့်ဖြူးမည့် အစီအစဉ်နှင့် ဓာတ်အားလိုင်းများ သွယ်တန်းမည့်အစီအစဉ်တို့ကို ရှင်းလင်းတင်ပြသည်။

မှာကြားလမ်းညွှန်

တင်ပြချက်များအပေါ် ဗိုလ်ချုပ်မှူးကြီးက ရွှေလီ (၃) ရေအားလျှပ်စစ်စက်ရုံစီမံကိန်းသို့ ပစ္စည်းများ သယ်ယူပို့ဆောင်ရမည့် မော်တော်ကားလမ်းကြောင်းများ ခိုင်ခံ့ကောင်းမွန်ရေး၊ စီမံကိန်းလုပ်ငန်းများကို သတ်မှတ်ချိန်ကာလအတွင်း ပြီးစီးရေးတို့နှင့်စပ်လျဉ်း၍ လိုအပ်သည်များကို မှာကြားလမ်းညွှန်သည်။

ထို့နောက် နိုင်ငံတော်အကြီးအကဲသည် ရှင်းလင်းဆောင် ရှုရပ်မှနေ၍ စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

ရွှေလီ(၃) ရေအားလျှပ်စစ်စီမံကိန်းသည် ကျောက်မဲခရိုင် မိုးမိတ်မြို့၏ မြောက်ဘက် ၁၂မိုင်အကွာ ရွှေလီမြစ်ပေါ်၌ တည်ရှိသည်။ ရွှေလီမြစ်ပေါ်တွင် တမံအဆင့်ဆင့် တည်ဆောက်၍ ရွှေလီမြစ်ရေကို အကျိုးရှိစွာ အသုံးပြုလျက် လျှပ်စစ်ဓာတ်အားများ တိုးတက်ထုတ်လုပ်နိုင်ရန်၊ အထက်ဘက် အပိုင်းရှိ ရွှေလီ(၁)နှင့် ရွှေလီ(၂) ရေအားလျှပ်စစ် ဓာတ်အားပေးစက်ရုံတို့မှ လျှပ်စစ်ဓာတ်အားထုတ်လုပ်ပြီး ကျဆင်းလာသောမြစ်ရေများကို သိုလှောင်၍ လျှပ်စစ်ဓာတ်အားကို တတိယအဆင့်အဖြစ် အပြည့်အဝ ထုတ်လုပ်ရန်တို့အတွက် ရွှေလီ(၃) စီမံကိန်းကို အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာနက တာဝန်ယူတည်ဆောက်လျက်ရှိသည်။

အကြီးစားရေအားလျှပ်စစ်စီမံကိန်း

တမံအမျိုးအစားမှာ RCC ကွန်ကရစ်တမံအမျိုးအစားဖြစ်ပြီး တမံအမြင့် ၃၉၃ပေနှင့် တမံအလျား ပေ ၂၉၅၀ရှိမည် ဖြစ်သည်။ ရေသိုလှောင်နိုင်အားမှာ ဧကပေ ၄၄သိန်းခန့်ရှိသည်။ စက်တပ်ဆင်အင်အားမှာ မဂ္ဂါဝပ် ၁၀၅၀ရှိပြီး တစ်နှစ်လျှင် ပျမ်းမျှလျှပ်စစ်ဓာတ်အား ကီလိုဝပ်နာရီသန်းပေါင်း ၃၅၀၀ခန့် ထုတ်လုပ်နိုင်မည့် နိုင်ငံတော်၏ အကြီးစားရေအားလျှပ်စစ်စီမံကိန်းဖြစ်သည်။

တည်ဆောက်ပြီးသော ရွှေလီ(၁) စီမံကိန်းမှာ ဓာတ်အားမဂ္ဂါဝပ် ၆၀၀ ထုတ်လုပ်နိုင်အားရှိပြီး တည်ဆောက်ဆဲ ရွှေလီ(၂) စီမံကိန်းမှာ ဓာတ်အားမဂ္ဂါဝပ် ၆၄၀ ထုတ်လုပ်နိုင်သည့် စီမံကိန်းဖြစ်သည်။ စီမံကိန်းများကို တည်ဆောက်ပြီးစီးပါက ရွှေလီမြစ်ကြောင်းတစ်လျှောက်၌ ရေအားလျှပ်စစ်စက်ရုံ သုံးရုံ အဆင့်ဆင့် တည်ရှိမည် ဖြစ်သည်။

ကြိုဆို

နိုင်ငံတော်အကြီးအကဲနှင့်အဖွဲ့သည် ရွှေလီ(၃) ရေအားလျှပ်စစ်စီမံကိန်းမှ တစ်ဆင့် ရဟတ်ယာဉ်များဖြင့် မန္တလေးတိုင်း မတ္တရာမြို့နယ်ရှိ အထက်ဆည်တော်ကြီး ရေအားလျှပ်စစ်စီမံကိန်းသို့ မွန်းလွဲပိုင်းတွင် ရောက်ရှိကြရာ တာဝန်ရှိသူများက ကြိုဆိုကြသည်။

ထို့နောက် စီမံကိန်းရှင်းလင်းဆောင်၌ ဝန်[…]
မန္တလေးတိုင်း ပြင်ဦးလွင်ခရိုင် မတ္တရာမြို့နယ[…]
ရေလှောင်တမံ အထက်ဘက်အပိုင်း၌ ရေကူရေလှေ[…]
ရန် စီစဉ်ဆောင်ရွက်ခဲ့မှု၊ အဆိုပါဆည်တော်ကြ[…]
လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌ[…]
ရေအားလျှပ်စစ် ဆက်စပ်အဆောက်အအုံများကို [...]
ဝန်ကြီးဌာနက တည်ဆောက်ရန် တာဝန်ပေးအ[…]
ထုတ်လုပ်ဖြန့်ဖြူးခြင်းလုပ်ငန်းတွင် ပါဝင်ပူးပေါ[…]
ဆောင်ရွက်လိုသည့် တိုင်းရင်းသားကုမ္ပဏီများ[…]
ထူးထရေးဒင်းကုမ္ပဏီလီမိတက်အနေဖြင့် အထ[…]
လျှပ်စစ်စီမံကိန်းကို လွှဲပြောင်းတာဝန်ယူ ဆောင[…]
ရှင်းလင်းတင်ပြသည်။

ယင်းနောက် ထူးထရေးဒင်းကုမ္ပဏီလီမိတက်[…]
ဆည်တော်ကြီး ရေအားလျှပ်စစ်စီမံကိန်းတွင် ပါဝင်ဆေ[…]
စီမံကိန်းအကောင်အထည်ဖော်ရန်အတွက် ကုမ္ပဏီ[…]
ကြိုတင်ပြင်ဆင် ဆောင်ရွက်ထားရှိမှု၊ အထက်ဆည[…]
ဆက်စပ်တည်ဆောက်ရမည့် ရေလွှဲဥမင်၊ ရေပိုလွှဲ၊ [...]
ဥမင်၊ ရေယူမြောင်း စသည့် အဆောက်အအုံမျ[…]
ဆောင်ရွက်ရမည့် လုပ်ငန်းကဏ္ဍများနှင့် နှစ်အ[…]
အကောင်အထည်ဖော် ဆောင်ရွက်မည့်အစီအစဉ်[…]

ဖြည့်စွက်တင်ပြ

ဆက်လက်၍ ကုမ္ပဏီကတာဝန်ယူဆောင်ရွ[…]
ထန်းတပင်မြို့နယ်ရှိ ကျောက်မီးသွေးသုံး ဓာတ်[…]
ကချင်ပြည်နယ် ပူတာအိုခရိုင် မချမ်းဘောမြို့နယ[…]
တောင်ဘက် သုံးမိုင်ခန့်အကွာ ထာခချောင်းပေါ်[…]
ရေအားလျှပ်စစ်စီမံကိန်းအကောင်အထည်ဖော် [...]
ဖြည့်စွက် ရှင်းလင်းတင်ပြသည်။

ရတနာသိင်္ဃတံတား တည်ဆောက်ရေးစီမံက[…]
ဖြတ်၍ တံတားအူကြောင်းရှာဖွေထားမှုကို တွေ[…]

ဗိုလ်ချုပ်မှူးကြီးက တင်ပြချက်များနှင့်စပ်[…]
တည်ဆောက်မည့် အထက်ဆည်တော်ကြီး ပင်မတမံ[…]
တမံအမျိုးအစားဖြစ်၍ ခိုင်ခံ့သေသပ်အောင် ဂ[…]
ကြောင်းဖြင့် မှာကြားသည်။

ထို့နောက် နိုင်ငံတော်အကြီးအကဲသည် စီမံ[…]
တည်ဆောက်ရေးလုပ်ငန်းနှင့် ရေပိုလွှဲတည်ဆောက[…]
စစ်ဆေးပြီး ပြန်လည်ထွက်ခွာသွားသည်။

အထက်ဆည်တော်ကြီး ရေအားလျှပ်စစ်စီ[…]
ပြင်ဦးလွင်ခရိုင် မတ္တရာမြို့နယ်ရှိ လက်ရှိဆည[…]
၃၃မိုင်ခန့်အကွာ၌ တည်ရှိသည်။ နမ့်ပက်ချော[…]
တည်ဆောက်၍ စက်တပ်ဆင်အင်အား ၃၂မဂ္ဂါ[…]
၆၄မဂ္ဂါဝပ်ထုတ်လုပ်နိုင်သော ဓာတ်အားပေးစက[…]
လျှပ်စစ်ဓာတ်အား ကီလိုဝပ်နာရီသန်းပေါင်း ၂[…]
ပေးနိုင်ရန် ရည်ရွယ်တည်ဆောက်နေခြင်းဖြစ်သ[…]

တမံအမျိုးအစားမှာ ကျောက်ဖြည့်တမံအမျ[…]
၂၆၂ပေနှင့် တမံအလျားပေ ၃၄၅၀ရှိမည် ဖြစ်[…]

အကျိုးဖြစ်ထွန်း

အထက်ဆည်တော်ကြီး ရေလှောင်တမံတည[…]
ဓာတ်အား တိုးချဲ့ထုတ်လုပ်နိုင်ရုံသာမက အေ[…]
ရေလှောင်တမံအတွင်း ဝင်ရောက်မည့်နုန်းများကို [...]
ဆည်တော်ကြီးရေလှောင်တမံအတွက် ရေကူရေ[…]
ရေအားလျှပ်စစ်စက်ရုံ၏ လက်ရှိ လျှပ်စစ်ဓာတ[…]
စေခြင်း၊ ရေကြီးမှုအန္တရာယ် ကာကွယ်နိုင်ခြင်း စ[…]
ရရှိစေမည် ဖြစ်သည်။

ထို့နောက် စီမံကိန်းရှင်းလင်းဆောင်၌ ဝန်ကြီး ဗိုလ်မှူးကြီးဇော်မင်းက မန္တလေးတိုင်း ပြင်ဦးလွင်ခရိုင် မတ္တရာမြို့နယ်ရှိ ဆည်တော်ကြီးဘက်စုံ ရေလှောင်တမံ အထက်ဘက်အပိုင်း၌ ရေကူရေလှောင်တမံတစ်ခု တည်ဆောက်ရန် စီစဉ်ဆောင်ရွက်ခဲ့မှု၊ အဆိုပါဆည်တော်ကြီး ရေကူရေလှောင်တမံကို လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက တည်ဆောက်ရန်နှင့် ရေအားလျှပ်စစ် ဆက်စပ်အဆောက်အအုံများကို အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာနက တည်ဆောက်ရန် တာဝန်ပေးအပ်ခဲ့မှု၊ လျှပ်စစ်ဓာတ်အားထုတ်လုပ်ဖြန့်ဖြူးခြင်းလုပ်ငန်းတွင် ပါဝင်ပူးပေါင်း အကောင်အထည်ဖော်ဆောင်ရွက်လိုသည့် တိုင်းရင်းသားကုမ္ပဏီများကို လုပ်ကိုင်ခွင့်ပြုခဲ့ရာ၌ ထူးထရေးဒင်းကုမ္ပဏီလီမိတက်အနေဖြင့် အထက်ဆည်တော်ကြီး ရေအားလျှပ်စစ်စီမံကိန်းကို လွှဲပြောင်းတာဝန်ယူ ဆောင်ရွက်လာမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ထူးထရေးဒင်းကုမ္ပဏီလီမိတက် ဥက္ကဋ္ဌ ဦးတေဇက အထက်ဆည်တော်ကြီး ရေအားလျှပ်စစ်စီမံကိန်းတွင် ပါဝင်ဆောင်ရွက်ရသည့် ရည်ရွယ်ချက်၊ စီမံကိန်းအကောင်အထည်ဖော်ရန်အတွက် ကုမ္ပဏီ၏ လုပ်ငန်းအတွေ့အကြုံနှင့် ကြိုတင်ပြင်ဆင် ဆောင်ရွက်ထားရှိမှု၊ အထက်ဆည်တော်ကြီး ပင်မတမံနှင့်အတူ ဆက်စပ်တည်ဆောက်ရမည့် ရေလွှဲဥမင်၊ ရေပိုလွှဲ၊ ရေယူအဆောက်အအုံ၊ ရေသွယ်ဥမင်၊ ရေယူမြောင်း စသည့် အဆောက်အအုံများ၏ အနေအထား၊ အဓိကဆောင်ရွက်ရမည့် လုပ်ငန်းကဏ္ဍများနှင့် နှစ်အလိုက်စီမံကိန်း လုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်မည့်အစီအစဉ်တို့ကို ရှင်းလင်းတင်ပြသည်။

ဖြည့်စွက်တင်ပြ

ဆက်လက်၍ ကုမ္ပဏီကတာဝန်ယူဆောင်ရွက်လျက်ရှိသည့် ရန်ကုန်တိုင်း ထန်းတပင်မြို့နယ်ရှိ ကျောက်မီးသွေးသုံး ဓာတ်အားပေးစက်ရုံ စီမံကိန်းနှင့် ကချင်ပြည်နယ် ပူတာအိုခရိုင် မချမ်းဘောမြို့နယ် ထန်းဂါးကျေးရွာ၏ အရှေ့တောင်ဘက် သုံးမိုင်ခန့်အကွာ ထာခချောင်းပေါ်တွင် တည်ဆောက်မည့် ထာခရေအားလျှပ်စစ် စီမံကိန်းအကောင်အထည်ဖော် ဆောင်ရွက်မှုအခြေအနေများကို ဖြည့်စွက် ရှင်းလင်းတင်ပြသည်။

ရတနာသိဃ်တံတား တည်ဆောက်ရေးစီမံကိန်းတွင် ဧရာဝတီမြစ်ကို ဖြတ်၍ တံတားအုကြောင်းရာဖွေထားမှုကို တွေ့ရစဉ်။ (သတင်းစဉ်)

ဗိုလ်ချုပ်မှူးကြီးက တင်ပြချက်များနှင့်စပ်လျဉ်း၍ ကုမ္ပဏီအနေဖြင့် တည်ဆောက်မည့် အထက်ဆည်တော်ကြီး ပင်မတမံအမျိုးအစားသည် ကျောက်ဖြည့်တမံအမျိုးအစားဖြစ်၍ ခိုင်ခံ့သေသပ်အောင် ဂရုပြုလုပ်ကိုင်ကြရန် လိုအပ်ကြောင်းဖြင့် မှာကြားသည်။

ထို့နောက် နိုင်ငံတော်အကြီးအကဲသည် စီမံကိန်းရှုရပ်မှနေ၍ ပင်မတမံ တည်ဆောက်ရေးလုပ်ငန်းနှင့် ရေပိုလွှဲတည်ဆောက်ရေးလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးပြီး ပြန်လည်ထွက်ခွာသွားသည်။

အထက်ဆည်တော်ကြီး ရေအားလျှပ်စစ်စီမံကိန်းသည် မန္တလေးတိုင်း ပြင်ဦးလွင်ခရိုင် မတ္တရာမြို့နယ်ရှိ လက်ရှိဆည်တော်ကြီး၏ အထက်ဘက် ၃၃မိုင်ခန့်အကွာ၌ တည်ရှိသည်။ နမ့်ပက်ချောင်းပေါ်တွင် ရေလှောင်တမံ တည်ဆောက်၍ စက်တပ်ဆင်အင်အား ၃၂မဂ္ဂါဝပ်ရှိသည့် စက် နှစ်လုံးဖြင့် ၆၄မဂ္ဂါဝပ်ထုတ်လုပ်နိုင်သော ဓာတ်အားပေးစက်ရုံတည်ဆောက်ပြီး နှစ်စဉ် လျှပ်စစ်ဓာတ်အား ကီလိုဝပ်နာရီသန်းပေါင်း ၂၃၆သန်း ထုတ်လုပ်ဖြန့်ဖြူးပေးနိုင်ရန် ရည်ရွယ်တည်ဆောက်နေခြင်းဖြစ်သည်။

တမံအမျိုးအစားမှာ ကျောက်ဖြည့်တမံအမျိုးအစားဖြစ်ပြီး တမံအမြင့် ၂၆၂ပေနှင့် တမံအလျားပေ ၃၄၅၀ရှိမည် ဖြစ်သည်။

အကျိုးဖြစ်ထွန်း

အထက်ဆည်တော်ကြီး ရေလှောင်တမံတည်ဆောက်ခြင်းဖြင့် လျှပ်စစ်ဓာတ်အား တိုးချဲ့ထုတ်လုပ်နိုင်ရုံသာမက အောက်ဘက်ရှိ ဆည်တော်ကြီးရေလှောင်တမံအတွင်း ဝင်ရောက်မည့်နုန်းများကို တားဆီးထိန်းသိမ်းနိုင်ခြင်း၊ ဆည်တော်ကြီးရေလှောင်တမံအတွက် ရေကူရေဖြည့်ပေးပြီး ဆည်တော်ကြီးရေအားလျှပ်စစ်စက်ရုံ၏ လက်ရှိ လျှပ်စစ်ဓာတ်အားထုတ်လုပ်မှု ပိုမိုနိုင်မာစေခြင်း၊ ရေကြီးမှုအန္တရာယ် ကာကွယ်နိုင်ခြင်း စသည့် အကျိုးဖြစ်ထွန်းမှုများ ရရှိစေမည် ဖြစ်သည်။ **(သတင်းစဉ်)**

ကျောက်ဆည် ရေနားကျောင်းတိုက်အတွင်း ပြန်လည်ပြုပြင်မွမ်းမံပြီးစီးသည့် ဝေရီဇေယျ ရန်အောင်မြင် ကျောက်တိုက် ကျောင်းတော်ကြီး ကျောင်းလွှတ်ပူဇာ

ရေစက်ချအလှူတော်မင်္ဂလာ အခမ်းအနားကျင်းပ

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၊ ဇနီး ဒေါ်ကြိုင်ကြိုင်နှင့် မိသားစုတို့က ဆရာတော်ကြီးများထံ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြစဉ်။ (သတင်းစဉ်)

နေပြည်တော် ဧပြီ ၂၁

မန္တလေးတိုင်း ကျောက်ဆည်မြို့ ဆူးကုန်းရပ်ကွက်ရှိ ရေနားကျောင်းတိုက်အတွင်း ပြန်လည်ပြုပြင်မွမ်းမံပြီးစီးသည့် ဝေရီဇေယျ ရန်အောင်မြင် ကျောက်တိုက် ကျောင်းတော်ကြီး ကျောင်းလွှတ်ပူဇာ ရေစက်ချ အလှူတော်မင်္ဂလာ အခမ်းအနားကို ဧပြီ ၁၈ရက် နံနက် ၉နာရီက အဆိုပါ ကျောင်းတော်ကြီး၌ ကျင်းပရာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင်တို့ တက်ရောက်ကြည်ညိုကြသည်။

တက်ရောက်ကြည်ညို

ရေစက်ချ အလှူတော်မင်္ဂလာ အခမ်းအနားသို့ ကျောက်ဆည်မြို့နယ် အင်ရောင်း မင်းကျောင်း ဆရာတော် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တ အာလောက အမှူးပြုတော်မူသော ဆရာတော် သံဃာတော်များ ကြွရောက်ချီးမြှင့်တော်မူကြပြီး နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီးသူရရွှေမန်း၊ ကာကွယ်ရေးဦးစီးချုပ်(လေ)၊ မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး၊ အမှတ်(၁) စက်မှုဝန်ကြီးဌာနဝန်ကြီး၊ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန ဝန်ကြီး၊ တပ်မတော်အရာရှိကြီးများနှင့် ဌာနဆိုင်ရာ တာဝန်ရှိပုဂ္ဂိုလ်များ၊ တိုင်း၊ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ ကျောက်ဆည်မြို့မှ မြို့မိမြို့ဖများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ အလှူရှင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက် ကြည်ညိုကြသည်။

ရှေးဦးစွာ ကြွရောက်တော်မူကြသည့် ဆရာတော် သံဃာတော်များနှင့် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၊ ဇနီး ဒေါ်ကြိုင်ကြိုင်တို့ အမှူးပြုသော ပရိသတ်များက နမောတဿ သုံးကြိမ်ရွတ်ဆိုဘုရားကန်တော့၍ အခမ်းအနားကို ဖွင့်လှစ်ကြသည်။

ထို့နောက် ကျောက်ဆည်မြို့ ရေနားကျောင်းတိုက် ပဓာနနာယက ဆရာတော် ဘဒ္ဒန္တတေဇနိယာ လင်္ကာရထံမှ ဗိုလ်ချုပ်မှူးကြီး၊ ဇနီးနှင့် ပရိသတ်များက ကိုးပါးသီလ ခံယူဆောက်တည်ကြသည်။

ဆက်လက်၍ ဆရာတော် သံဃာတော်များ ရွတ်ပွားချီးမြှင့်တော်မူသော ပရိတ်တရားတော်များကို နာယူကြသည်။

ဆက်ကပ်လှူဒါန်း

ထို့နောက် နိုင်ငံတော် အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၊ ဇနီး ဒေါ်ကြိုင်ကြိုင်နှင့်အဖွဲ့ဝင်များက ရေနားကျောင်းတိုက် ပဓာနနာယကဆရာတော် ဘဒ္ဒန္တ တေဇနိယာလင်္ကာရထံ ဝေရီဇေယျ ရန်အောင်မြင်ကျောက်တိုက် ကျောင်းတော်ကြီးအား ဝေရီဇေယျ ဝိဟာရမဟာဒါန မင်္ဂလာဆောင်ရွက်ရာတွင် သာဟတ္ထိကဒါန ကမ္မပထ မြောက်အောင် ဆက်သွယ်ဆောင်ရွက်ပေးသည့် ရွှေကတ္တီပါယပ်တော်ကို ဆက်ကပ်လှူဒါန်းကြပြီး ဆရာတော်ကြီးများထံ လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

အမျှပေးဝေ

ယင်းနောက် ကျောက်ဆည်မြို့နယ် အင်ရောင်း မင်းကျောင်း ဆရာတော် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တ အာလောကထံမှ ဗိုလ်ချုပ်မှူးကြီးနှင့် ဇနီးတို့အမှူးပြုသော ပရိသတ်များက အနုမောဒနာတရားနာယူကြပြီး လှူဒါန်းမှု အစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။

ထို့နောက် ကြွရောက်တော်မူကြသည့် ဆရာတော်သံဃာတော်များနှင့် ပရိသတ်များက ဗုဒ္ဓသာသနံ စိရံ တိဋ္ဌတု သုံးကြိမ်ရွတ်ဆိုဆုတောင်း၍ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

နေ့ဆွမ်းဆက်ကပ်

အခမ်းအနားအပြီးတွင် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၊ ဇနီး ဒေါ်ကြိုင်ကြိုင်နှင့် အဖွဲ့ဝင်များသည် ဆရာတော် သံဃာတော်များအား နေ့ဆွမ်း ဆက်ကပ်လှူဒါန်းကြသည်။

(သတင်းစဉ်)

ကျောက်ဆည်မြို့ ရေနားကျောင်းတိုက်အတွင်း ပြန်လည်ပြုပြင်မွမ်းမံပြီးစီးသည့် ဝေရီဇေယျ ရန်အောင်မြင် ကျောက်တိုက် ကျောင်းတော်ကြီးကို တွေ့ရစဉ်။ (သတင်းစဉ်)

မြဝတီရုပ်မြင်သံကြား

၂၂-၄-၂၀၁၀ (ကြာသပတေးနေ့)

နံနက်ပိုင်း

၇း၀၀	၁။	မြဝတီအဖွင့်
၇း၀၅	၂။	တရားတော်
၇း၁၀	၃။	ဓမ္မပူဇာတေး
၇း၂၀	၄။	မျိုးချစ်တပ်မတော်
၇း၂၅	၅။	မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇း၃၀	၆။	မြန်မာသံစဉ် ချိုနားဝင်
၇း၄၀	၇။	သာယာသီကြွေး ခေတ်ဆန်းတေး
၇း၅၅	၈။	အမျိုးသားရေးတေးကဗျာ
၈း၀၀	၉။	မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀	၁၀။	အမျိုးသားရေးတေးကဗျာ

ညပိုင်း

၄း၀၀	၁။	မြဝတီအဖွင့်
၄း၀၅	၂။	အဖွင့်သီချင်း
၄း၃၀	၃။	မျိုးချစ်တပ်မတော်
၄း၄၀	၄။	အမျိုးသားရေးတေးကဗျာ
၄း၄၅	၅။	မြတ်နိုးကြစေ အမျိုးသားအမွေ
၄း၅၀	၆။	သီဆိုဖြေဖျော် တစ်ကိုယ်တော်
၅း၀၀	၇။	မွေးမြူသုတ
၅း၂၀	၈။	သာယာသီကြွေး ခေတ်ဆန်းတေး
၆း၀၀	၉။	မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၅	၁၀။	အမျိုးသားရေးတေးကဗျာ
၆း၂၀	၁၁။	လျှပ်တစ်ပြက်
၆း၃၀	၁၂။	ထူးဆန်းထွေလာ မျက်လှည့်ပညာ
၆း၄၀	၁၃။	ကာတွန်းအစီအစဉ် **စွန့်စားသူတို့ပျော်စံရာ** (အပိုင်း-၆)
၇း၀၀	၁၄။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ရင်နှစ်သည်းချာ** (အပိုင်း-၂၀)
၈း၀၀	၁၅။	မြဝတီရုပ်မြင်သံကြားသတင်း
	၁၆။	နိုင်ငံတကာသတင်း
	၁၇။	မိုးလေဝသသတင်း
	၁၈။	အမျိုးသားရေးတေးကဗျာ
	၁၉။	ကုန်သွယ်သုတ
	၂၀။	အနုပညာရှင်၏ တစ်နေ့တာ
	၂၁။	ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
	၂၂။	ရသစုံလင် ရုပ်မြင်ဇာတ်လမ်း **ခေတ်တစ်ခေတ်ရဲ့သူရဲကောင်း** (အပိုင်း-၃၉)

ပဉ္စမအကြိမ် မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ညီလာခံကို ဂုဏ်ပြုကြိုဆိုပါသည်

နိုင်ငံတော်က ၁၉၉၃ ခုနှစ် နိုဝင်ဘာလတွင် မြန်မာနိုင်ငံ စာပေလုပ်သားအဖွဲ့ကို စနစ်တကျ ပြန်လည်စုစည်းကာ မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့အဖြစ် အသစ်တစ်ဖန် ပြန်လည်ဖွဲ့စည်းပေးခဲ့သည်။

မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့အဖြစ် အသစ်တစ်ဖန် ပြန်လည်ဖွဲ့စည်းမည့် ပထမအကြိမ်ညီလာခံကို ရန်ကုန်မြို့ ဗိုလ်ချုပ်အောင်ဆန်းလမ်း သူနာပြုတက္ကသိုလ် အစည်းအဝေးခန်းမဆောင်၌ ၁၉၉၃ ခုနှစ် ဒီဇင်ဘာလ ၂၉ရက်နှင့် ၃၀ရက်တို့တွင် ကျင်းပခဲ့သည်။ ညီလာခံ၏ ဒုတိယနေ့ဖြစ်သော ဒီဇင်ဘာလ ၃၀ရက်တွင် နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေကိုယ်တိုင် အဖွဲ့ဝင်များနှင့်အတူ တက်ရောက်ချီးမြှင့်ခဲ့ပါသည်။

မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ ပထမအကြိမ်ညီလာခံက ဆုံးဖြတ်အတည်ပြုပေးခဲ့သော ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းအတိုင်း (၄)နှစ်လျှင်တစ်ကြိမ် ညီလာခံကျင်းပလျက်ရှိပါသည်။ ယင်းညီလာခံမတိုင်မီ မြို့နယ်စာပေနှင့်စာနယ်ဇင်းအဖွဲ့များအလိုက် အမှုဆောင်အသစ်များ ရွေးချယ်တင်မြှောက်ခြင်း၊ ညီလာခံကိုယ်စားလှယ်များ ရွေးချယ်တင်မြှောက်ခြင်းတို့ကို ပြုလုပ်ကြပါသည်။ ဗဟိုက ဦးစီးကျင်းပသော ညီလာခံတွင်လည်း အလားတူ ဗဟိုအမှုဆောင်များကို မဲဆန္ဒဖြင့် ရွေးချယ်ကြပါသည်။ ညီလာခံကျင်းပပြီး ကြားကာလ (၂)နှစ်လျှင်တစ်ကြိမ် ဗဟိုဦးစီးအစည်းအဝေးကို မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်း ဗဟိုအလုပ်အမှုဆောင်ကော်မတီက ဦးစီးကျင်းပ၍ ညီလာခံကချမှတ်ထားသော ရေ့လုပ်ငန်းစဉ်များ အောင်မြင်စွာဆောင်ရွက်နိုင်ရေး ဆွေးနွေးညှိနှိုင်းခြင်း၊ (၂)နှစ်အတွင်း ဆောင်ရွက်ချက်များကို ပြန်လည်သုံးသပ်ခြင်း စသည်တို့ကို ပြုလုပ်ကြသကဲ့သို့ မြို့နယ်စာပေနှင့်စာနယ်ဇင်းအဖွဲ့များကလည်း အလားတူ အစဉ်အလာမပျက် ဆောင်ရွက်ခဲ့ကြပါသည်။

ယခုအခါ မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့၏ ပဉ္စမအကြိမ်ညီလာခံကို မကြာမီတွင် အောင်မြင်စွာကျင်းပရန်အတွက် ပြန်ကြားရေးဝန်ကြီးဌာနဝန်ကြီး၏ကြီးကြပ်မှုနှင့် ပံ့ပိုးကူညီပေးမှုများကိုခံယူလျက် မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်း ဗဟိုအလုပ်အမှုဆောင်အဖွဲ့က လုပ်ငန်းကော်မတီများဖွဲ့စည်းကာ ပြင်ဆင်နေကြပြီ ဖြစ်ပါသည်။

တစ်နိုင်ငံလုံးရှိ မြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့များကလည်း မြို့နယ်အလိုက် စာပေနှင့်စာနယ်ဇင်းအဖွဲ့ညီလာခံများ ကျင်းပကာ မြို့နယ်အလုပ်အမှုဆောင်အဖွဲ့အသစ်များနှင့် ညီလာခံကိုယ်စားလှယ်အသစ်များကို ရွေးချယ်တင်မြှောက်ပြီးစီးခဲ့ကြပြီ ဖြစ်ပါသည်။ ဗဟိုအဖွဲ့ကကျင်းပမည့် ညီလာခံကို တက်ရောက်ရန် အသင့်စောင့်ဆိုင်းနေကြပြီ ဖြစ်ပါသည်။

၂၀၀၈ခုနှစ်၊ ဇွန်လ ၂၈ရက်နေ့က ရန်ကုန်မြို့ ကရဝိက်နန်းတော် ဒက္ခိဏာခန်းမ၌ ကျင်းပခဲ့သော မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ စတုတ္ထညီလာခံ ဗဟိုဦးစီးအစည်းအဝေးတွင် ပြန်ကြားရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက စာပေလောကသားများကို လက်ရှိနိုင်ငံတော်၏ ပကတိအခြေအနေနှင့် စာပေလောကသားများ လိုက်နာဆောင်ရွက်သင့်သည့် အခြေအနေများကို အောက်ပါအတိုင်း အကြံပြုပြောကြားခဲ့ပါသည်။

"ယခုအခါမှာ ပြည်သူတွေလိုလားတဲ့ ဒီမိုကရေစီဖော်ဆောင်ဖို့၊ တိုင်းရင်းသား စည်းလုံးညီညွတ်ရေးရရှိဖို့၊ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်တဲ့ နိုင်ငံတော်ထူထောင်ဖို့အတွက် အန္တရာယ်အကင်းဆုံးနဲ့ အနီးဆုံးအဖြောင့်ဆုံးလမ်းကတော့ အခြေခံဥပဒေနဲ့အညီ ကျွန်တော်တို့တစ်တွေ ဆက်လက်ပြီး ဆောင်ရွက်ဖို့ပဲ ဖြစ်ပါတယ်။ ဒီလိုအခြေခံဥပဒေနဲ့အညီ ဆက်လက်ဆောင်ရွက်နိုင်ဖို့ဆိုရင် ယနေ့ဥပဒေပြင်ပမှာရှိနေတဲ့ ပုဂ္ဂိုလ်တွေ၊ အဖွဲ့အစည်းတွေကိုယ်တိုင်လည်း ဥပဒေအတွင်းကို ဝင်ရောက်လာဖို့၊ ရှိလာဖို့ လိုအပ်ပါတယ်။ အဲဒီလိုရှိလာပြီးတဲ့အခါမှ အနာဂတ်အတွက် ပြင်ဆင်မှုတွေ လုပ်ကြဖို့ လိုအပ်ပါတယ်။"

"ရွေးကောက်ပွဲဥပဒေ၊ နိုင်ငံရေးပါတီဆိုင်ရာ ဥပဒေတွေပေါ်ပေါက်လာပြီးရင် အနာဂတ် ဒီမိုကရေစီ နိုင်ငံတော်ထူထောင်နိုင်ဖို့အတွက် ပါတီတွေ ထူထောင်ခွင့်စသဖြင့် ရကြမှာဖြစ်ပါတယ်။ အဲဒီလမ်းကြောင်းသည်သာလျှင် ပြည်သူတွေလိုလားတဲ့ ဒီမိုကရေစီဖော်ဆောင်မှု၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုနဲ့ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ပြီး အေးချမ်းသာယာတဲ့ နိုင်ငံတော်ထူထောင်ဖို့အတွက် အသင့်မြတ်ဆုံးအကောင်းဆုံးလမ်းဖြစ်ပါတယ်၊ ဒီအပေါ်မှာလည်း စာပေလောကသားများအနေနဲ့ သက်ဆိုင်ရာပုဂ္ဂိုလ်တွေ ကျယ်ကျယ်ပြန့်ပြန့် သိရှိအောင်၊ သဘောပေါက်နိုင်အောင် အမျိုးသားအကျိုးစီးပွားဘက်က ရပ်တည်ပြီးတော့ဆက်လက်ကြိုးပမ်းဆောင်ရွက်ပေးကြရမှာဖြစ်တယ်ဆိုတာကို တိုက်တွန်းပြောကြားလိုပါတယ်။"

"နိဂုံးချုပ်အနေနဲ့ ပြောလိုတာကတော့ စာပေလောကသားများဟာ သြဇာကြီးမားတဲ့ စာပေပိုင်ရှင်များဖြစ်ကြပါတယ်။ အဲဒီလိုသြဇာကြီးမားတဲ့ စာပေပိုင်ရှင်များပီပီ–

- ပြည်သူကို မှန်ကန်တဲ့ အသိပညာများ လက်ဆင့်ကမ်းပေးဝေကြပါ။
- စာပေလောကနဲ့ လောကသားများအကျိုးဆတက်ထမ်းပိုးဆောင်ရွက်ပေးကြပါသည်။
- နိုင်ငံတော်ရဲ့ အမျိုးသားရေးတာဝန်၊ သမိုင်းပေးတာဝန်များကို အမျိုးသားရေးအသိနဲ့ယှဉ်တွဲပြီး ကြိုးပမ်းထမ်းဆောင်ပေးကြပါ။
- တည်ဆောက်သူတို့ရဲ့ ဇွဲ၊ လုံ့လ၊ ဝီရိယများကို အရင်းတည်ပြီး အနာဂတ်ဒီမိုကရေစီနိုင်ငံတော်အတွက် အုတ်တစ်ချပ်၊ သဲတစ်ပွင့်အဖြစ် ပူးပေါင်းဆောင်ရွက်ပေးကြပါ။
- မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့ရဲ့ ညီလာခံ အစည်းအဝေး အောင်မြင်အောင် အားလုံးပူးပေါင်းဆောင်ရွက်ကြပေးကြပါလို့ တိုက်တွန်းရင်း နိဂုံးချုပ်ပါတယ်"ဟု မိန့်ကြားခဲ့ပါသည်။

ပြန်ကြားရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက စာပေလောကသားများကို နိုင်ငံတော်အတွက် ဆောင်ရွက်ရန် မှန်ကန်သောနည်းလမ်း၊ နိုင်ငံတော်သစ်ကြီး ပေါ်ပေါက်ရေးအတွက် စာပေလောကသားများ စာပေလက်နက်ဖြင့် အုတ်တစ်ချပ် သဲတစ်ပွင့်ပမာ ပါဝင်ကြရမည့် အမှန်ကန်ဆုံး နည်းလမ်းများကို မီးမောင်းထိုးအကြံပြုခဲ့ပါသည်။

ယခုအခါ စတုတ္ထအကြိမ်ညီလာခံက စနစ်တကျ (ဒီမိုကရေစီနည်းလမ်းအရ) ရွေးချယ်တင်မြှောက်ခဲ့သော မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်း ဗဟိုအလုပ်အမှုဆောင်များ၏ သက်တမ်းကုန်ဆုံးတော့မည်ဖြစ်၍ ပဉ္စမအကြိမ်ညီလာခံတွင် ဗဟိုအလုပ်အမှုဆောင်သစ်များ ရွေးချယ်တင်မြှောက်ကြကာ ရေ့လုပ်ငန်းများ ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်ကြရတော့မည်ဖြစ်ပါသည်။

မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်းအဖွဲ့တွင် စာရေးဆရာများ၊ သတင်းစာဆရာများ၊ မီဒီယာများစသည့် စာပေလုပ်ငန်းနှင့် ဆက်နွှယ်နေသော ထုတ်လုပ်သူများအလွှာ၊ ဖြန့်ချိသူများအလွှာနှင့် ပုံနှိပ်သူများအလွှာစသည့် အလွှာများပါ စည်းလုံးညီညွတ်စွာ စုစည်းထားပြီးဖြစ်ပါသည်။

မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့ကြီး၏ ဆောင်ပုဒ်ဖြစ်သော "အမျိုးဂုဏ်၊ ဇာတိဂုဏ်၊ စာပေဂုဏ်ကို မြှင့်တင်မည်"ဆိုသည့်အတိုင်း စာပေလောကသားများ အားလုံးတို့သည် မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့၏ ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းအခန်း(၁)မှ (၁၄)ပါ ပြဋ္ဌာန်းချက်များအတိုင်း လိုက်နာကြပြီး ညီလာခံအောင်မြင်အောင် ပူးပေါင်းဆောင်ရွက်သွားကြရန်နှင့် ပြန်ကြားရေးဝန်ကြီးဌာနဝန်ကြီး၏ စတုတ္ထအကြိမ် ညီလာခံဗဟိုဦးစီး အစည်းအဝေးတွင် ပြောကြားခဲ့သောမိန့်ခွန်းပါ ပြည်သူများရွေးချယ်ရမည့် အသင့်မြတ်ဆုံး လမ်းကြောင်းအတိုင်း တိုင်းရင်းသားအားလုံး စည်းလုံးညီညွတ်စွာ ပါဝင်နိုင်ကြရန် စာပေလောကသားများက အုတ်တစ်ချပ်သဲတစ်ပွင့်ပမာ ကလောင်လက်နက်ဖြင့် ပညာပေးစည်းရုံးသွားကြပါဟု တိုက်တွန်းရင်း မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့၏ မကြာမီကျင်းပတော့မည့် ပဉ္စမအကြိမ်ညီလာခံကို ကြိုဆိုဂုဏ်ပြုရင်း တင်ပြလိုက်ရပါသည်။ ။

ခင်မောင်ထွန်း(လမ်းမတော်)

ချန်ပီယံလိဂ် အကြိုဗိုလ်လုပွဲ ပထမအကျော့ အင်တာတို့အနိုင်ရပြီး ဗိုလ်လုပွဲတက်ရန် ဟန်ပြင်

အာကာဟိန်း စုစည်းရေးသည်

ဆန်စီရို ဧပြီ ၂၁

ချန်ပီယံလိဂ်အကြိုဗိုလ်လုပွဲကို ဧပြီ ၂၁ရက်က ယှဉ်ပြိုင်ရာ အင်တာမီလန်နှင့် လက်ရှိချန်ပီယံဘာစီလိုနာတို့ အကြိတ်အနယ်ကစားပြီး အင်တာမီလန်တို့က အိမ်ကွင်းဆန်စီရို၌ သုံးဂိုး-တစ်ဂိုးဖြင့် နိုင်ပွဲရရှိသွားသည်။

ပွဲထွက်

အိမ်ရှင်အင်တာမီလန်တို့က အီတူး၊ ပင်ဒမ်၊ ရှနိုက်ဒါ၊ မီလီတိုနှင့် မိုင်ကွန်တို့ကို အဓိကထားပွဲထွက်ခဲ့သလို ဘာစီလိုနာကလည်း မက်ဆီ၊ အီဗရာဟင်မိုဗစ်ချ်၊ ပီထရို၊ ဆာဗီ၊ ပူယိုး စသည့်ကစားသမားများကို အားပြုကာ ရင်ဆိုင်ခဲ့သည်။ ဘာစီလိုနာသည် အဝေးကွင်းဖြစ်သော်လည်း ဖိဖိစီးစီးကစားနိုင်ခဲ့ရာ ၁၉ မိနစ်၌ အင်တာမီလန် နောက်ခံလူများ၏အမှားကြောင့် ပီထရိုက ဘာစီလိုနာအတွက် ဂိုးသွင်းယူပေးနိုင်ခဲ့သည်။

ချေပဂိုး

သို့သော် အင်တာမီလန်တို့က ချေပဂိုးရရှိရေးကြိုးစားခဲ့ရာ မိနစ်၃၀တွင် မီလီတို ဖြတ်တင်ပေးလိုက်သည့် ဘောလုံးကို ရှနိုက်ဒါက သွင်းယူခဲ့သဖြင့် အင်တာမီလန်တို့ ချေပဂိုးရရှိခဲ့သည်။

အင်တာမီလန်အတွက် ဒုတိယဂိုးကို မိုင်ကွန်(ယာ)က ဤသို့ သွင်းယူခဲ့သည်။ (အင်တာနက်ဓာတ်ပုံ)

သွင်းယူ

အင်တာမီလန်တို့ ချေပဂိုးရရှိပြီးနောက် ဘာစီလိုနာဘက် ထိုးဖောက်ကစားခဲ့ရာ ဒုတိယပိုင်းပွဲအစ ၄၈ မိနစ်၌ မီလီတိုပေးလိုက်သည့် ဘောလုံးမှတစ်ဆင့် မိုင်ကွန်က အင်တာမီလန်အတွက် ဒုတိယဂိုး သွင်းယူပေးနိုင်ခဲ့သည်။

ကာကွယ်

ဘာစီလိုနာတို့ ချေပဂိုးရရှိရေးကြိုးစားရာ မက်ဆီအပါအဝင် တိုက်စစ်မှူးများ ဆန္ဒစောနေသဖြင့် ဂိုးပေါက်မတည့်ဖြစ်ခဲ့သည်။ ဘာစီလိုနာတို့က ကစားကွက်စီးမိပြီး ထိုးဖောက်ကစားနိုင်သော်လည်း အပိုင်ကန်သွင်းမှုငါးကြိမ်ကို အင်တာမီလန် ဂိုးသမား ဆီဇာ ကာကွယ်သွားနိုင်ခဲ့သည်။

တတိယဂိုး

အင်တာမီလန်တို့က ဂိုးသွင်းခွင့် ကိုးကြိမ်ရရှိခဲ့ပြီး အပိုင်ကန်သွင်းခွင့် လေးကြိမ်ရရှိခဲ့ရာ သုံးဂိုးသွင်းယူနိုင်ခဲ့သည်။ အင်တာမီလန်တို့အတွက် တတိယဂိုးကို ၆၁မိနစ်၌ မီလီတိုက သွင်းယူပေးခဲ့သဖြင့် အင်တာမီလန်တို့ သုံးဂိုးရရှိခဲ့ခြင်းဖြစ်သည်။

ရှုံးနိမ့်

ဘာစီလိုနာတို့ ချေပဂိုးများရရှိရေး ကစားအားတင်ခဲ့သဖြင့် အဝါကတ်များ ပလူပျံခဲ့သည်။ ပွဲချိန်ပြည့်သည်အထိ ဘာစီလိုနာတို့ ချေပဂိုးမသွင်းနိုင်ခဲ့သဖြင့် သုံးဂိုး-တစ်ဂိုးဖြင့် ဘာစီလိုနာတို့ ရှုံးနိမ့်ခဲ့ရခြင်းဖြစ်သည်။ လက်ရှိချန်ပီယံ ဘာစီလိုနာတို့ ဒုတိယအကျော့ အိမ်ကွင်း၌ အပြင်းအထန်ကြိုးစားပြီး အနည်းဆုံးနှစ်ဂိုးပြတ် သွင်းနိုင်မှသာ ဗိုလ်လုပွဲသို့ တက်ရောက်နိုင်မည်ဖြစ်သည်။

ပြောကြား

ပွဲအပြီး အင်တာမီလန် နည်းပြ မော်ရင်ဟိုက **"မိမိသည် အပြောနဲ့ ကိုက်ညီအောင် စွမ်းဆောင်တတ်သူတစ်ဦးဖြစ်ကြောင်း"** ပြောကြားခဲ့သည်။ ဘာစီလိုနာ နည်းပြ ဂွာဒီယိုလာကလည်း **"ပြိုင်ပွဲမပြီးဆုံးသေးပါ"** ဟု ပြောကြားသွားသည်။ ။

(အင်တာနက်)

မြောက်ပိုင်းဒေသများ၌ မိုးဆက်လက်ထစ်ချုန်းဖွယ်

နေပြည်တော် ဧပြီ ၂၁

ယနေ့နံနက် ၉ နာရီခွဲအထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်မှာ လွန်ခဲ့သော ၂၄ နာရီအတွင်းက ကချင်ပြည်နယ်တွင် နေရာအနှံ့အပြား၊ ရှမ်းပြည်နယ်နှင့်စစ်ကိုင်းတိုင်းအထက်ပိုင်းတို့တွင် နေရာကျဲကျဲ၊ စစ်ကိုင်းတိုင်းအောက်ပိုင်းနှင့် မန္တလေးတိုင်းတို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာခဲ့ပြီး ကျန်ပြည်နယ်နှင့်တိုင်းတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့သည်။ နေ့အပူချိန်များမှာ ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် မန္တလေးတိုင်းတို့တွင် ဧပြီလ၏ ပျမ်းမျှအပူချိန်တို့ထက် ၃ ဒီဂရီစင်တီဂရိတ်မှ ၄ ဒီဂရီစင်တီဂရိတ်အထိ၊ ရန်ကုန်တိုင်း၊ ဧရာဝတီတိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် ဧပြီလ၏ ပျမ်းမျှအပူချိန်တို့ထက် ၅ ဒီဂရီစင်တီဂရိတ်မှ ၆ ဒီဂရီစင်တီဂရိတ်အထိ ပိုခဲ့ပြီး ကချင်ပြည်နယ်နှင့် စစ်ကိုင်းတိုင်းအထက်ပိုင်းတို့တွင် ဧပြီလ၏ ပျမ်းမျှအပူချိန်တို့အောက် ၈ ဒီဂရီစင်တီဂရိတ် လျော့နည်းခဲ့ကာ ကျန်ဒေသများတွင် ဧပြီလ၏ ပျမ်းမျှအပူချိန်ခန့်သာရှိခဲ့သည်။ မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ ပူတာအိုမြို့တွင် ၂ဒသမ ၁၇ လက်မ၊ မချမ်းဘောမြို့တွင် ၁ ဒသမ ၄၆ လက်မနှင့် မိုးကုတ်မြို့တွင် ၀ ဒသမ ၂၈ လက်မတို့ ဖြစ်ကြသည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်အနောက်တောင်ပိုင်းတို့တွင် တိမ်အနည်းငယ်ဖြစ်ထွန်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် အများအားဖြင့် သာယာမည်။

ဧပြီ ၂၂ ရက် ညနေအထိ ခန့်မှန်းချက်မှာ ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရှမ်းပြည်နယ်နှင့် စစ်ကိုင်းတိုင်းအထက်ပိုင်းတို့တွင် နေရာကျဲကျဲ၊ ရခိုင်ပြည်နယ်၊ စစ်ကိုင်းတိုင်းအောက်ပိုင်း၊ မန္တလေးတိုင်း၊ ရန်ကုန်တိုင်း၊ ဧရာဝတီတိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်ပြီး ကျန်ပြည်နယ်နှင့်တိုင်းတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ မြန်မာနိုင်ငံမြောက်ပိုင်းဒေသများတွင် မိုးဆက်လက် ထစ်ချုန်းရွာမည်။

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာဖွယ်ရှိသည်။ ရွာရန်ရာနှုန်း ၄၀ ဖြစ်သည်။

ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာဖွယ်ရှိသည်။ ရွာရန်ရာနှုန်း ၄၀ ဖြစ်သည်။

မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာဖွယ်ရှိသည်။ ရွာရန်ရာနှုန်း ၄၀ ဖြစ်သည်။

ရှမ်းပြည်နယ်(မြောက်ပိုင်း) စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးအုန်းသွင် မတ် ၂၅ရက်က နမ့်ခမ်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် မော်တော်ယာဉ်များကွဲ့ခိုင်မှုကို ကြည့်ရှုစစ်ဆေးရာ အမှုဆောင်အရာရှိ လက်ထောက်ညွှန်ကြားရေးမှူး ဦးစောမြင့်ထွန်းက ရှင်းလင်းတင်ပြစဉ်။ (၁၂၃)

ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့် ဧရာဝတီတိုင်း ပုသိမ်-သလပ်ခွာ-မော်တင်စွန်း ကားလမ်းကတ္တရာလမ်း အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးစဉ်။ (ဆောက်လုပ်ရေး)

လမ်းများကို ကတ္တရာခင်းရာ၌ စံချိန်စံညွှန်းနှင့်အညီဆောင်ရွက် ကျောက်ဖြည့်ထည့်ရာတွင် သတ်မှတ်ကျောက်အမျိုးအစားများထည့်

နေပြည်တော် ဧပြီ ၂၁

ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့်သည် ဌာနဆိုင်ရာ တာဝန်ရှိသူများလိုက်ပါလျက် ဧပြီ ၁၉ရက် နံနက် ၇နာရီခွဲတွင် ရန်ကုန်မြို့မှ မော်တော်ယာဉ်များဖြင့် ထွက်ခွာပြီး ပုသိမ်မြို့မှတစ်ဆင့် ပုသိမ်-သလပ်ခွာ-မော်တင်စွန်း ကားလမ်း ချောင်းသာလမ်းဆုံ-စိန်တောင်-မော်တင်စွန်းလမ်း ၉၆မိုင်ကို လမ်းလုပ်ငန်း ဆောင်ရွက်သည့် ကုမ္ပဏီ ၁၅ဖွဲ့၊ တံတားတည်ဆောက်ရေးကုမ္ပဏီ နှစ်ဖွဲ့၊ ဆောက်လုပ်ရေးဝန်ကြီးဌာနမှ လမ်းလုပ်ငန်းအဖွဲ့ ၂၁ဖွဲ့နှင့် တံတားတည်ဆောက်ရေးအဖွဲ့ ခြောက်ဖွဲ့တို့ဖြင့် ကတ္တရာလမ်း အဆင့်မြှင့်တင်ခြင်း၊ တံတားများတည်ဆောက်ခြင်းနှင့် ကွန်ကရစ်ရေပြွန်များ ဆောင်ရွက်တည်ဆောက်ခြင်းလုပ်ငန်းများကို ကားလမ်းတစ်လျှောက် ကြည့်ရှုစစ်ဆေးသည်။

သတ်မှတ်စံချိန်စံညွှန်း

ထို့နောက် ဝန်ကြီးသည် ပုသိမ်-သလပ်ခွာ-မော်တင်စွန်းလမ်းအပိုင်း မိုင်တိုင်အမှတ် (၁၇/၄)နှင့် (၁၇/၅) အကြား၌ Myanmar Iwatani LPG Trading Co., Ltd. က ကတ္တရာခင်းခြင်း လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေတို့ကို ကြည့်ရှုစစ်ဆေးပြီး ကတ္တရာခင်းရာ၌ သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ ဆောင်ရွက်ရန်၊ ကျောက်ဖြည့်ထည့်ရာတွင် သတ်မှတ်ကျောက်အမျိုးအစားနှင့် ထုအထူရရှိအောင်ခင်းရန်နှင့် လမ်းလုပ်ငန်းဆိုင်ရာကိစ္စများကို မှာကြားခဲ့သည်။

ဆက်လက်၍ ပုသိမ်-သလပ်ခွာ-မော်တင်စွန်းလမ်းအပိုင်းတွင် Pack Link ကုမ္ပဏီမှ တာဝန်ယူဆောင်ရွက်နေသော လမ်းအပိုင်း၏ မိုင်တိုင်အမှတ်(၁၈/၄)နှင့် (၁၈/၅)အကြား၌ အင်အားဖြည့်ဆောင်ရွက်လျက်ရှိသော ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း မအူပင်ခရိုင်အဖွဲ့က ကတ္တရာဖျန်းစက်ဖြင့် ကတ္တရာခင်းနေမှု အခြေအနေ၊ သပြုချောင်းတံတားတည်ဆောက်ရေးလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေ၊ မိုင်တိုင်အမှတ်(၁၈/၄)မှ (၂၄/၄)အထိ Pack Link Co., Ltd. က ကတ္တရာခင်းခြင်းလုပ်ငန်း၊ ကျောက်ခင်းခြင်းလုပ်ငန်း၊ တံတားများတည်ဆောက်နေမှုနှင့် ကွန်ကရစ် ရေထုတ်ပြွန်များ တည်ဆောက်နေမှု အခြေအနေတို့ကို လမ်းတစ်လျှောက် ကြည့်ရှုစစ်ဆေးပြီး ကွင်းချောင်းတံတား တည်ဆောက်ရေးလုပ်ငန်းခွင်သို့ ရောက်ရှိကာ တံတားတည်ဆောက်ရေး လုပ်ငန်းပြီးစီးမှုတို့ကို လိုက်လံကြည့်ရှုစစ်ဆေးသည်။

ကြည့်ရှုစစ်ဆေး

ယင်းနောက် ဝန်ကြီးသည် ပုသိမ်-သလပ်ခွာ-မော်တင်စွန်းကားလမ်းအပိုင်း မိုင်တိုင်အမှတ် (၅၄/၄)မှ (၆၀/၄)အထိ နိုင်ဂရုကုမ္ပဏီက တာဝန်ယူဆောင်ရွက်နေသော လမ်း၊ တံတားများဆောင်ရွက်နေမှု အခြေအနေ၊ လမ်းပိုင်းအတွင်း ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းက အင်အားဖြည့်ဆောင်ရွက်လျက်ရှိသော မန္တလေးခရိုင်အဖွဲ့၏ လုပ်ငန်းဆောင်ရွက်မှုအခြေအနေတို့ကို လမ်းတစ်လျှောက် ကြည့်ရှုစစ်ဆေးပြီး ညနေပိုင်းတွင် မိုင်တိုင်အမှတ် (၇၂/၄)နှင့် (၇၈/၄)အကြား၌ Y.T.E ကုမ္ပဏီက စက်ယန္တရားများဖြင့် လုပ်ငန်းဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

စာမျက်နှာ ၇ မှ

ဆက်လက်၍ နေပြည်တော်တိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ဝေလွင်က သုံးရက်ပေါင်းရိုက်ချက် (၂၀၉)ချက်ဖြင့် တစ်ဦးချင်း ပထမဆုရကောင်းမြတ်အသင်းမှ သိန်းဇော်မြင့်နှင့် အသင်းလိုက် စုစုပေါင်းရိုက်ချက် (၁၁၀၅)ချက်ဖြင့် ပထမဆုရ တယက (ရန်ကုန်) အသင်းတို့အား ဆုများကို ပေးအပ်ချီးမြှင့်သည်။

ရွှေစင်ရုပ်တု

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်က နေပြည်တော်မဟာသကြၤန် Tour Gold Cup ဂေါက်သီးရိုက်ပြိုင်ပွဲတွင် Royal Myanmar Golf & Country Club ဂေါက်ကွင်း၊ မြို့တော်ဂေါက်ကွင်းနှင့် နေပြည်တော်ဂေါက်ကွင်းတို့၌ ဂေါက်ကွင်းသုံးကွင်း သုံးရက်ပေါင်း ရိုက်ချက်(၁၁၀၅)ချက်ဖြင့် အကောင်းဆုံး အသင်းဆုရ တယက(ရန်ကုန်) အသင်းအား နေပြည်တော်မဟာသကြၤန် Tour Gold Cup ရွှေစင်ရုပ်တုဆုကြီးကို ပေးအပ်ချီးမြှင့်ပြီး ဆုချီးမြှင့်ပွဲအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ **(သတင်းစဉ်)**

ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်ဦး ဒဏ်ရာရ ဝန်ထမ်းများအား ကြည့်ရှုအားပေးစကားပြောကြား

ရန်ကုန် ဧပြီ ၂၁

ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီးနှင့် လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်မောင်ဦးသည် ရန်ကုန်တိုင်းရဲတပ်ဖွဲ့မှူး ရဲမှူးကြီးအောင်ဒိုင်း၊ ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးခင်မောင်ထွန်းနှင့် တာဝန်ရှိသူများလိုက်ပါလျက် ယမန်နေ့တွင် ရန်ကုန်မြို့ ဆိပ်ကမ်းမြို့နယ် ရဲတပ်ဖွဲ့စခန်းသို့ သွားရောက်၍ တပ်ဖွဲ့ဝင်များ စနစ်တကျရှိရေးနှင့် လုံခြုံရေး အထူးဂရုပြုရေးတို့ကို မှာကြားခဲ့သည်။

အားပေးစကားပြောကြား

ထို့နောက် ဝန်ကြီးသည် ရန်ကုန်ပြည်သူ့ဆေးရုံကြီးသို့ သွားရောက်၍ ဗုံးပေါက်ကွဲမှုကြောင့် ဒဏ်ရာရရှိကြသော ပြည်ထဲရေးဝန်ကြီးဌာနအောက်ရှိ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့တို့မှ ဝန်ထမ်းများအား ကြည့်ရှုအားပေးစကားပြောကြားသည်။ **(အောက်ပုံ)**

ကြည့်ရှုစစ်ဆေး

ယင်းနောက် မင်္ဂလာတောင်ညွန့်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ သွားရောက်၍ ရုံးအဆောက်အအုံနေရာချထားမှုတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဧပြီ ၁၇ရက်က အင်းစိန်မြို့နယ် ရွာမအနောက်ရပ်ကွက် မိသားစုများ၏ မဟာသကြၤန်အတွင်း အကြိမ်(၃၀) မြောက် စုပေါင်း စတုဒိသာကျွေးပွဲနှင့် သက်ကြီးပူဇော်ပွဲအခမ်းအနားတွင် ပူဇော်ပွဲဖြစ်မြောက်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးဘိုကြည်(ဒေါက်တာ ဗိုလ်သံမဏိ-တောင်တွင်းကြီး) အမှာစကား ပြောကြားစဉ်။

(မြို့နယ်စာပေနှင့်စာနယ်ဇင်း)

ရန်ကုန်ပြည်သူ့ဆေးရုံကြီးသို့ ရေသန့်နှင့် အလှူငွေများလှူဒါန်း

ရန်ကုန် ဧပြီ ၂၁

ဗုံးပေါက်ကွဲမှုကြောင့် ဒဏ်ရာရရှိကြသူများ၊ အခြားလူနာများနှင့် ရန်ကုန်ပြည်သူ့ဆေးရုံကြီးမှ ကျန်းမာရေးဝန်ထမ်းများအတွက် Sand Thida Trading Co., Ltd.က ထုတ်လုပ်ဖြန့်ဖြူးသည့် KTM အမှတ်တံဆိပ် Ro Drinking Water ရေသန့်ဘူး အလုံးရေ ၅၀၀၀ နှင့် ဆေးရုံအထွေထွေအသုံးစရိတ် ငွေကျပ်တစ်သိန်းတို့ကို အောက်မြန်မာပြည် အထွေထွေမန်နေဂျာ ဦးကောင်းလွင်ဦးနှင့် ကုမ္ပဏီမှ တာဝန်ရှိသူများက ယနေ့နံနက် ၉နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ လာရောက်လှူဒါန်းကြရာ ဆေးရုံအုပ်ကြီး ဒေါက်တာဒေါ်နုနုသာက လက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဒဂုံမြို့သစ် (အရှေ့ပိုင်း) မြို့နယ်၌ စက်ရေတွင်းများ ထပ်မံတူးဖော်မည်

ရန်ကုန် ဧပြီ ၂၁

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းသည် ယနေ့နံနက်ပိုင်းတွင် ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် အမှတ်(၁၃၃)ရပ်ကွက် ရတနာပုံ ၂လမ်း၌ အချင်းခြောက်လက်မရှိ စက်ရေတွင်းတူးဖော်ပြီးစီးမှု၊ သောက်သုံးရေထွက်ရှိမှုနှင့် ရေအရည်အသွေးအခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ကြည့်ရှုစစ်ဆေး

ဆက်လက်၍ မြို့တော်ဝန်သည် ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် အမှတ်(၁၅၆)ရပ်ကွက် ယဿဝတီလမ်းနှင့် မြဝတီလမ်းသွယ်ထောင့်၌ အချင်းခြောက်လက်မရှိ စက်ရေတွင်းတူးဖော်မည့် မြေနေရာကိုလည်းကောင်း၊ အမှတ်(၁၂၅)ရပ်ကွက် မြစံပယ်လမ်းနှင့် မြသီတာလမ်းထောင့်၌ အချင်း ခြောက်လက်မရှိ စက်ရေတွင်းတူးဖော်မည့်မြေနေရာနှင့် မြနန္ဒာလမ်း အဆင့်မြှင့်ရန် လမ်းအမာခံကျောက်များခင်းကျင်းထားရှိမှုတို့ကို လည်းကောင်း သွားရောက်ကြည့်ရှုစစ်ဆေးသည်။

အဆိုပါ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် ပြည်သူများ သောက်သုံးရေရရှိရန် မူလကဂျိုးဖြူရေနှင့် စက်ရေတွင်းခုနစ်တွင်းတို့မှ ဖြန့်ဝေပေးလျက်ရှိရာ ယခုအခါ သောက်သုံးရေ ဖူလုံရေးအတွက် စက်ရေတွင်းသစ်ခုနစ်တွင်းထပ်မံတူးဖော်ရန် လျာထားချက် သတ်မှတ်ထားရှိပြီး စက်ရေတွင်းသစ်တစ်တွင်း တူးဖော်ပြီးစီးကာ ကျန်စက်ရေတွင်းများကို ဆက်လက်တူးဖော်ရန် စီစဉ်လျက်ရှိကြောင်း သိရသည်။ **(သတင်းစဉ်)**

မီးမှန်သမျှ သုံးတတ်က မုချမီးဘေး စဉ်ကင်းဝေး

တရုတ်-အာဆီယံလူငယ်တွေ့ဆုံပွဲ တက်ရောက်ရန် မြန်မာအမျိုးသမီးစီးပွားရေးစွမ်းဆောင်ရှင် အသင်းဝင်များထွက်ခွာ

ရန်ကုန် ဧပြီ ၂၁

တရုတ်ပြည်သူ့သမ္မတနိုင်ငံ နန်နင်းမြို့၌ ဧပြီ ၂၁ရက်မှ ၂၈ရက်အထိ တရုတ်ပြည်သူ့သမ္မတနိုင်ငံလုံးဆိုင်ရာ လူငယ်အဖွဲ့ချုပ် (All China Youth Federation) က ကြီးမှူးကျင်းပမည့် 2010 China- ASEAN Youth Camp အစီအစဉ်သို့ တက်ရောက်ရန် မြန်မာအမျိုးသမီး စီးပွားရေးစွမ်းဆောင်ရှင်များအသင်းမှ အသင်းဝင် ဒေါ်ဝင်းအိခိုင်နှင့် ဒေါ်မိကြည်ကြည်ဟန်တို့သည် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့မှ လေကြောင်းခရီးဖြင့် ထွက်ခွာသွားကြရာ မြန်မာအမျိုးသမီး စီးပွားရေးစွမ်းဆောင်ရှင်များအသင်းမှ အမှုဆောင်များဖြစ်ကြသည့် ဒေါ်ခင်သက်မော်၊ ဒေါ်သင်းသင်းဆက်နှင့် တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြကြောင်း သတင်းရရှိသည်။ **(ဝဲပုံ)** **(သတင်းစဉ်)**

ငါးလုပ်ငန်းအဖွဲ့ချုပ်၌ ဟောပြောပွဲကျင်းပမည်

ရန်ကုန် ဧပြီ ၂၁

မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်နှင့် မြန်မာနိုင်ငံပုစွန်လုပ်ငန်းရှင်များအသင်းတို့၏ ပူးပေါင်းစီစဉ်မှုနှင့် "Diamond City Hyper Mart" ၏ ကူညီပံ့ပိုးမှုဖြင့် ဧပြီ ၂၄ရက် (စနေနေ့) မွန်းလွဲ ၂နာရီတွင် ရန်ကုန်မြို့ အင်းစိန်မြို့နယ် ဘုရင့်နောင်လမ်းရှိ မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ် သီရိအဏ္ဏဝါခန်းမ၌ ပါမောက္ခဒေါက်တာ အောင်ထွန်းသက်က "လူ့အဖွဲ့အစည်းပြောင်းလဲမှု၊ အခွင့်အရေးများနှင့် စိန်ခေါ်မှုများ" ခေါင်းစဉ်ဖြင့် ဟောပြောမည်ဖြစ်၍ စိတ်ပါဝင်စားသူမည်သူမဆို တက်ရောက်နိုင်ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

Champion Construction Materials Co., Ltd.

...မင်္ဂလာအပေါင်းဆောင်သော မင်္ဂလာ နှစ်သစ်ပါ...

Champion မှ Housing & Home appliances များကိုတစ်နှစ်ပတ်လုံးအားပေးခဲ့ကြသော

မိတ်ဟောင်းမိတ်သစ်များ၊ Special promotion တိုင်းမှာ တစ်ခဲနက်ဝယ်ယူခဲ့ကြသော Customer များနှင့်

မြန်မာပြည်သူပြည်သားများ အားလုံး နှစ်သစ်မှာ ကိုယ်စိတ်နှစ်ဖြာ

ကျန်းမာရွှင်လန်း၍ စီးပွားဥစ္စာ ဒီရေအလားတိုးပွားပြီး

လိုရာဆန္ဒများပြည့်ဝကြပါစေလို့ CCM မိသားစုက ဆုတောင်းမေတ္တာပို့သလိုက်ပါတယ်....

နှစ်သစ်ကူး ဆုမွန်လွှာ

မြန်မာတို့ရဲ့ နှစ်သစ်ကူးအခါသမယတွင်
မြန်မာပြည်သူ၊ ပြည်သားများနှင့် မြဝတီဘဏ်၏ မိတ်ဆွေများအားလုံး
ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာပါစေကြောင်းနှင့်
ဘဏ်နှင့် ဆက်သွယ်ဆောင်ရွက်သမျှ အကျိုးဖြစ်ထွန်းပါစေကြောင်း
နှစ်သစ်ဆုမွန်ကောင်း ပို့သအပ်ပါသည်။

မြဝတီဘဏ်လီမိတက်
ဒါရိုက်တာအဖွဲ့နှင့် ဝန်ထမ်းမိသားစု

News Watch (စောင့်ကြည့်)ဂျာနယ် အတွဲ (၅)၊ အမှတ် (၃၉) ထွက်ရှိ

ရန်ကုန် ဧပြီ ၂၁

သင်္ကြန်မှာ အကယ်ဒမီချို့ပြုံး ဘာဖြစ်သွားသလဲ၊ ဆီနီဂေါနိုင်ငံမှာ သောင်တင်နေသော မြန်မာသင်္ဘောသားသုံးဦး ပြန်လည်ရောက်ရှိ၊ ပဲခူးတွင် သင်္ကြန်မဏ္ဍပ်မရှိ၍ လိပ်ပြာကန်ထဲရေဆင်းကူးကာ သင်္ကြန်ကျကျချင်း၊ လောင်းလှေများနှင့် သင်္ကြန်ကျသည့် ရခိုင်ရိုးရာ ခါသင်္ကြန်ပွဲတော်၊ ချင်းမိုင်သင်္ကြန်၊ ဘားအံသင်္ကြန်၊ မဲဆောက်သင်္ကြန်တို့ရဲ့ ထူးခြားချက် သင်္ကြန်ပုံရိပ်များ၊ လေပြင်းတိုက်တဲ့ မန္တလေးသင်္ကြန်၊ သင်္ကြန်တွင် အခမဲ့ပို့ဆောင်ခဲ့တဲ့ ယာဉ်လိုင်း၊ မှတ်တိုင် ၉၀၀ကျော်တွင် ဘတ်စ်ကားလမ်းညွှန် Light Box၊ အဇ္ဈောအနုပညာအဖွဲ့မှ နိုင်ငံတကာအဆင့်မီဟိုတယ်များ၊ ခန်းမများတွင် မြန်မာမှု လှလှပပတင်ဆက်နေ၊ အခွန်မဆောင်သည့် အဖျော်ယမကာ၊ စီးကရက်နှင့် သောက်ရေသန့်များ အရေးယူတော့မည်၊ Rဇာနည်၊ ထွန်းထွန်း၊ နန်းဆုရတီစိုး၊ ဝိုင်းစုခိုင်သိန်း၊ ဖြူဖြူကျော်သိန်း၊ ရတနာမိုင်တို့ သင်္ကြန်မှာ ဘာတွေလုပ်ခဲ့သလဲ၊ သူထူးစံ အင်္ဂလန်မှာ ရုပ်ရှင်ရိုက်မည်၊ မေလမှာ ဂျပန်သွားမည့် ဂျင်နီ၊ အိမ်ဂျယ် မင်းသား၊ ဂျန်ကွမ်ဆု၊ ကျေးဇူးပါပဲစီးရီးမှ ဂျယ်ပော့။

လူ ၁၀၀၀ကျော်သေဆုံးတဲ့ တရုတ်ငလျင်၊ အိုက်စလန်ကျွန်း မီးတောင်ပြာများကြောင့် ရပ်ဆိုင်းထားသည့် ဥရောပလေယာဉ်များ အခြေအနေ၊ ပိုလန်သမ္မတနှင့် ဇနီးသေဆုံးရတဲ့ လေယာဉ်ပျက်ကျမှု၊ တောင်ကိုရီးယားစစ်သင်္ဘော နစ်မြုပ်ရသည့် ကိစ္စ စသည့်လောကဓာတ်ခုံ လူတို့ဘုံမှ သတင်းထွေလာများနှင့် News Watch (စောင့်ကြည့်)ဂျာနယ် အတွဲ (၅)၊ အမှတ် (၃၉) ထွက်ရှိနေပြီဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂၂-၄-၂၀၁၀ (ကြာသပတေးနေ့)

နံနက်ပိုင်း

၅း၀၀ MRTV-4 အဖွင့် Logo၊ ပဌာန်းပါဠိတော် + ဓဇဂ္ဂသုတ်
၅း၁၅ MRTV-4 သတင်း
၆း၀၀ **ဆရာတော် အရှင်ပုညာနန္ဒ** ဟောကြားတော်မူသော တရားတော်
၇း၀၀ MRTV-4 သတင်း
၇း၄၅ MRTV-4 ကာတွန်းအစီအစဉ်
၈း၀၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ကြည်နူးဝေဖြာ မေတ္တာကမ္ဘာ** (အပိုင်း-၈၈)
၈း၃၀ Sports World (Global Football)
၈း၅၅ KOSE ရဲ့ ရောင်စဉ်ဖြာသောနေ့
၉း၀၅ ဘဝဗိမာန်ပေါ်သို့ သက်ဆင်းလာသောကားများ
၉း၂၀ တိရစ္ဆာန်ဥယျာဉ် (နေပြည်တော်)
၉း၅၅ အနုပညာရပ်ဝန်းမှ ရင်ခုန်သံများ **နတ်ဖြစ်ရတဲ့ဒုက္ခ**
၁၀း၂၅ ပင်လယ်ရေထွက်လုပ်ငန်းဖြင့် ဖွံ့ဖြိုးတိုးတက်နေသော ရခိုင်ပြည်နယ်
၁၀း၃၅ စားချင်စဖွယ် နည်းအသွယ်သွယ် (ပင်စိမ်းရန့် ဂေါ်ဖီထုပ်အစာသွတ်နှင့် ကြက်သားလုံးလိုင်ချီးကော်ရည်)
၁၁း၀၅ လူသုံးပစ္စည်းအလေးထားစက်မှု(၁)ရဲ့ စွမ်းပကား [စတီးလ်ပစ္စည်းနှင့် ကြွေရည်စိမ်ပစ္စည်းစက်ရုံ (မင်းစု)]
၁၁း၂၅ ဈေးဝယ်လမ်းညွှန် (မြတ်ပန်းတော်ဝင်)
၁၁း၅၅ ဆီးချိုကြောင့်ဖြစ်သော ကျောက်ကပ်ရောဂါကို ကာကွယ်တားဆီးခြင်း (ပါမောက္ခ ဒေါက်တာစောနောင်)
၁၂း၃၀ Activities in the City [အထက(၂) လမ်းမတော် အာစရိယ ပူဇော်ပွဲ]
၁း၀၀ **ဆရာတော် အရှင်ပုညာနန္ဒ** (ဟောကြားတော်မူသော တရားတော်)
၂း၀၀ MRTV-4 သတင်း
၂း၄၅ Fashion Music Festival (Pop Fashion- 1)
၃း၃၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ကြည်နူးဝေဖြာ မေတ္တာကမ္ဘာ** (အပိုင်း-၈၈)
၄း၀၅ ဘဝဗိမာန်ပေါ်သို့ သက်ဆင်းလာသောကားများ
၄း၂၀ **မပြောမပြီး မတီးမမြည်** နေရဲလင်း၊ မိုးဇော် မောင်မောင်မြင့်၊ ရှင်ဖုန်းသိမ့်ချယ်၊ နိုင်ဆုသွယ် (ဒါရိုက်တာ- မောင်မောင်မြင့်)
၄း၄၀ ပီတိကလိုင် ပန်းကမြိုင်
၄း၅၅ Smart Dictionary အကြောင်း သိကောင်းစရာ
၅း၁၅ KOSE ရဲ့ ရောင်စဉ်ဖြာသောနေ့
၅း၃၅ ဂီတသရုပ်ပြခန်း (Rock United)
၆း၀၀ MRTV-4 သတင်း
၆း၂၀ အနုပညာမိုးကောင်းကင်
၆း၄၅ Fashion Music Festival (Pop Fashion- 1)
၇း၂၀ ဈေးဝယ်လမ်းညွှန် (မြတ်ပန်းတော်ဝင်)
၈း၀၀ MRTV-4 သတင်း
၈း၃၀ တိရစ္ဆာန်ဥယျာဉ် (နေပြည်တော်)
၉း၀၅ အနုပညာမိုးကောင်းကင်
၉း၃၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ကြည်နူးဝေဖြာ မေတ္တာကမ္ဘာ** (အပိုင်း-၈၈)
၁၀း၀၀ အနုပညာရပ်ဝန်းမှ ရင်ခုန်သံများ **နတ်ဖြစ်ရတဲ့ဒုက္ခ**
၁၀း၃၀ ဂီတသရုပ်ပြခန်း (Rock United)
၁၀း၅၅ စားချင်စဖွယ် နည်းအသွယ်သွယ် (ပင်စိမ်းရန့် ဂေါ်ဖီထုပ်အစာသွတ်နှင့် ကြက်သားလုံးလိုင်ချီးကော်ရည်)
၁၁း၂၀ Smart Dictionary အကြောင်း သိကောင်းစရာ
၁၁း၃၅ ဆီးချိုကြောင့်ဖြစ်သော ကျောက်ကပ်ရောဂါကိုကာကွယ်တားဆီးခြင်း (ပါမောက္ခ ဒေါက်တာစောနောင်)
၁၂း၀၅ ကဏ္ဍစုံလင် အားကစားအစီအစဉ်
၁း၀၀ အစီအစဉ်ပြီး။

MRTV-4 အစီအစဉ်ကို ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ရိုးရိုး VHF တီဗွီအင်တင်နာဖြင့် အလွယ်တကူဖမ်းယူကြည့်ရှုနိုင်ပါသည်။ မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။

တွေ့ဆုံပွဲ ကျင်းပမည်

ရန်ကုန် ဧပြီ ၂၁

တပ်တွင်း ဒုရဲအုပ်လောင်းသင်တန်း (၁၇/၉၂)မှ သူငယ်ချင်းများ တွေ့ဆုံမိတ်ဆုံစားပွဲကို ဧပြီ ၃၀ရက် ညနေ ၆နာရီတွင် ဗဟန်းမြို့နယ် အားကစားကွင်းရှိ M3 Food Centre တွင်ကျင်းပမည်ဖြစ်ရာ သင်တန်းဆင်းများ အားလုံး မပျက်မကွက် တက်ရောက်ကြရန် နှိုးဆော်ထားသည်။

(မြန်မာ့အလင်း)

မင်္ဂလာဧည့်ခံပွဲ ကျေးဇူးတင်လွှာ

နေပြည်တော်နေ
ဗိုလ်မှူးချုပ်သန်းဌေး(ဒုတိယဝန်ကြီး၊ စွမ်းအင်ဝန်ကြီးဌာန)-ဒေါ်စိုးဝတ်ရည်တို့၏သား
မောင်အာကာသန်းဌေး
B.A(History)
နှင့်
ရန်ကုန်မြို့နေ
ဦးသက်နှင်း-ဒေါ်လှလှသန်းတို့၏သမီး
မမေဖြူသဲခိုင်
B.A (Business Management) Q

တို့၏ ၇-၄-၂၀၁၀ ရက် (ဗုဒ္ဓဟူးနေ့) ဒက္ခိဏာရုံပရိယတ္တိစာသင်တိုက်တွင် ကျင်းပပြုလုပ်သော မင်္ဂလာမော်ကွန်းတင်အခမ်းအနား၌ လက်မှတ်ရေးထိုးပေးပါသော တရားရုံးချုပ် ဒုတိယညွှန်ကြားရေးမှူး ဒေါ်နန်းစန္ဒာစမ်းအားလည်းကောင်း၊ ၂၀-၄-၂၀၁၀ ရက်(အင်္ဂါနေ့) Sedona Hotel (Grand Ballroom) တွင်ကျင်းပပြုလုပ်သော မင်္ဂလာဧည့်ခံပွဲသို့ ကြွရောက်ချီးမြှင့်ပေးပါသော ဂုဏ်သရေရှိလူကြီးမင်းများ၊ စစ်ဘက်နယ်ဘက်မှ ဌာနဆိုင်ရာအကြီးအကဲများနှင့်ဇနီးများ၊ ဆွေမျိုးမိတ်သင်္ဂဟများအားလည်းကောင်း၊ မင်္ဂလာလက်ဖွဲ့ ပေးပို့ချီးမြှင့်ပေးပါသော ဌာနဆိုင်ရာအကြီးအကဲများအားလည်းကောင်း၊ မင်္ဂလာအောင်စံပယ်ပန်းကုံးနှင့် မင်္ဂလာလက်ထပ်လက်စွပ် ဆင်မြန်းချီးမြှင့်ပေးပါသော ဒုတိယဗိုလ်ချုပ်ကြီးမင်းသိမ်း(ငြိမ်း)နှင့်ဇနီး ဒေါ်ခင်သန်းမြင့်အားလည်းကောင်း၊ မင်္ဂလာပန်းကြဲပေးပါသော မရည်မွန်သန်းဌေး၊ မင်္ဂလာအောင်စံပယ်ပန်းကုံးနှင့် မင်္ဂလာလက်ထပ်လက်စွပ် ဗန်းကိုင်ဆောင်ပေးပါသော မရတနာမျိုးညွန့်၊ သတို့သားအရံ မောင်ရဲဝင့်သန်းဌေးနှင့် မောင်မြတ်ကိုကို၊ သတို့သမီးအရံ မခိုင်ဆုဝေနှင့် မမေဝင့်လျှမ်းမြင့်တို့အားလည်းကောင်း၊ မင်္ဂလာအခမ်းအနားမှူးအဖြစ် ဆောင်ရွက်ပေးပါသော ဦးကျော်စိုးဦး၊ မိတ်ကပ်နှင့် ဆံပင်အလှပြင် ခင်စန်းဝင်းနှင့်အဖွဲ့အားလည်းကောင်း၊ မင်္ဂလာဝတ်စုံဆင်မြန်းပေးသော M & S Fashion & Design မှ မမီးမီးနှင့် မစန်း၊ မေတ္တာဖြင့် လက်ဝတ်ရတနာများ ဆင်မြန်းပေးပါသော Win & San စိန်တိုက်မှ ဦးဝင်းနိုင်-ဒေါ်စန်းစန်း၊ ရွှေဘုရင်စိန်တိုက်မှ ဦးသန့်စင်-ဒေါ်အေးအေးခိုင်၊ ပန်းအလှပြင် Eternal Floral အားလည်းကောင်း၊ ဓာတ်ပုံနှင့် ဗီဒီယိုမှတ်တမ်းတင် ဝဏ္ဏခွာနီးနှင့်အဖွဲ့အားလည်းကောင်း၊ မင်္ဂလာဧည့်ခံပွဲဖိတ်စာများကို စိတ်တိုင်းကျ စီစဉ်ရိုက်နှိပ်ပေးပါသော DAGON ပုံနှိပ်တိုက်အားလည်းကောင်း၊ မင်္ဂလာအခါတော်ပေးသီချင်းအား တီးခတ်သီဆိုပေးပါသော တေးသံရှင် ဒေါ်ရီရီသန့်နှင့်အဖွဲ့၊ မေတ္တာဖြင့် တေးသီချင်းများသီဆိုပေးပါသော သရုပ်ဆောင်အဆိုတော် ဖိုးသောကြာနှင့် ကိုဇင်မင်းခန့်တို့အားလည်းကောင်း၊ အဘက်ဘက်မှ ဝိုင်းဝန်းကူညီပေးကြပါသော မိတ်ဆွေသင်္ဂဟများနှင့် ကိုမျိုးမင်းသွင်အားလည်းကောင်း၊ Sedona Hotel မှ မန်နေဂျာ မလီလီနှင့် ဝန်ထမ်းများအားလည်းကောင်း၊ ကျေးဇူးတင်ထိုက်သူများအားလုံးတို့အားလည်းကောင်း လှိုက်လှဲစွာကျေးဇူးတင်ရှိပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်
မောင်အာကာသန်းဌေး-မမေဖြူသဲခိုင်။

မင်္ဂလာဦးဆုတောင်း

ကိုကို **အာကာ** နှင့် မမ **မေဖြူ** တို့၏ ၂၀-၄-၂၀၁၀ ရက်တွင် ကျင်းပသော မင်္ဂလာဦးမှစ၍ နောင်နှစ်တစ်ရာတိုင် ပျော်ရွှင်ချမ်းမြေ့စွာဖြင့် ဘဝခရီးကို လျှောက်လှမ်းနိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းလျက်-

ညီ၊ ညီမများ-
ပိုးဥ၊ အာနီး၊ ဖိုးလ၊ ဗလ၊ ကိုကို၊ ညီညီ၊ ပိုင်ပိုင်၊ ဖိုးပြည့်၊ ပုံ့ပုံ့။

မွေးနေ့ဆုတောင်း

သားရတနာ မောင်မင်းသန့်ထွန်း(ခ)ကိုမင်း၏ (၅)နှစ်ပြည့် မွေးနေ့မင်္ဂလာရက်မြတ်မှစ၍ နောင်နှစ်ပေါင်းများစွာတိုင်အောင် ကိုယ်၏ကျန်းမာခြင်း၊ စိတ်၏ချမ်းသာခြင်းနှင့်ပြည့်စုံ၍ လိုတိုင်းတ၊ တတိုင်းရတဲ့ဘဝကို ပိုင်ဆိုင်နိုင်ပါစေ-
ဘိုးဘိုး၊ ဘွားဘွား၊ ဖေဖေ၊ မေမေ၊ လေးလေးဇင်တို့ ချမှတ်ပေးသော လမ်းများကို အောင်မြင်စွာ လျှောက်လှမ်းနိုင်သော သားကောင်းရတနာဖြစ်ပါစေ-

ဘိုးဘိုး၊ ဘွားဘွား - ဗိုလ်ကြီးသန်းကြိုင်-
ဒေါ်မြင့်မြင့်အေး(တောင်ငူမြို့)
ဖေဖေ၊ မေမေ - ဗိုလ်ကြီးရဲဝင်းထွန်း-
မမော်မော်ကြိုင်(ကလောမြို့)
လေးလေးဇင် - ဗိုလ်ဇင်မင်းကြိုင်။

ဆေးဆိုင်အများအပြားနှင့် သူနာပြုအကူမြောက်မြားစွာကို မွေးထုတ်ပေးခဲ့သည့်

အောင်ချမ်းမြေ့

ဆေးဝါးကျွမ်းကျင်၊ သူနာပြုအကူသင်တန်း

သင်တန်းအပ်လက်ခံရာနေရာ - အမှတ်(၂၄၉)၊ ပထမထပ်၊ ဗားကရာလမ်း၊ မြေနီကုန်း(တောင်)ရပ်ကွက်၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့။
(မြေနီကုန်း-ဂမုန်းပွင့်ကုန်တိုက်နှင့် ကပ်လျက်)
ဖုန်း-၅၀၄၇၅၀၊ ၅၁၆၈၉၆၊ (Open 7:00am to 9:00pm) ပိတ်ရက်မရှိပါ။

- ပြည်တွင်း၊ ပြည်ပအတွေ့အကြုံရှိ ဝါရင့်ဆေးဝါးကျွမ်းကျင်ပညာရှင်များ၊ သူနာပြုအုပ်(အငြိမ်းစား)များ ဦးစီးသည်။
- အင်္ဂလိပ်၊ မြန်မာနှစ်ဘာသာဖြင့် စာတွေ့၊ လက်တွေ့ သရုပ်ပြသင်ကြားသည်။
- နိုင်ငံခြားဆေးပစ္စည်းဆိုင် ဖွင့်နိုင်ရန်နှင့် ကျွမ်းကျင်သောသူနာပြုအကူဖြစ်စေရန် ပြည့်စုံလုံလောက်သော သင်ရိုးညွှန်းတမ်းစာအုပ်ထုတ်ပေး၍ သင်ကြားမည်။ ဆေးဆိုင်များတွင် လက်တွေ့ဆင်းခြင်း၊ ဆေးခန်းများတွင် လက်တွေ့ဆင်းခြင်းများ ပြုလုပ်ပေးမည်။
- ပြည်တွင်းပြည်ပ အလုပ်အကိုင်ရရှိရန် ကူညီမည်။ သင်တန်းဆင်းသက်သေခံ အောင်လက်မှတ်ထုတ်ပေးမည်။ သန့်ရှင်းသော သင်တန်းခန်းများတွင် တစ်ယောက်ထိုင်ခုံဖြင့် သင်ကြားသည်။ သက်သာသော နှုန်းထားသာယူသည်။ ဘော်ဒါဆောင်ရှိသည်။
- တန်းခွဲသစ်တစ်ခုလျှင် ၂၀သာ သတ်မှတ်ထားသည်။ တယ်လီဖုန်းဖြင့်ကြိုတင်စာရင်းသွင်းထားနိုင်ပါသည်။

"အောင်"ပြီး"ချမ်းမြေ့"မှုတွေရရှိရန် "အောင်ချမ်းမြေ့"ကိုလာခဲ့ပါ။

တစ်လပြတ်အထူးသင်တန်းများ (တစ်ပတ်ငါးရက်သင်)
အပတ်စဉ်(၁၁၆၄) ၂၆-၄-၂၀၁၀ရက်စမည်။(စနေနှင့် တနင်္ဂနွေနားရက်)
အပတ်စဉ်(၁၁၆၅) ၂၈-၄-၂၀၁၀ရက်စမည်။(တနင်္လာနှင့် အင်္ဂါနားရက်)
အပတ်စဉ်(၁၁၆၆) ၃၀-၄-၂၀၁၀ရက်စမည်။
(ဗုဒ္ဓဟူးနှင့် ကြာသပတေးနားရက်)

နှစ်လပြတ်အထူးသင်တန်းများ (တစ်ပတ်နှစ်ရက်သင်)
အပတ်စဉ်(၁၁၆၇) ၂၇-၄-၂၀၁၀ရက်စမည်။ (အင်္ဂါနှင့် ဗုဒ္ဓဟူးသင်)
အပတ်စဉ်(၁၁၆၈) ၂၉-၄-၂၀၁၀ရက်စမည်။
(ကြာသပတေးနှင့် သောကြာသင်)
အပတ်စဉ်(၁၁၆၉) ၁-၅-၂၀၁၀ရက်စမည်။ (စနေနှင့် တနင်္ဂနွေသင်)

သုံးလပြတ်အထူးသင်တန်းများ (တစ်ပတ်တစ်ရက်သင်)
အပတ်စဉ်(၁၁၇၀) ၁-၅-၂၀၁၀ရက်စမည်။ (စနေတစ်ရက်တည်းသာ)
အပတ်စဉ်(၁၁၇၁) ၂-၅-၂၀၁၀ရက်စမည်။
(တနင်္ဂနွေတစ်ရက်တည်းသာ)

အထက်ဖော်ပြပါ လပြတ်သင်တန်းများအတွက် အချိန်ဇယား(နှစ်သက်သည့်အချိန်သာသင်ရန်)

နံနက်ပိုင်း	(I)	9:00 am to 12:00 pm
မွန်းလွဲပိုင်း	(II)	1:30 pm to 4:30 pm
ညနေပိုင်း	(III)	6:00 pm to 8:00 pm

လေးလအထူးသင်တန်း (နိုင်ငံတကာအဆင့်မီ Diploma သင်တန်း)
အပတ်စဉ်(၁၁၇၂) ၄-၅-၂၀၁၀ရက်စမည်။ (တစ်ပတ်လေးရက်သင်)
9:00am to 4:00pm (အင်္ဂါမှ သောကြာ နေ့စဉ်)

မှတ်ချက်။ ။ အထက်ပါလိပ်စာမှလွဲ၍ မည်သည့်နေရာတွင်မှသင်တန်းခွဲမရှိပါ။

ခရီးရောင်းမည်

၅ဒသမ၂ဧက လန/၃၉ကျပြီး၊ မှော်ဘီမြို့နယ်၊ ရန်ကုန်တိုင်း။
ဖုန်း-၀၉-၅၁-၆၀၂၉၆၊
၀၉-၉၉-၂၀၉၅၁။

သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ကျွန်တော်၏ သားဖြစ်သူ မောင်ဝေလင်းထက် ၁၄/ရကန(နိုင်)၁၀၇၄၃၀ သည် မိသားစုအားစိတ်ဆင်းရဲအောင်ပြုလုပ်၍ ခွင့်မလွှတ်နိုင်သည့်ကိစ္စများကို ပြုမူဆောင်ရွက်ပါသဖြင့် သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ **(စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)**

ဖခင်-ဦးခင်စိန် ၁၄/ရကန(နိုင်)၀၇၃၀၅၉။

ရခိုင်ပြည်နယ် ရမ်းဗြဲမြို့နယ် စပါးတုံကျေးရွာအုပ်စု စပါးတုံကျေးရွာ ရောင်နီဦးစာကြည့်တိုက်ဖွင့်ပွဲကို ဇန်နဝါရီ ၂၆ ရက်က ကျင်းပရာ စာထောက်-၃ ဦးမောင်ကြည်၊ လေးတောင်တိုက်နယ် ကျန်းမာရေးဌာနမှ ဒေါက်တာစံလင်းနှင့် စပါးတုံကျေးရွာ အုပ်စုဥက္ကဋ္ဌ ဦးအောင်ဝင်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။
(မြို့နယ် ပြန်/ဆက်)

ကြူးဇက် ကျောင်းသား ကျောင်းသူများ (၁၀)ကြိမ်မြောက် အာစရိယပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲ

ရန်ကုန် ဧပြီ ၂၁

ပြင်ဦးလွင်မြို့ ကြူးဇက်ကျောင်းသားကျောင်းသူဟောင်းများ၏ (၁၀)ကြိမ်မြောက် အာစရိယပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲကို ဧပြီ ၂၄ ရက် (စနေနေ့) ညနေ ၄ နာရီတွင် ပြင်ဦးလွင်မြို့ Royal Diamond ခန်းမ၌ ကျင်းပမည်ဖြစ်သည်။

ဆက်သွယ်လှူဒါန်းနိုင်

ရပ်ဝေးရပ်နီး ကျောင်းသား ကျောင်းသူဟောင်းများ လှူဒါန်းလိုပါက ဦးဝင်းနိုင်-ဒေါ်ဆွေဆွေသန်း (နားကြားကိရိယာ) ဖုန်း-၀၉-၅၁၆၆၄၁၆၊ ဒေါ်ကြည်ကြည်ဝင်း (ရွှေကျီးမုန့်ကွပ်) ဖုန်း-၀၂-၂၇၀၈၅၊ ဦးဇော်ထွဏ်း (လောကနတ်) ဖုန်း-၀၈၅-၂၉၁၉၂နှင့် မောင်မောင်ဦး ဖုန်း-၀၉-၆၈၀၇၆၄၁ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

(မြန်မာ့အလင်း)

ပုလဲရတု ရက်မြတ်မင်္ဂလာ ဆုတောင်းလွှာ

မွေးစဉ်ကမှအစ ယခုလူလားမြောက်သည်အထိ အကောင်းဆုံးစောင့်ရှောက်မှုနှင့် သွန်သင်ဆုံးမမှုများပေးခဲ့ကြသော ပါပါဦးဘညွန့်(မြို့နယ်အခွန်ဦးစီးဌာနမှူး-ငြိမ်း)နှင့် မေမေဒေါ်ခင်ခင်ညို(အလယ်တန်းကျောင်းအုပ်-ငြိမ်း)တို့၏ ၂၀-၄-၂၀၁၀ ရက်တွင် ကျရောက်သော အနှစ်(၃၀)မြောက်ပုလဲရတုရက်မြတ်မင်္ဂလာမှ နောင်နှစ်ပေါင်းများစွာ သားနဲ့အတူ ကျန်းမာပျော်ရွှင်ချမ်းမြေ့စွာဖြင့် လျှောက်လှမ်းနိုင်ကြပါစေဟု ဆုမွန်ကောင်းတောင်းပါသည်-

တစ်ဦးတည်းသောချစ်သား - ဒေါက်တာဇော်ဝင်းထွတ်
လုံးခင်းတိုက်နယ်ဆေးရုံ
ကချင်ပြည်နယ်။

စစ်တွေကောလိပ် ကျောင်းသား ကျောင်းသူဟောင်းများ၏ အာစရိယပူဇော်ပွဲ

စစ်တွေကောလိပ်ကျောင်းသား၊ ကျောင်းသူဟောင်းများ၏ ၁၉၇၃-၁၉၈၇၏ အာစရိယပူဇော်ပွဲ ပညာရည်ချွန်ဆုချီးမြှင့်ပွဲနှင့် မိတ်ဆုံညစာစားပွဲကို ဧပြီ ၃၀ ရက် ညနေ ၄ နာရီတွင် ကန်တော်ကြီး Western Park Lake၌ ကျင်းပမည်ဖြစ်ပါသည်။ ဖိတ်စာမရရှိပါကလည်း ၁၉၇၃-၁၉၈၅ ဆရာ ဆရာမများအနေဖြင့် ကြွရောက်ကြပါရန်နှင့် ကျောင်းသားကျောင်းသူများပါ တက်ရောက်ပူဇော်ကြပါရန် ဖိတ်ခေါ်အပ်ပါသည်။ ၂၀၀၈မှ ၂၀၁၀အထိ တက္ကသိုလ်ဝင်တန်း ခြောက်ဘာသာနှင့် ငါးဘာသာ ဂုဏ်ထူးရရှိသော ကျောင်းသား၊ ကျောင်းသူဟောင်းများ၏ သားသမီးများစာရင်းပေးသွင်းကြပါရန် ဦးရွှေမောင် ဖုန်း-၀၉-၈၅-၀၀၆၃၅၊ ဒေါ်ခိုင်ခိုင်ဇံ ဖုန်း-၀၉-၅၅-၀၂၃၈၃၊ ဦးဇော်အေးမောင် ဖုန်း-၀၉-၅၁-၄၀၄၀၇၊ ဦးစိုးဝင်း ဖုန်း-၆၆၇၁၀၉၊ ဦးစံရွှေမောင် ဖုန်း-၀၉-၈၀-၂၂၇၇၂၊ ဦးဦးလှမြင့် ဖုန်း-၀၉-၅၀-၀၂၈၃၁၊ ဒေါ်လီလီဇံ ဖုန်း-၀၉-၅၀-၁၀၁၉၅၊ ဦးဝင်းရွှေ ဖုန်း-၀၉-၅၁-၇၂၁၃၉၊ ဒေါ်ကျော့မြခင် ဖုန်း-၀၉-၅၀-၀၇၅၅၇၊ ဦးမောင်မောင်ကျော် ဖုန်း-၀၉-၅၁-၇၁၉၅၁၊ ဦးသာထွန်းလှ ဖုန်း-၀၉-၈၅-၃၂၁၁၆၊ ဒေါ်တင်မြင့်ခိုင် ဖုန်း-၃၈၆၈၉၁၊ ဦးကြည်ဝင်း ဖုန်း-၅၅၂၃၈၀တို့သို့ ဆက်သွယ်ကြရန်။

ကျေးဇူးဆပ်ပါမည်

၂၀-၄-၂၀၁၀ ရက် (အင်္ဂါနေ့) ညနေ ၃ နာရီခန့် လမ်းမတော်၊ ၁၂လမ်းဝန်းကျင်တွင် မှတ်ပုံတင်နှင့် C.B ဘဏ် ငွေစုစာအုပ် ကျပျောက်သွားပါသည်။ တွေ့ရှိပါက ဖုန်း-၀၁-၂၁၆၇၄၉၊ ၀၉-၅၀၁၃၆၁၅၊ ၀၉-၅၀၄၈၁၃၀ တို့သို့ ဆက်သွယ်ပေးပါရန်။

တောင်ဥက္ကလာဂေါက်ကလပ်၌ တစ်ချက်တည်းကျင်းဝင်

ရန်ကုန် ဧပြီ ၂၁

ဦးစိုးထွန်း(သန်လျင်)သည် ကစားဖော်များဖြစ်သည့် ဦးစိုးရီ၊ ဦးအောင်စိုးမိုးတို့နှင့်အတူ ဧပြီ၂၁ရက်က တောင်ဥက္ကလာဂေါက်ကလပ်၌ ဂေါက်ရိုက်ကစားစဉ် ကျင်းအမှတ်(၁၅)သို့အရောက် Srixon No.(2) ဘောလုံးကို Taylar Made Wood (5) တုတ်ဖြင့် ရိုက်လိုက်ရာ ၂၀၅ ကိုက် ဝေးသည့်ကျင်းသို့ တစ်ချက်တည်းဖြင့် ကျင်းဝင်သွားခဲ့ကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

မျက်စိဝေဒနာရှင်များ ခွဲစိတ်ကုသရန် အလှူငွေပေးအပ်ပွဲ စဉ့်ကိုင်၌ ကျင်းပ

စဉ့်ကိုင် ဧပြီ ၂၁

စဉ့်ကိုင်မြို့ ချို့တဲ့နွမ်းပါးမျက်စိဝေဒနာရှင်များအား ခွဲစိတ်ကုသရေး အလှူငွေပေးအပ်ပွဲ အခမ်းအနားကို ဧပြီ ၁ ရက် နံနက် ၉ နာရီက မျက်စိစောင့်ရှောက်ရေးသင်တန်းကျောင်း၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးခင်ဇော်က အဖွင့်အမှာစကားပြောကြားပြီး အလှူရှင်ဦးအောင်မြတ်က ငွေကျပ် သိန်း ၃၀ ပေးအပ်လှူဒါန်းရာ မျက်စိအထူးကု ဆရာဝန်ကြီးဒေါ်အေးအေးသွင်က လက်ခံယူပြီး ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

(မြို့နယ် ပြန်/ဆက်)

မီးသုံးခွဲလျှင် သတိယှဉ်
အစဉ်သတိ အမြဲရှိ

ကမ္ဘာတစ်လွှားထူးထူးခြားခြား ကမ္ဘာတစ်လွှားထူးထူးခြားခြား ကမ္ဘာတစ်လွှားထူးထူးခြားခြား ကမ္ဘာတစ်လွှားထူးထူးခြားခြား

မောင်မောင်မြင့်ဆွေ - စုစည်းတင်ပြသည် စာမျက်နှာဖွဲ့စည်းမှု - ခိုင်လွင် (မြန်မာ့အလင်း)

ဆံပင်စုပေါင်းညှပ်သည့် ဦးရေအများဆုံးပွဲ

အမေရိကန်နိုင်ငံ အိုင်အိုဝါပြည်နယ် ဘလုဖ်မြို့တွင် ဧပြီ ၁၀ရက်က အမျိုးသမီး ၆၀၀၀ တို့က တစ်စုတစ်စည်းတည်း စုပေါင်းကာ ဆံပင်ညှပ်သမား ၂၅၀ နှင့် တစ်ချိန်တည်း ဆံညှပ်ခဲ့ကြရာ ကမ္ဘာပေါ်၌ တစ်စုတစ်စည်းတည်း လူအများ ဆုံး ဆံပင်ညှပ်သည့်ပွဲအဖြစ် ဂင်းနက်စ်မှတ်တမ်းတွင် ဖော်ပြခံရသည်။ (ဝဲပုံ)

(အင်တာနက်)



ချောကလက်ဖြင့် ပြုလုပ်ထားသည့် အကြီးဆုံးအဆောက်အအုံ

အီတလီနိုင်ငံ မီလန်မြို့တွင် ကာလို စီလိုရှော့ပင်းမောတွင် ချောကလက်များဖြင့် ပြုလုပ်ထားသော အဆောက်အအုံတစ်ခုမှာ အမြင့် ၄ပေ ၁၁လက်မရှိပြီး အောက်ခြေပတ်လည် အကျယ်အဝန်းမှာ ရှစ်ပေ သုံးလက်မခန့်ရှိကာ အလေးချိန် ၃ဒသမ ၅တန်ရှိသဖြင့် ကမ္ဘာပေါ်၌ ချောကလက်ဖြင့် ပြုလုပ်သော အဆောက်အအုံများတွင် အကြီးဆုံးဖြစ်ကြောင်း ဂင်းနက်စ်မှတ်တမ်း၌ ဖော်ပြခံရသည်။

(ယာပုံ) (အင်တာနက်)

ဈေးအမြင့်ဆုံး ဖောင်တိန်

ဗြိတိန်နိုင်ငံ လန်ဒန်မြို့တွင် မကြာမီက လေလံတင်ရောင်းချခဲ့သော ဖောင်တိန်ဖြစ်သည်။ ရွှေ ၂၀ကရက်နှင့် စိန်ပွင့်လေးများဖြင့် မွမ်းမံတန်ဆာဆင်ထားသည်။ လက်ရာမြောက်သည့် ရွှေကနုတ်ပန်းများကိုလည်း ဖောင်တိန်၏ အဖုံးနှင့် ကိုယ်ထည်တို့၌ သေသပ်လှပစွာ ပြုလုပ်ထားသည်။ ယင်းဖောင်တိန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၇၃၀၀၀၀ သတ်မှတ်ထားရာ ယင်းဈေးဖြင့်ပင် အမေရိကန်နိုင်ငံသားတစ်ဦးက ဝယ်ယူသွားကြောင်း သိရသည်။ ကမ္ဘာပေါ်တွင် တန်ဖိုးအမြင့်ဆုံးဖောင်တိန်အဖြစ် ဂင်းနက်စ်မှတ်တမ်း၌ ဖော်ပြခံရသည်။ (အပေါ်ပုံ) (အင်တာနက်)

ဘဝဒဿန

- *Any person can be won by affection quicker than by hate.*
  မုန်းတီးခြင်းထက် ချစ်ခင်ခြင်းက ပို၍ လျင်မြန်စွာ အကျိုးပြုနိုင်၏။
- *The man who creates good fellowship among men will never be short of friends.*
  ဆက်ဆံရေး ကောင်းမွန်ခြင်းဖြင့် မည်သည့်အခါမျှ မိတ်ဆွေရှားပါးမည် မဟုတ်ချေ။ ***(ချားလ်ဝီလျံ)***

နိုင်ငံတကာသတင်း စုစည်းဘာသာပြန်ဆိုသူများ

တိုး၊ မောင်မောင်ဆွေ၊ မောင်မောင်မြင့်ဆွေ၊ မြင့်မောင်စိုး၊ တင်မာဝင်းနှင့် မြကေခိုင်စိုး

မလေးရှားနိုင်ငံ၏ သမိုင်းကြောင်း

နိုင်ငံတကာ သတင်းအက်ဆေး

မလေးရှားနိုင်ငံသည် ဆယ်စုနှစ်များနှင့်ချီ၍ စက်မှုလက်မှုထွန်းကားခြင်းနှင့် နိုင်ငံရေးတည်ငြိမ်ခြင်းတို့ကြောင့် အရှေ့တောင်အာရှတွင် စီးပွားရေးအခြေအနေကောင်းသည့် နိုင်ငံတစ်နိုင်ငံအဖြစ် ဝင့်ကြွားနိုင်ပေသည်။

လူဦးရေ ၂၇ သန်းခွဲရှိသည့် ၎င်းနိုင်ငံတွင် တိုင်းရင်းသား မလေးလူမျိုးတို့က ၆၀ရာခိုင်နှုန်းပါဝင်ပြီး၊ တရုတ်လူမျိုး ၂၆ရာခိုင်နှုန်းနှင့် အိန္ဒိယ၊ အခြားတိုင်းရင်းသားလူမျိုးစုတို့က ၁၄ ရာခိုင်နှုန်းပါဝင်သည်။

၎င်းနိုင်ငံသည် ကွန်ပျူတာဒစ်၊ ဆီအုန်း၊ ရော်ဘာနှင့် သစ်တို့ကို ကမ္ဘာပေါ်တွင် အများဆုံးထုတ်လုပ်သည့် နိုင်ငံတစ်နိုင်ငံဖြစ်သည်။

ရေလက်ကြား

၎င်းနိုင်ငံသို့ အစ္စလာမ်ဘာသာစတင်အခြေပြုခြင်းမှာ ၁၄ ရာစုနှစ်ကဖြစ်သည်။ ၁၈၂၆ခုနှစ်တွင် ဗြိတိသျှတို့က မလက္ကာ၊ ပီနန်၊ စင်ကာပူတို့ အခြေချနေထိုင်ပြီး ရေလက်ကြားဒေသ ကိုလိုနီကိုထူထောင်သည်။ ထိုမှတစ်ဆင့် မလေးရှားကျွန်းဆွယ်၏ စော်ဘွားနယ်မြေများကို အစောင့်အရှောက်ခံနယ်မြေထူထောင်လိုက်သည်။ ၁၈၉၅ ခုနှစ်တွင် မလေးပြည်နယ်လေးခုကို ဖက်ဒရိတ်တက်မလေးပြည်နယ်များအဖြစ် စုစည်းလိုက်သည်။

၁၉၄၂ ခုနှစ်မှ ၁၉၄၅ ခုနှစ်အထိ ၎င်းနိုင်ငံကို ဂျပန်တပ်များဝင်ရောက်ခဲ့သည်။ ၁၉၄၈ခုနှစ်တွင် ဗြိတိသျှတို့အုပ်ချုပ်သည့် မလေးရှားနယ်မြေများသည် မလေးရှားဖက်ဒရေးရှင်း အလံတော်အောက်တွင် ပေါင်းစည်းလိုက်ကြသည်။

လွတ်လပ်ရေး

၁၉၄၈-၆၀နှစ်များအတွင်းတွင် ကွန်မြူနစ်သူပုန်ကိုနှိမ်နင်းရန် အရေးပေါ်အခြေအနေ ထုတ်ပြန်ကြေညာခဲ့သည်။ ၁၉၅၇ ခုနှစ်တွင် မလေးရှားဖက်ဒရေးရှင်းသည် ဗြိတိသျှလက်အောက်မှ လွတ်လပ်ရေးရရှိသည်။ တွန်ကူးအဗ္ဗဒူရာမန် ဝန်ကြီးချုပ် ဖြစ်လာသည်။ ၁၉၆၃ ခုနှစ်တွင် မလေးရှားဖက်ဒရေးရှင်းတိုးချဲ့ရန် ဆာဘား၊ ဆာရာဝပ်နှင့် စင်ကာပူစသည့် ဗြိတိသျှကိုလိုနီနယ်ပယ်များက မလေးရှားဖက်ဒရေးရှင်းသို့ ဝင်ရောက်ခဲ့သည်။

၁၉၆၅ခုနှစ်တွင် စင်ကာပူနိုင်ငံက ၎င်းနိုင်ငံမှခွဲထွက်သွားသည်။ ၁၉၇၀ ပြည့်နှစ်တွင် ဝန်ကြီးချုပ် အဗ္ဗဒူရာမန်ရာထူးမှနုတ်ထွက်ပြီးနောက် တွန်အဗ္ဗဒူရာဇတ် ဝန်ကြီးချုပ်ဖြစ်လာသည်။ အမျိုးသားတပ်ဦး (ဘီအင်န်)သွန့်ပေါင်းအစိုးရကဖွဲ့စည်းသည်။

ငွေကြေးအကျပ်အတည်း

၁၉၈၁ခုနှစ်တွင် မဟာသီယာမိုဟာမက် ဝန်ကြီးချုပ်ဖြစ်လာသည်။ ၁၉၈၉ခုနှစ်တွင် မလေးရှား ကွန်မြူနစ်သူပုန်များက အစိုးရနှင့် ငြိမ်းချမ်းရေးစာချုပ် ချုပ်ဆိုသည်။ ၁၉၉၇ ခုနှစ်တွင် အာရှငွေကြေး အကျပ်အတည်းကြောင့် ဆယ်စုနှစ်နှင့်ချီ၍ရှိနေသော စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု အဆုံးသတ်သွားခဲ့သည်။

၁၉၉၈ ခုနှစ်တွင် ဝန်ကြီးချုပ်ဒေါက်တာမဟာသီယာမိုဟာမက်က ၎င်း၏အရိုက်အရာ ခံမည့်သူဟု အများကထင်မြင်ယူဆထားသော ဒုတိယဝန်ကြီးချုပ် အန်ဝါအီဘရာဟင်အား ရာထူးမှဖယ်ရှားလိုက်သည်။ ၂၀၀၀ ပြည့်နှစ်တွင် အန်ဝါအီဘရာဟင်မှာ ပြစ်မှုထင်ရှားသည်ဆိုကာ ထောင်ဒဏ်ကိုးနှစ်ကျခံစေရေး ပြစ်ဒဏ်စီရင်လိုက်သည်။

လေကြောင်းပိုင်နက်

၂၀၀၁ခုနှစ် စက်တင်ဘာလတွင် မလေးရှားနှင့် စင်ကာပူနှစ်နိုင်ငံသည် ရေဖြန့်ဖြူးရေးမှသည် လေကြောင်းပိုင်နက်အထိ အကျုံးဝင်သည့် နှစ်နိုင်ငံအငြင်းပွားမှုများကို ဖြေရှင်းသည်။

၂၀၀၂ခုနှစ် ဩဂုတ်လတွင် ပြည်ပမှခိုးဝင်လာသူများအား ကြိမ်ဒဏ်၊ ထောင်ဒဏ်များ ပြဋ္ဌာန်းကာ ဥပဒေများ တင်းကျပ်လိုက်သည်။ ယင်းဥပဒေအရ နိုင်ငံခြားသားအလုပ်သမားများ အစုအပြုံလိုက် ထွက်ခွာသွားကြသည်။

၂၀၀၃ခုနှစ် အောက်တိုဘာလတွင် ၂၂ နှစ်ကြာ နိုင်ငံတော်တာဝန်ထမ်းဆောင်ခဲ့သူ ဝန်ကြီးချုပ် ဒေါက်တာမဟာသီယာမိုဟာမက် ရာထူးမှထွက်လိုက်သည့်အတွက် အဗ္ဗဒူလာအာမက်ဘာဒါဝီ ဝန်ကြီးချုပ် အဖြစ်တာဝန်လွှဲယူသည်။ ၂၀၀၄ခုနှစ် မတ်လ ရွေးကောက်ပွဲတွင် ဝန်ကြီးချုပ် အဗ္ဗဒူလာဘာဒါဝီမဲ အပြတ်အသတ် အနိုင်ရသည်။ ၂၀၀၄ခုနှစ် ဒီဇင်ဘာလတွင် ဆူနာမီဒီလှိုင်းအန္တရာယ်တွင် ပြည်သူများ အသက်ဆုံးရှုံးခဲ့သည်။ ထောင်ပေါင်းများစွာသော တရားမဝင်လာရောက်သူများအား ပြည်နှင်ဒဏ်ပေးရေး အစီအစဉ်လည်း ဆက်လက်အကောင်အထည်မဖော်တော့ပေ။

၂၀၀၇ ခုနှစ် ဖေဖော်ဝါရီလ၌ ဘော်နီယိုကျွန်းပေါ်ရှိ စတုရန်းကီလိုမီတာ ၂၀၀၀၀၀ ရှိ မိုးသစ်တော ထိန်းသိမ်းရေးအတွက် မလေးရှား၊ အင်ဒိုနီးရှားနှင့် ဘရူနိုင်းနိုင်ငံတို့ သဘောတူစာချုပ်ကို လက်မှတ်ရေးထိုးကြသည်။

၂၀၀၉ ခုနှစ် ဇန်နဝါရီလက စီးပွားရေးကျဆင်းနေချိန်တွင် နိုင်ငံသားများ အလုပ်လက်မဲ့ဘဝမရောက်ရေး ကာကွယ်ရန် နိုင်ငံခြားသားအလုပ်သမားများ အသစ်ခန့်ထားရေးကို ပိတ်ပင်လိုက်သည်။ ထိုနှစ်မတ်လတွင် ဒေါ်လာ ၁၆ ဘီလီယံသုံးစွဲသည့် စီးပွားရေးလှုံ့ဆော်မှုစီမံကိန်းကို အစိုးရက ထုတ်ပြန်ကြေညာသည်။ ထိုနှစ်ဧပြီလတွင် ဝန်ကြီးချုပ်ဘာဒါဝီ၏နေရာကို သူ့လက်ထောက်နဂျစ်အဗ္ဗဒူရာဇတ်ဖြင့် အစားထိုးလိုက်သည်။

၂၀၁၀ခုနှစ် ဇန်နဝါရီလ၌ အကြမ်းဖက်မှုစွဲချက်ဖြင့် ဖမ်းဆီးထားသည့် နိုင်ငံခြားသား ကိုးဦးအား ဖေဖော်ဝါရီလတွင် ပြန်လွှတ်ပေးလိုက်သည်။

ခရီးသွားလုပ်ငန်း

ဘာသာရေးကွဲပြားမှု၊ လူမျိုးအလိုက်ဆင်းရဲ ချမ်းသာကွာဟမှုတို့ကြောင့် တည်ငြိမ်မှုရရှိရေးထိန်းသိမ်းရန် အရေးကြီးသည့်အပြင် အဖိုးတန်သစ်တောများ မပြုန်းတီးရေးထိန်းသိမ်းစောင့်ရှောက်ရန်လည်း အရေးကြီးသည်။ သို့မှသာ လှပသည့် ပင်လယ်ကမ်းခြေများနှင့် သာမောဖွယ်သဘာဝရှုခင်းများက ပကတိတည်ရှိပြီး ၎င်းနိုင်ငံ၏ ခရီးသွားလုပ်ငန်းမှာ အစဉ်တိုးတက်နေမည်ဖြစ်ပေသည်။ ။

ကိုးကား - အင်တာနက် **တိုး-ရေးသားသည်**

လူဦးရေ ၂၇ သန်းခွဲရှိသည့် ၎င်းနိုင်ငံတွင် တိုင်းရင်းသား မလေးလူမျိုးတို့က ၆၀ ရာခိုင်နှုန်းပါဝင်ပြီး၊ တရုတ်လူမျိုး ၂၆ ရာခိုင်နှုန်းနှင့် အိန္ဒိယ၊ အခြားတိုင်းရင်းသားလူမျိုးစုတို့က ၁၄ ရာခိုင်နှုန်းပါဝင်။

မိုးဆမ်းပန်းတို့လန်းရာမြေ ပွင့်သောပန်းတိုင်း မွှေးတဲ့မြေ(ပြည်)

သတင်းဆောင်းပါး-ခင်စန်းဝင့်(လားရှိုး)
စာမျက်နှာဖွဲ့စည်းမှု-ဝင်းချို(မြန်မာ့အလင်း)

ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့ အိမ်တွင်းမှုသက်မွေးလုပ်ငန်း ပညာသင်တန်းကျောင်းသည် ရှမ်းပြည်နယ်(မြောက်ပိုင်း)အတွင်းရှိ တိုင်းရင်းသူအမျိုးသမီးငယ်များအား အသက်မွေးဝမ်းကျောင်း ပညာတစ်ရပ်ဖြစ်သည့် အချက်အပြုတ်၊ အချုပ်၊ အလုပ်၊ လူမှုပေါင်းသင်းဆက်ဆံရေးပညာရပ်များကို သင်ကြားပေးနေသော ပန်းဥယျာဉ်ကြီးဖြစ်ပါသည်။

ဥယျာဉ်မှူး ကျောင်းအုပ်ဆရာမကြီးနှင့် နည်းပြဆရာမများက သင်ကြားပေးလိုက်သော အိမ်တွင်းမှု အတတ်ပညာများဖြင့် မိမိဘဝရပ်တည်နိုင်ရေး၊ မိမိမိသားစုအား တစ်ဖက်တစ်လမ်းမှ အထောက်အပံ့ဖြစ်ရေးစသည့် အကျိုးကျေးဇူးများရရှိစေသဖြင့် သင်တန်းတက်ရောက် သင်ကြားသူတိုင်းသည် မိုးနှင်းစက်တို့ ထိတွေ့သည့် ပန်းအဖူး၊ အငုံလေးများနှင့်တူပြီး သင်တန်းပြီးမြောက်အောင် တက်ရောက်ပြီး၍ မိမိနေရပ်ဒေသတွင် မိမိတတ်ထားသော အတတ်ပညာဖြင့် သမာအာဇီဝ မျှတသည့် အသက်မွေးဝမ်းကျောင်းမှု ပြုလုပ်ကာ ဣန္ဒြေရရလုပ်ကိုင် စားသောက်နိုင်သဖြင့် ပွင့်လာသော ပန်းကလေးတိုင်း မွှေးပျံ့လျက်ရှိကြပါသည်။

အဆိုပါ သင်တန်းကျောင်းကို နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေး လုပ်ငန်းကော်မတီက နယ်စပ်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းတစ်ရပ်အနေဖြင့် တည်ထောင်ဖွင့်လှစ်ခဲ့ခြင်း ဖြစ်သည်။ အိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာ သင်တန်းကျောင်း၏ ရည်ရွယ်ချက်များမှာ နယ်စပ်ဒေသရှိ တိုင်းရင်းသူလေးများကို အိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာရပ်များ သင်ကြားပေးရန်နှင့် သင်ကြားတတ်မြောက်သည့် အသက်မွေးဝမ်းကျောင်း ပညာရပ်များဖြင့် ကိုယ်ပိုင်စီးပွားရေး ထူထောင်နိုင်သည်အထိ ကူညီဆောင်ရွက်ပေးရန်၊ ကိုယ်ပိုင်စီးပွားရေးလုပ်ငန်း လုပ်ကိုင်ခြင်းဖြင့် စားဝတ်နေရေး ဘက်စုံတိုးတက်ပြီး လူနေမှု အဆင့်အတန်း တိုးတက်မြင့်မားလာစေရန်၊ အမျိုးဂုဏ်၊ ဇာတိဂုဏ်စောင့်ထိန်းပြီး အကျင့်စာရိတ္တကောင်းမွန်သည့် အမျိုးသမီးများ ဖြစ်လာစေရန်၊ တိုင်းချစ်ပြည်ချစ်၊ မျိုးချစ်စိတ် အစဉ်ရှင်သန်ထက်မြက်နေသည့် အမျိုးသမီးလေးများ ဖြစ်လာစေရန်၊ ရိုးရာယဉ်ကျေးမှု အိမ်တွင်းမှုအတတ်ပညာများ ပိုမိုထွန်းကားပြန့်ပွားလာစေရန် တို့ဖြစ်ပါသည်။ ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုး အိမ်တွင်းမှု သင်တန်းကျောင်းမှ သင်ကြားအမှတ်စဉ် (၁)မှ (၆)အထိလည်းကောင်း ဖွင့်လှစ်သင်ကြားပို့ချပြီးကြောင်း သိရှိရသည်။

အဆိုပါ သင်တန်းများသို့ ရှမ်းပြည်နယ်(မြောက်ပိုင်း)ရှိ မြို့နယ်အသီးသီးမှ ကချင်တိုင်းရင်းသူ ၃၄၇ဦး၊ ကရင်တိုင်းရင်းသူ ၁၉ဦး၊ ကယားတိုင်းရင်းသူ နှစ်ဦး၊ ချင်းတိုင်းရင်းသူ ၃၈ဦး၊ ဓနုတိုင်းရင်းသူ ၃၄ဦး၊ ပလောင်တိုင်းရင်းသူ ၂၁၉ဦး၊ လီရှောတိုင်းရင်းသူ ခုနစ်ဦး၊ လားဟူတိုင်းရင်းသူ ၄၆ဦး၊ 'ဝ'တိုင်းရင်းသူ ၇၆ဦး၊ အင်းသားတိုင်းရင်းသူ တစ်ဦး၊ လော်ဝေါ်တိုင်းရင်းသူ နှစ်ဦး၊ ကိုးကန့်တိုင်းရင်းသူ ၅၃ဦး၊ ပအိုဝ်းတိုင်းရင်းသူ နှစ်ဦး၊ ဗမာ ၆၄၃ဦး၊ ရခိုင်တိုင်းရင်းသူ ၁၂ဦး၊ ရှမ်းတိုင်းရင်းသူ ၉၄၂ဦးနှင့် လီဆူးတိုင်းရင်းသူ ၁၃၉ဦးတို့ကို သင်ကြားပေးပြီးဖြစ်၍ ပြည်ထောင်စုဖွား တိုင်းရင်းသားမျိုးနွယ်စုများ၏ သမီးငယ် စုစုပေါင်း ၂၅၈၂ဦးကို အိမ်တွင်းမှု အသက်မွေးဝမ်းကျောင်းပညာရပ်များ တတ်မြောက်အောင် သင်ကြားပေးနိုင်ခဲ့ပြီးဖြစ်သည်။

သင်တန်းတွင် အခြေခံအိမ်တွင်းမှု သင်တန်းမှ စက်ချုပ်အတတ်ပညာ၊ ဇာထိုး၊ ပန်းထိုး လက်မှုသင်တန်း၊ မုန့်လုပ်သင်တန်းနှင့် မြန်မာ့ဟင်းလျာချက်ပြုတ်နည်း၊ သစ်သီးပန်းအလှဖော်နည်းများ သင်ကြား

လားရှိုး အိမ်တွင်းမှုသင်တန်းကျောင်း၏ ကြိမ်သင်တန်းလက်ရာများကို ဤသို့တွေ့ရသည်။

အဆိုပါ အိမ်တွင်းမှုသက်မွေးလုပ်ငန်း ပညာသင်တန်းကျောင်းသည် လားရှိုးမြို့ (၁၂)ရပ်ကွက် နယ်မြေ၅ လားရှိုး-မူဆယ် လမ်းမကြီးပေါ်တွင် တည်ရှိပါသည်။ အိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာ သင်တန်းကျောင်းကို နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန၊ ပညာရေးနှင့်လေ့ကျင့်ရေးဦးစီးဌာန၏ အစီအစဉ်ဖြင့် ၁၉၉၂ ခုနှစ် ဇူလိုင် ၂၀ရက်က စတင်ဖွင့်လှစ်ခဲ့ခြင်းဖြစ်ပါသည်။

ပို့ချပေးသော ပညာရပ်များမှာ အခြေခံအိမ်တွင်းမှုသင်တန်း၊ အဆင့်မြင့် စက်ချုပ်သင်တန်းနှင့် အိမ်တွင်းမှု လက်မှုလုပ်ငန်း (ကြိမ်/ဝါး) သင်တန်းတို့ဖြစ်ပါသည်။

အခြေခံအိမ်တွင်းမှုသင်တန်းကို အမှတ်စဉ်(၁)မှ (၅၂)အထိလည်းကောင်း၊ အဆင့်မြင့်စက်ချုပ်သင်တန်းကို အမှတ်စဉ်(၁)မှ (၂၄)အထိလည်းကောင်း၊ အိမ်တွင်းမှု လက်မှုလုပ်ငန်း (ကြိမ်/ဝါး) သင်တန်းကို ပြသပေးပြီး အဆင့်မြင့်စက်ချုပ်သင်တန်းမှ ခေတ်မီ ဒီဇိုင်းမျိုးစုံဖြင့် ကျားဝတ်၊ မဝတ် အင်္ကျီအမျိုးမျိုး၊ ကုတ်အင်္ကျီအမျိုးမျိုးကို သင်ကြားပေးကြောင်း သိရှိရသည်။ အိမ်တွင်းမှုလက်မှုလုပ်ငန်း (ကြိမ်/ဝါး) သင်တန်းမှ လူအသုံးအဆောင်အမျိုးမျိုး ပြုလုပ်နည်းများကိုသင်ကြားပေးသည်။

အဆိုပါ အိမ်တွင်းမှု သက်မွေးလုပ်ငန်း ပညာသင်တန်းကျောင်း ဖွင့်လှစ်ပို့ချနိုင်ခဲ့

လားရှိုး အိမ်တွင်းမှုသင်တန်းကျောင်းမှ သင်တန်းသူများ၏ လက်ရာများက ဤသို့ လှပသပ်ရပ်လှသည်။

သဖြင့် အရွယ်မရောက်သေးသော တိုင်းရင်းသူအမျိုးသမီးများ၊ အရွယ်ရောက်ပြီး တိုင်းရင်းသူအမျိုးသမီးများ လမ်းမှားသို့ မရောက်တော့ဘဲ ဘဝမှန်၊ လမ်းမှန်ဖြင့် အေးချမ်းတည်ငြိမ်စွာ လျှောက်လှမ်းနိုင်ပြီ ဖြစ်သည်။ ယနေ့ မြန်မာနိုင်ငံသာမက ကမ္ဘာတစ်ဝန်း၌ လူကုန်ကူးခံခဲ့ရမှု ပြဿနာများ ကြီးထွားနေသည့်အတွက် မြန်မာ တိုင်းရင်းသူ အမျိုးသမီးငယ်များ လမ်းမှား မရောက်စေရေး ထိန်းကျောင်းပဲ့ပြင်ပေးသည့် ကျောင်းတော်ကြီးတစ်ခုလည်း ဖြစ်သည်။

အရေးကြီး

မြန်မာအမျိုးသမီးများသည် အမျိုးသားများနှင့် ရင်ပေါင်တန်း၍ ဘဝကို လှုပ်ရှားရန်းကန်နေကြရသော ယခုလို အချိန်အခါမျိုးတွင် ဗဟုသုတနှင့် အသိပညာကြွယ်ဝမှုသည်လည်း အရေးကြီးသည့် အခန်းကဏ္ဍမှ ပါနေသည်။ အိမ်မှုကိစ္စများမှ အစပြု၍ စီးပွားရေးလုပ်ငန်းများကို ဦးဆောင်ဦးရွက်ပြုနေကြရသော အမျိုးသမီးများသည် နိုင်ငံတော်က ချမှတ်ပြဋ္ဌာန်းထားသည့် တည်ဆဲဥပဒေများ၊ အခါအားလျော်စွာ ထုတ်ပြန်ထားသော ညွှန်ကြားချက်ကို သိရှိထားရန်သည်လည်း အရေးကြီးလှပေသည်။ ဤသို့ သိရှိရန်အတွက် စာပေဗဟုသုတ လေ့လာလိုက်စားရန် လိုပါသည်။ သို့မှသာ ဘာလုပ်လုပ် အမှားကင်းပြီး အမှန်မြင်ကြမှာ ဖြစ်သည်။

အမျိုးသမီးငယ်များ လူကုန်ကူးမှုဖြစ်ပွားရသည့် အကြောင်းရင်းနှစ်ချက်ရှိပါသည်။ တွန်းအားပေးခြင်းနှင့် ဆွဲအားဖြစ်ပေါ်စေခြင်းတို့ဖြစ်သည်။ တွန်းအားပေးခြင်းများမှာ ဆင်းရဲမွဲတေခြင်း၊ ပညာအရည်အချင်း ကင်းမဲ့ခြင်း၊ အလုပ်လက်မဲ့ဖြစ်ခြင်း၊ ကျား/မခွဲခြားဆက်ဆံခြင်း၊ မိသားစုအတွင်း ညှဉ်းပန်းနှိပ်စက်မှုခံရခြင်း၊ မိဘများကိုယ်တိုင် ဆင်းရဲကျပ်တည်းမှုဒဏ်ကို မခံနိုင်၍ မဆိုစလောက်ငွေကြေးဖြင့် ရောင်းစားခြင်းတို့ဖြစ်သည်။ ဆွဲအားဖြစ်ပေါ်စေသည့် အကြောင်းရင်းများမှာ အလုပ်အကိုင်၊ အခွင့်အလမ်း ဝင်ငွေရရှိရန် မျှော်လင့်ချက်ပေးခြင်း၊ လူကုန်ကူးသူများသည် လူကုန်ကူးခံရသူများကို တရားမဝင် အလုပ်သမားများအဖြစ် ခိုင်းစေကြခြင်း၊ ဤသို့ ခိုင်းစေခြင်းသည် တရားဝင် အလုပ်သမားများထက် လုပ်ငန်းလည်ပတ်မှုတွင် ထိန်းချုပ်ရန် လွယ်ကူခြင်း၊ စရိတ်စက သက်သာခြင်းတို့ကြောင့်ဖြစ်သည်။

လူကုန်ကူးခံရသော သူများသည် အသတ်ခံရခြင်း၊ လက်ရောက်မှုပြုခံရမှုကြောင့် အပြင်းအထန် ဒဏ်ရာရခြင်း၊ အစားအသောက် ဆေးဝါးဖြတ်တောက်ခံရခြင်း၊ တရားမဝင် အကျဉ်းချခံရမှုကြောင့် အာဟာရချို့တဲ့ခြင်း၊ ကျန်းမာရေးချို့တဲ့ခြင်း၊ လွတ်လပ်စွာ မသွားနိုင်ခြင်း စသည့် ဆုံးရှုံးမှုများ ဖြစ်ပေါ်စေသည်။ လိင်ပိုင်းဆိုင်ရာ ညှဉ်းပန်းနှိပ်စက်မှုများဖြစ်သော အကာအကွယ်မရှိသော ကာမဆက်ဆံခြင်းကြောင့် HIV/AIDS ရောဂါကူးစက်ခြင်း၊ကိုယ်ဝန်ဆောင်မှုကို မလိုလားသဖြင့် အတင်းအကျပ် ကိုယ်ဝန်ပျက်ကျစေသဖြင့် မျိုးပွားစေသော ကိုယ်အင်္ဂါများကို ပျက်စီးစေခြင်း၊ စိတ်ပိုင်းဆိုင်ရာ ညှဉ်းပန်းနှိပ်စက်မှုများဖြစ်သော အထီးကျန်စေခြင်း၊ ကြောက်ရွံ့စေရန် သွေးဆောင်ခြင်း၊ အကြမ်းဖက်မည်ဟု ခြိမ်းခြောက်မှုကြောင့် အထိတ်တလန့်ဖြစ်စေခြင်း၊ မိမိကိုယ်ကို သတ်သေချင်စိတ်ပေါက်ခြင်း၊ စိတ်ကျခြင်းများ ခံစားရရှိစေနိုင်သည်။

ဟောပြော

နိုင်ငံတော်အနေဖြင့်လည်း လူကုန်ကူးမှုကို ထိရောက်စွာ တားဆီးကာကွယ်နိုင်ရန်နှင့် အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုကို မြှင့်တင်နိုင်ရန် လူကုန်ကူးမှု တားဆီးကာကွယ်ရေး ဥပဒေကို ၂၀၀၅ခုနှစ် စက်တင်ဘာ ၁၃ရက်တွင် ပြဋ္ဌာန်းပေးခဲ့ပြီးဖြစ်သည်။ တိုင်းရင်းသားသမီးငယ်လေးများ လူကုန်ကူးမှု မခံရစေရေး မိမိဘဝ အခက်အခဲများကြောင့် လူကုန်ကူး ပွဲစားများ၏ ဖြားယောင်းသွေးဆောင်မှု၊ မက်လုံးပေးမြှူဆွယ်မှုတို့ကို နားမယောင်ကြစေရေး၊ မိမိ တိုင်းပြည်အတွင်း မိမိ မိဘ၊ မိမိ အမျိုးအနွယ်၊ မိမိယဉ်ကျေးမှု ဓလေ့ထုံးစံလွှမ်းမိုးသည့် နေရာ၌သာ သမာအာဇီဝအလုပ်ဖြင့် အသက်မွေးဝမ်းကျောင်း ပြုကြရေးအတွက်လည်း နိုင်ငံတစ်ဝန်း ဟောပြောပို့ချပေးလျက်ရှိသည်။

ဖွံ့ဖြိုးတိုးတက်

သို့ဖြစ်၍ ရှမ်းပြည်နယ် (မြောက်ပိုင်း) လားရှိုးမြို့ အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာသင်တန်းကျောင်းတွင် လာရောက်သင်ကြားတက်ရောက်သူအားလုံး အိမ်တွင်းမှုပညာရပ်များကို ရရှိစေရုံသာမက တိုင်းရင်းသားအချင်းချင်း စည်းလုံးညီညွတ်စွာ နေထိုင်တတ်ခြင်း၊ ဂါရဝတရားရှိခြင်း၊ ဘာသာရေးကိုင်းရှိုင်းခြင်း၊ အမျိုးသားရေးစရိုက်လက္ခဏာများနှင့် အမျိုးသားယဉ်ကျေးမှုဓလေ့ထုံးတမ်းစဉ်လာများကို မပျောက်ပျက်အောင် ထိန်းသိမ်းတတ်ခြင်း၊ တိုင်းတစ်ပါးယဉ်ကျေးမှုကို အထင်မကြီးဘဲ မိမိ အမျိုးသားယဉ်ကျေးမှုကိုသာ တန်ဖိုးထား လေးစားလိုက်နာခြင်းစသည့် ဘက်စုံဖွံ့ဖြိုးတိုးတက်လာနိုင်သော မွှေးရနံ့ကြိုင်သင်းသည့် ရောင်စုံပန်းကလေးများပင် ဖြစ်ပါတော့သည်။ ။ **(မြန်မာ့အလင်း)**

ရေကြည် ကွင်းသုံးဆင့်ကျေးရွာ ခေတ်ဆန်း(၁) စာကြည့်တိုက်ဖွင့်

ရေကြည် ဧပြီ ၂၁

ဧရာဝတီတိုင်း ရေကြည်မြို့နယ် ကွင်းသုံးဆင့်ကျေးရွာ၌ Max Myanmar Co.,Ltd. မှ မတည်လှူဒါန်းငွေကျပ် ၁၀သိန်းနှင့် အများပြည်သူများ စုပေါင်းလှူဒါန်းဆောက်လုပ်သော ခေတ်ဆန်း(၁) စာကြည့်တိုက် အဆောက်အအုံသစ်ဖွင့်ပွဲကို မတ် ၂၃ရက် နံနက် ၁၀နာရီက အဆိုပါစာကြည့်တိုက်၌ ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးစံလှိုင်၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးမှူး ဒေါ်မြစီနှင့် ကျေးရွာဥက္ကဋ္ဌ ဦးအေးမြင့်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။ **(အောက်ပုံ)**

ထို့နောက် မြို့နယ်ဥက္ကဋ္ဌ ဦးစံလှိုင်၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ခရိုင်ဦးစီးအရာရှိ ဦးစန်းဝင်းတို့က အမှာစကားပြောကြားပြီး စာအုပ်အလှူရှင် ၁၄ဦး ကိုယ်စား မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါ်ကြည်ကြည်၊ ဦးဌေးနိုင်(စည်ပင်)၊ ဦးမျိုးဇော်(စိုက်ပျိုးရေး)တို့က လှူဒါန်းရာ စာကြည့်တိုက်မှူး ဦးသိန်းအောင်က လက်ခံယူသည်။

ကုန်ကျ

အဆိုပါ ခေတ်ဆန်း(၁) စာကြည့်တိုက် အဆောက်အအုံကို ငွေကျပ် ၂၁သိန်းကျော် အကုန်အကျခံ ဆောက်လုပ်ခဲ့ကြောင်း သိရသည်။ **(သတင်းစဉ်)**

နေ့ညမဟူ
သတိမူ
ရန်သူမီးကိုသာ

ပုသိမ်မြို့လမ်းများ ကတ္တရာထပ်ပိုးလွှာခင်း

မြို့တွင်းလမ်းများ လမ်းပေါက်မရှိစေရေးအတွက် ပုသိမ်မြို့ မဟာဗန္ဓုလလမ်း အပိုင်းလိုက် ကတ္တရာထပ်ပိုးလွှာခင်းခြင်းလုပ်ငန်းကို အငယ်တန်းအင်ဂျင်နီယာ(၂) ဒေါ်မြင့်မြင့်ဆွေ ကြီးကြပ်ဆောင်ရွက်လျက်ရှိရာ အမှုဆောင်အရာရှိ ဦးအောင်မင်းနိုင်နှင့် လက်ထောက်အင်ဂျင်နီယာ ဦးမျိုးကြည်တို့ ကွင်းဆင်းကြီးကြပ် ဆောင်ရွက်စဉ်။

(သတင်းစဉ်)

အထက(၁)စမ်းချောင်း အာစရိယပူဇော်ပွဲ

အထက(၁)စမ်းချောင်းတွင် ၁၉၈၁ခုနှစ်နောက်ပိုင်း ကျောင်းသား ကျောင်းသူဟောင်းများမှ ပြုလုပ်သော အာစရိယပူဇော်ပွဲကို မေ ၁ရက် နံနက် ၉နာရီမှ မွန်းတည့်၁၂နာရီအထိ ၎င်းကျောင်းခန်းမ၌ကျင်းပမည်ဖြစ်ရာ ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ(အားလုံး) မပျက်မကွက်တက်ရောက်ကြပါရန်နှင့် အလှူငွေလှူဒါန်းလိုပါက သီဟ-ဖုန်း-၀၉-၅၀-၉၃၂၂၈၊ ၅၀၀၆၁၈၊ အောင်မြင့်ဟန် ဖုန်း-၀၉-၅၁-၇၄၀၂၉၊ မောင်မောင်ဇော် ဖုန်း-၀၉-၅၀-၄၉၀၉၆၊ ထွန်းထွန်းနိုင် ဖုန်း-၀၉-၅၁-၂၄၅၉၉၊ မင်းမင်းခိုင် ဖုန်း- ၀၉-၈၀-၃၃၂၂၅၊ စိုးမိုးငြိမ်း ဖုန်း-၀၉-၅၁-၁၃၂၃၄တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ပါသည်။



ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရ
သတ္တုတွင်းဝန်ကြီးဌာန
မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေးလုပ်ငန်း
မြန်မာ့ကျောက်မျက်ရတနာပြတိုက် (နေပြည်တော်)

Tel: (067)067-414184, 067-414223
e-mail-mpe.myr@mptmail.net.mm,
www. myanmarpearl.com

ပြည်တွင်းပုလဲရောင်းချပွဲ

၁။ မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေးလုပ်ငန်းသည် ပြည်တွင်းပုလဲရောင်းချပွဲကို မြန်မာကျပ်ငွေဖြင့် တင်ဒါစနစ်၊ ဈေးပြိုင်စနစ်တို့ဖြင့် ၂၀၁၀ခုနှစ် မေ ၁၃ ရက်မှ ၁၅ရက်အထိ မြန်မာ့ကျောက်မျက်ရတနာပြတိုက် (နေပြည်တော်)တွင် ကျင်းပပါမည်။

၂။ နိုင်ငံသားမည်သူမဆို တက်ရောက်ဝယ်ယူနိုင်ပါသည်။ တင်ဒါတွဲများကို Electronic Card Reader စက်ကို အသုံးပြု၍ တင်ဒါအမှတ်အလိုက် ဖွင့်ဖောက်ကြေညာသွားပါမည်။ ရောင်းချပွဲအစီအစဉ်မှာ အောက်ပါအတိုင်းဖြစ်ပါသည်-

၂၀၁၀ခုနှစ် မေ ၁၃ရက် (ကြာသပတေးနေ့)

(၉း၀၀-၁၇း၀၀)	နာရီ ပုလဲတွဲများပြသကြည့်ရှုခြင်း၊

၂၀၁၀ခုနှစ် မေ ၁၄ရက် (သောကြာနေ့)

(၁၂း၀၀)နာရီ	တင်ဒါအမှတ် (၁) ပိတ်သိမ်းခြင်း၊
(၁၃း၀၀)နာရီ	တင်ဒါအမှတ် (၁) ကြေညာခြင်း၊
(၁၆း၀၀)နာရီ	တင်ဒါအမှတ် (၂) ပိတ်သိမ်းခြင်း၊
(၁၇း၀၀)နာရီ	တင်ဒါအမှတ် (၂) ကြေညာခြင်း၊

၂၀၁၀ခုနှစ် မေ ၁၅ရက် (စနေနေ့)

(၁၁း၀၀)နာရီ	တင်ဒါအမှတ် (၃) ပိတ်သိမ်းခြင်း၊
(၁၂း၀၀)နာရီ	တင်ဒါအမှတ် (၃) ကြေညာခြင်း၊
(၁၂း၀၀)နာရီ	ဈေးပြိုင်စနစ်ဖြင့် စတင်ရောင်းချခြင်း။

မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေးလုပ်ငန်း။

မြန်မာ့အလင်းသတင်းစာကြော်ငြာများ အောက်ပါလိပ်စာများ၌ ထည့်သွင်းနိုင်

ရန်ကုန် ဧပြီ ၂၁

သတင်းနှင့် စာနယ်ဇင်းလုပ်ငန်း မြန်မာ့အလင်းသတင်းစာတွင် ရန်ကုန်မြို့မှ ကြော်ငြာထည့်သွင်းလိုသော ကြော်ငြာရှင်များ ဆက်သွယ်သွားလာမှု လွယ်ကူစေရန်အတွက် လက်ရှိ **အမှတ် ၅၃၊ နတ်မောက်လမ်းသွယ်(၁)၊ ဗဟန်းမြို့နယ်၊ ဖုန်း-၅၄၅၈၃၄**၌ ကြော်ငြာများ နေ့စဉ်လက်ခံနေသည့်အပြင် အထူးအစီအစဉ်ဖြင့် **အမှတ် ၇၇၊ ၅၂လမ်း (မဟာဗန္ဓုလလမ်းထောင့်) ကြေးမုံသတင်းစာတိုက် ဖုန်း-၂၉၉၄၂၇** တွင်လည်း မြန်မာ့အလင်းသတင်းစာကြော်ငြာဌာနကို တိုးချဲ့ဖွင့်လှစ်၍ ကြော်ငြာများ လက်ခံပေးလျက်ရှိပါသည်။ **အထက်ပါ နှစ်နေရာတွင်သာ လာရောက်ထည့်သွင်းကြပါရန် ဖော်ပြအပ်ပါသည်။** **(မြန်မာ့အလင်း)**

ကသစ်ဝိုင်ဓမ္မရိပ်သာ ရွှေရတုပူဇော်ပွဲ ကျင်းပမည်

ပဲခူးမြို့၊ အောင်မင်းခေါင်ကုန်းမြေ၊ ကသစ်ဝိုင်ဓမ္မရိပ်သာကြီးသည် ယခုနှစ်ဆိုလျှင် အနှစ်(၅၀)သို့ပင် ပြည့်ဝင်ခဲ့ပြီဖြစ်ပါသောကြောင့် ရွှေရတုပူဇော်ပွဲ သဘင်ကို(၁၃၇၂ခုနှစ် ကဆုန်လပြည့်ကျော် ၂ရက်) ၂၉-၄-၂၀၁၀ရက် (ကြာသပတေးနေ့)တွင် ခမ်းနားသိုက်မြိုက်စွာ ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ ရပ်ဝေးရပ်နီးမှ တပည့်သံဃာတော်များနှင့် ယောဂီ သူတော်စင်အပေါင်းတို့အား ရွှေရတုသဘင်ကျင်းပရာ ကုန်းတော်မြတ်ဆီသို့ ကြွရောက်ကာ ပူဇော်နိုင်ကြပါရန် လေးမြတ်စွာနိုးဆော်ဖိတ်ကြားအပ်ပါသည်။

လှူဒါန်းပူဇော်လိုကြသော စေတနာရှင်များသည် ပူဇော်ပွဲကျင်းပရာဌာနသို့ ကိုယ်တိုင်ကိုယ်ကျလာရောက်၍ဖြစ်စေ၊ ဖုန်း-၀၅၂-၂၁၇၆၈၊ ၀၉-၈၆-၅၀၉၈၈ တို့သို့ဖြစ်စေ ဆက်သွယ်ကာ လှူဒါန်းပူဇော်နိုင်ကြပါကြောင်း သိစေအပ်ပါသည်။

အကျိုးတော်ဆောင်အဖွဲ့
ကသစ်ဝိုင်ဓမ္မရိပ်သာ၊ အောင်မင်းခေါင်ကုန်းမြေ၊ ပဲခူးမြို့။

အမြန်ပြန်လာပါ

သားလေး— မြတ်ညိုလင်း မင်းအမေအသည်းအသန် ဖြစ်နေသည်။ အဖေကြီးအားလုံးခွင့်လွှတ်သည်။ **ဦးအောင်တင်ညို ၁၂/အစန(နိုင်)၁၃၈၈၄၈။**

အမည်ပြောင်း

အဖဦးလှထွေး၏ သားများဖြစ်ကြသော မြိတ်မြို့ အလက(၁) ပဉ္စမတန်း (A)မှ မောင်ကောင်းမြတ်ကျော်အား မောင်ကောင်းခန့်ကျော်ဟုလည်းကောင်း၊ ဒုတိယတန်း (A)မှ မောင်ရဲကျော်မိုးအား မောင်ဝန်းရန်ကျော်ဟုလည်းကောင်း ခေါ်ပါရန်။
မောင်ကောင်းခန့်ကျော်၊ မောင်ဝန်းရန်ကျော်။

ယာဉ်မှတ်ပုံတင် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် မတလ/၃၃၂၂၈၅ Jiapong 90 ယာဉ်လက်ဝယ်ရှိသူ ဒေါ်အိဖြူခိုင် ၉/ခအဇ(နိုင်) ၀၃၀၂၃၅ က အမည်ပြောင်းလျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။
ကညန၊ ခရိုင်ရုံး (မန္တလေးတောင်ပိုင်း)၊ မန္တလေးမြို့။

တန့်ကြည့်တောင်ဝိပဿနာရိပ်သာ (ရန်ကုန်) (၃၄)ကြိမ်မြောက်အဓိဋ္ဌာန်ပွဲဖွင့်မည်

အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ တန့်ကြည့်တောင်ဆရာတော်ကြီးသည် ရန်ကုန်မြို့သို့ ကြွရောက်၍ သတိပဋ္ဌာန်ဝိပဿနာ ခုနစ်ရက်အဓိဋ္ဌာန်ပွဲ သုံးပတ်ဟောကြားပြသပါမည်။ ပထမပတ် ၂၀၁၀ခုနှစ် မေ ၁ရက် ညနေမှ ၈ရက် နံနက်အထိ၊ ဒုတိယပတ် မေ ၈ရက် ညနေမှ ၁၅ရက် နံနက်အထိ၊ တတိယပတ် မေ ၁၅ရက် ညနေမှ ၂၂ရက် နံနက်အထိ တရားအားထုတ်လိုသော ပုဂ္ဂိုလ်များသည် ရိပ်သာဖုန်း-၆၃၈၀၈၈နှင့် ကပ္ပိယကာရကအဖွဲ့ဝင်များထံ ကြိုတင်စာရင်းပေးနိုင်ကြပါသည်။

မီးကို ကြိုတင်ကာကွယ်မှုဖြင့် အနိုင်ယူပါ

ရေနုတ်မြောင်းတူးဖော်

ကော့သောင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် မြေတူးစက်ဖြင့် ပုလုံးတုံတုံးရွာ အဝင်လမ်း ရေနုတ်မြောင်းတူးဖော်နေမှုကို ဧပြီ ၂ရက်က အမှုဆောင်အရာရှိ ဦးကျော်မိုးလှိုင်နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးအောင်ကိုဦးတို့ ကွင်းဆင်းဆောင်ရွက်ကြစဉ်။ (မြို့နယ်စည်ပင်)

မြို့ရေပေးရေး

ရန်ကုန်တိုင်းစည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးအောင်ကျော်ငြိမ် ဧပြီ၁ရက်က ခရမ်းမြို့နယ်စည်ပင်သာယာရေးအဖွဲ့ မြို့ရေပေးရေးလုပ်ငန်း ပြည်တော်သာကန်ရေစက်ရုံကို ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိနှင့် တာဝန်ခံ အင်ဂျင်နီယာတို့က ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

အားကစားဝန်ကြီးဌာန အားကစားနှင့် ကာယပညာဦးစီးဌာန မြန်မာနိုင်ငံစစ်တုရင်အဖွဲ့ချုပ်နှင့် အားကစားဆပ်ကော်မတီနှင့် အထက(၃) စမ်းချောင်းတို့ ပူးပေါင်းဖွင့်လှစ်သည့် နွေရာသီစစ်တုရင်အားကစားသင်တန်းဆင်းပွဲ၌ မြန်မာနိုင်ငံစစ်တုရင်အဖွဲ့ချုပ်၊ အလုပ်အမှုဆောင်အဖွဲ့ဝင် ပညာပေးရေး၊ လေ့ကျင့်ရေးနှင့်ပြိုင်ပွဲများကျင်းပရေး တာဝန်ခံ ဦးမျိုးမင်းအောင်က သင်တန်းဆင်းလက်မှတ် ပေးအပ်ချီးမြှင့်စဉ်။ (မြန်မာနိုင်ငံစစ်တုရင်အဖွဲ့ချုပ်)

★ တည်ငြိမ်အေးချမ်းမှ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မည်။
★ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

★ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။
★ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။
★ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီ ရနိုင်သည်။

ပြည်သူ့ဆန္ဒ သဘောထား

- တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။
- ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။
- ဆူပူအကြမ်းဖက်မှုကို မလိုလား။
- ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ- ဝိုင်းဝန်းဖယ်ရှား။

☆ VOA, BBC - ရန်တိုက်ပေးနေသည်။
☆ RFA, DVB - သွေးထိုးနေသည်။
☆ ခလောက်ဆန် အကောက်ကြံ
လေလှိုင်းသံ လူသတ်သမား-
နားမယောင်လေနဲ့ သတိထား။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ရွှေလီ(၃) ရေအားလျှပ်စစ်စက်ရုံစီမံကိန်း ရှုရပ်မှနေ၍ စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ရတနာသိဃ်တံတားတည်ဆောက်ရေးစီမံကိန်း၊ ရွှေလီ (၃) ရေအားလျှပ်စစ်စီမံကိန်းနှင့် အထက်ဆည်တော်ကြီး ရေအားလျှပ်စစ်စီမံကိန်း တည်ဆောက်ရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

စီမံကိန်းလုပ်ငန်းများ သတ်မှတ်ချိန်ကာလအတွင်းပြီးစီးရေး ဆောင်ရွက်ကြရန် မှာကြားလမ်းညွှန်

နေပြည်တော် ဧပြီ ၂၁

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် ဧပြီ ၁၆ ရက်က ရတနာသိဃ်တံတား တည်ဆောက်ရေးစီမံကိန်း၊ ရွှေလီ(၃) ရေအားလျှပ်စစ်စီမံကိန်းနှင့် အထက်ဆည်တော်ကြီး ရေအားလျှပ်စစ်စီမံကိန်း တည်ဆောက်ရေးလုပ်ငန်းများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

စာမျက်နှာ ၈ ကော်လံ ၁ ✻